
The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 35 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 3, 2018

# ပို့ကုန်တိုးတက်ရေး၊ အခွန်အခ ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သော ကုန်သွယ်မှုကဏ္ဍ

စာမျက်နှာ - ၈




## နိုင်ငံတကာ သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်ပါ ပြင်ဆင် ဆောင်ရွက်ရမည့် မြန်မာ့ E-Commerce

စာမျက်နှာ - ၁၇

## အလားအလာကောင်းသော အာဆီယံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းတိုးချဲ့ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရ

စာမျက်နှာ - ၁၁



## စွန့်စားရမည့် စီးပွားရေး

စာမျက်နှာ - ၁၂





THE CENTRAL
WHERE THE FINEST MEETS
At the Corner of Kabar Aye Pagoda Road and Kanbe Road,
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.
ကမ္ဘာအေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်
The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ ခိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။
BY INYA LAKE
HOTLINE
+959 777 773 770
/THECENTRALYANGON
PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အီတလီသံရုံး၏ Deputy Head of Mission ဖြစ်သူ Mr.Matteo D'Alonzo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အီတလီသံရုံး၏ Deputy Head of Mission ဖြစ်သူ Mr. Matteo D'Alonzo ဦးဆောင်သည့် AC Boilers Co., မှကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် အီတလီနိုင်ငံအခြေစိုက် AC Boilers Company ၏ နောက်ခံသမိုင်းကြောင်းနှင့် ၎င်းတို့ကုမ္ပဏီမှ ထုတ်လုပ်သည့် နည်းပညာမြင့် Boiler များအား ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ခင်မင်ရင်းနှီးဆက်ဆံမှု တိုးမြှင့်သွားနိုင်ရေး၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ရှိနေဆဲဖြစ်သည့်အတွက် AC Boilers Company နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရေး၊ AC Boiler Company သာမက အခြားအီတလီစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံရာတွင် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ရေး နှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး

## Myanmar Doing Business Action Plan 2018/19 ညှိနှိုင်းအစည်းအဝေးတက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Doing Business အထောက်အကူပြုအဖွဲ့ဝင်များနှင့် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များ၏ Myanmar Doing Business Action Plan 2018/19 ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်နိုင်မှု အဆင့်များ တိုးတက်လာစေရန်အတွက် ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာပါ သက်ဆိုင်ရာ အညွှန်းကိန်းများနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကာလတို (Short Term)၊ ကာလလတ် (Medium Term) နှင့် ကာလရှည် (Long Term) သတ်မှတ်ချက်များပါသည့် Action Plan 2018/2019 ကို ကမ္ဘာ့ဘဏ်ဘက်မှ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် Action Plan ကို ဆွေးနွေးချက်များ အပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Website နှင့်ပတ်သက်၍ Communication Strategy အစည်းအဝေးကိုလည်း ယခင်အပတ်က ကျင်းပခဲ့ကြောင်း၊ ညွှန်းကိန်းများအလိုက်ဌာနဆိုင်ရာများမှ မိမိတို့ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် (Reform) များကို မိမိတို့ဌာန website ပေါ်တွင်တင်သည့်အပြင် သတင်းဆောင်းပါးများကိုလည်း ရေးသားဖော်ပြပေးရန် ပြောကြားခဲ့ကြောင်း၊ အရေးကြီးဆုံးမှာ အစိုးရကဏ္ဍအနေဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူမြန်ဆန်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်နေမှုများကို Private Sector နှင့် ပြည်သူများသိရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ကမ္ဘာ့ဘဏ်မှ မြန်မာပြည်တာဝန်ခံ Senior Private Sector Specialist ဖြစ်သူ Mr. Jose Ricardo Silva၊ Consultant ဖြစ်သူ Mr. Antony Dickinson နှင့် ညွှန်းကိန်းအလိုက် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အထောက်အကူပြုအဖွဲ့များမှ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး နေ့လယ် ၁၂:၃၀ နာရီတွင် အစည်းအဝေး ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲ တင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၅၉ သန်း တန်ဖိုးရှိဆန်နဲ့ကောက်ညှင်းဆန် ၁၃၇၈၃ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၁၁၉၂၇ တန်နဲ့ ကောက်ညှင်းဆန် တန်ချိန် ၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၂၁၉ တန်ကျော်နဲ့လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၅၃၆ တန်ကျော် တင်ပို့ခဲ့ ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀၀ ခန့် လျော့ကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၂ သန်း တန်ဖိုးရှိဆန်ကွဲ ၄၆၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်မှ ၃၆၇ တန်နဲ့ လွယ်ဂျယ်မှ ၁၀၂ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၆၇ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်ထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၅၅ သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၁၃၉၀၅ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်တွင် ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၅၀၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၅၅၀ ကျော်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၁ တန်ကျော်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၅၀၀၊ ရုရှားနိုင်ငံသို့ ၂၅ တန်၊ ဂီနီနိုင်ငံသို့ တန်ချိန် ၈၀၀၀နဲ့ အီးယူနိုင်ငံများသို့ ၃၂၇၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရေကြောင်းမှ ယခင်တစ်ပတ် ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၅၃၅ တန် လျော့ကျခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၂ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၆၅၀ ကို တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၃၆၀၀ တင်ပို့ခဲ့ပြီး ယခင် တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၉၀၀ လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် ၂၇၆၈၈ တန်နဲ့ ဆန်ကွဲ ၄၁၁၉ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ဆန်ရောဆန်ကွဲပါ လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ယခုတစ်ပတ် ဆန်ဈေးငြိမ်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါ ဈေးငြိမ်နေကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၅၀၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၄၈၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၅၂၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၅၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၄၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၅၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၅၉၅၀၀-၆၂၀၀၀၊ ပေါ်ဆန်း(ရှယ်) တစ်အိတ်ကျပ် ၄၃၀၀၀-၄၅၀၀၀ ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဆန်ချောဈေးငြိမ်နေပြီး အဝင်အထွက်လည်း ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။

ယခုတစ်ပတ်ဆန်ကြမ်းဈေးလည်း အပြောင်းအလဲသိပ်မရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ငြိမ်နေကြောင်း သိရပါတယ်။ ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်ကျပ် ၂၀၈၀၀-၂၁၀၀၀၊ သီးထပ်(ရှယ်) တစ်အိတ်ကျပ် ၂၃၀၀၀-၂၃၅၀၀၊ အကြမ်း(ရှယ်) တစ်အိတ်ကျပ် ၂၃၀၀၀-၂၃၅၀၀၊ မိုးသုခ တစ်အိတ်ကျပ် ၂၄၅၀၀-၂၆၀၀၀ ရှိကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်းပုံမှန်ရှိကြောင်း ဆန်ဈေးပြန်လည်ငြိမ်နေကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# တမူးမြို့နယ်၏ ဆန်/စပါးဈေးကွက်အခြေအနေ

တမူးမြို့နယ်တွင် မှော်ဘီ၊ ဆင်း သုခ၊ ဆင်း-၃ နှင့် ဧရာမင်းတို့သာအများဆုံးစိုက်ပျိုးပြီး စပါးဈေးအနေဖြင့် မှော်ဘီ စပါးတစ်တင်းလျှင် ကျပ် ၇၈၀၀၊ ဆင်းသုခ စပါးတစ်တင်းလျှင် ကျပ် ၇၀၀၀၊ ဆင်း-၃ စပါး တစ်တင်းလျှင် ကျပ် ၇၀၀၀၊ ဧရာမင်း တစ်တင်းလျှင် ကျပ် ၈၀၀၀ ရှိကြောင်းနှင့် ယခင်လများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအတက်အကျမရှိကြောင်း၊ ဆန်ဈေးအနေဖြင့် မှော်ဘီဆန်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၊ ဧရာမင်း ဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ ဆင်း-၃ ဆန် တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ နှင့် ဆင်းသုခ ဆန် တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ ဖြစ်ပေါ် လျက်ရှိကာ မှော်ဘီနှင့် ဆင်း-၃ တို့သာ တစ်တင်းကျပ် ၅၀၀ ဝန်းကျင် ဈေးတက်ခဲ့ကြောင်းနှင့် အိန္ဒိယဘက်မှ ငွေဈေးအတက်အကျအပေါ် မူတည်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကာ တစ်ရက်လျှင် တင်းရေ ၂၀-၃၀ ခန့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

**စွမ်းရည်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဩဂုတ်လနောက်ဆုံးပတ် မြောင်းမြခရိုင်၊ ဖျာပုံခရိုင်အတွင်း စပါး/ဆန်ဈေးနှုန်းများမြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဩဂုတ်လနောက်ဆုံးပတ် မြောင်းမြခရိုင်နှင့်ဖျာပုံခရိုင်တို့တွင် ပေါ်ဆန်းစပါး/ဆန်နှင့် ဧည့်မထစပါး/ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းမှသိရသည်။

မြောင်းမြခရိုင်၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်များတွင် နွေဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ယခင် ကျပ် ၅၆၀၀၀၀- ၅၈၈၀၀၀ မှ ကျပ် ၅၇၀၀၀၀- ၅၉၈၀၀၀ စပါးတင်း ၁၀၀ ကို ကျပ်၁၀၀၀၀ ဝန်း ကျင်ဈေးနှုန်း မြင့်တက်၍ ဆန် ၁ အိတ်ကို ယခင် ကျပ် ၂၃၀၀၀-၂၃၅၀၀မှ ယခု ၂၃၅၀၀-၂၄၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကိုကျပ်၅၀၀ ခန့် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ဖျာပုံခရိုင် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ မြို့နယ်များတွင် ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၁၀၆၂၀၀၀- ၁၀၇၉၀၀၀ မှကျပ် ၁၀၈၇၀၀၀- ၁၁၀၅၀၀၀ ဖြစ်သွားပြီး စပါးတင်း၁၀၀ကို ကျပ် ၂၅၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်လာ၍ဆန်၁အိတ်ကို ကျပ် ၄၆၀၀၀-၄၇၀၀၀ မှ ယခု ကျပ် ၄၇၀၀၀-၄၈၀၀၀ ဖြစ်သွား ကာ ဆန် ၁ အိတ်ကို ကျပ် ၁၀၀၀ ဝန်းကျင်မြင့်တက်မှုရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

လက်ရှိတိုင်းအတွင်း ဆန်စပါးဈေးကွက်မှာ စပါးလက်ကျန်များ လျော့နည်းနေပြီး ယခင်လှောင်ထားသောစပါးများကိုသာ ဈေးကွက်အတွင်းကြိတ်ခွဲရောင်းချလျက် ယခုလို စပါးသစ်မပေါ်မီ စပ်ကူးမတ်ကူးကာလ ဈေးကွက်အရောင်းအဝယ်ဖွံ့ဖြိုးသော မြို့နယ်များတွင် မြို့နယ်တွင်းရောင်းဝယ်မှု၊ အခြား တိုင်း/ပြည်နယ် များမှ၊ ဝယ်လိုအားမြင့်တက်မှုအပေါ် စက်ပိုင်များမှ ဈေးပေးဝယ်ယူမှု လက်ကျန်နည်းပါးမှုများကြောင့် စပါး/ဆန်ဈေးနှုန်းများ မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၁-၈-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၈၅ | □ | ၃၉၀ | ၃၈၉ | ▽ | ၄၀၅ | ၄၀၅ | □ | ၄၁၈ | ၄၁၈ | □ |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၃ | □ | ၃၈၅ | ၃၈၄ | ▽ | - | - | - | ၄၁၃ | ၄၁၃ | □ |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၈၀ | □ | ၃၈၀ | ၃၈၀ | □ | - | - | - | ၄၀၈ | ၄၀၈ | □ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၅ | □ | ၃၇၀ | ၃၇၀ | □ | ၃၇၀ | ၃၇၀ | □ | ၃၆၃ | ၃၆၃ | □ |
| ပေါင်းဆန် | ၄၃၀ | ၄၃၀ | □ | - | - | - | ၃၈၀ | ၃၈၀ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၃၁-၈-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၆၀၀၀ | □ | ၉၃၂၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၂၃၀ | △ | ၂၆၅၀၀ | □ | ၁၁၃၀၀ | △ | ၄၇၀၀၀ | △ |
| ပဲခူး | ၆၆၀၀ | □ | ၂၇၀၀၀ | □ | ၉၅၀၀ | △ | ၄၂၀၀၀ | △ |
| ရွှေဘို | ၆၅၀၀ | △ | ၂၅၀၀၀ | △ | ၁၆၅၀၀ | △ | ၅၄၀၀၀ | △ |
| စစ်တွေ | ၆၁၀၀ | □ | ၂၅၀၀၀ | □ | ၉၅၀၀ | □ | ၄၅၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၃၂၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၃၅၀ | △ | ၂၃၂၀၀ | ▽ | - | - | ၄၈၀၀၀ | △ |
| မန္တလေး | ၇၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | △ | ၂၉၅၀၀ | △ | - | - | ၅၂၀၀၀ | △ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၈၀၀၀ | △ |
| လှိုင်ကော် | ၈၀၅၀ | △ | ၃၆၀၀၀ | △ | - | - | ၆၂၀၀၀ | △ |
| မြိတ် | ၆၈၀၀ | □ | ၂၇၅၀၀ | △ | - | - | ၅၃၀၀၀ | △ |
| ဘားအံ | ၇၃၀၀ | △ | ၂၈၀၀၀ | △ | - | - | ၅၄၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၂၇-၈-၂၀၁၈ မှ ၃၁-၈-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 1081 | 67,940,450.816 |
| 2 | Form D | 107 | 3,094,051.944 |
| 3 | Form E | 122 | 32,611,472.410 |
| 4 | Korea GSP | 11 | 164,624.600 |
| 5 | Form AK | 115 | 5,930,174.300 |
| 6 | Form AJ | 7 | 325,241.426 |
| 7 | Form AI | 244 | 9,704,938.396 |
| 8 | Form AANZ | 13 | 187,595.330 |
| 9 | Form DFTP | 1 | 156,340.800 |
| 10 | Form CHINA | - | - |
| **Grand Total** | | **1701** | **120,114,890.022** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၁-၈-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၄/၈ | ၃၁/၈ | ပြောင်းလဲမှု | ၂၄/၈ | ၃၁/၈ | ပြောင်းလဲမှု | ၂၄/၈ | ၃၁/၈ | ပြောင်းလဲမှု | ၂၄/၈ | ၃၁/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၀၄ | ၇၄၃ | ▲ | ၇၅၀ | ၇၅၀ | ■ | ၇၅၀ | ၇၀၀ | ▼ | ၆၈၅ | ၆၈၅ | ■ |
| ပဲစင်းငုံ | ၆၆၀ | ၇၂၃ | ▲ | ၅၉၂ | ၆၅၀ | ▲ | ၅၅၀ | ၆၂၅ | ▲ | ၅၈၅ | ၅၇၅ | ▼ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၆၀၀ | ▲ | ၁၇၂၄ | ၁၇၆၀ | ▲ | ၁၃၆၈ | ၁၅၅၂ | ▲ | ၁၄၂၀ | ၁၃၉၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၀၅၀ | ၁၀၅၀ | ■ | ၁၃၆၂ | ၁၃၉၇ | ▲ | ၁၃၆၈ | ၁၃၉၄ | ▲ | ၁၄၅၀ | ၁၄၂၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၆၅ | ▲ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၆၀၅ | ▲ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၅၂၆ | ၂၄၇၃ | ▼ | ၂၃၁၅ | ၂၃၁၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၈-၈-၁၈)ထိ | ယခုတစ်ပတ် (၂၅-၈-၁၈)ထိ | (၁-၁-၁၈) မှ (၂၅-၈-၁၈) ထိ |
| မတ်ပဲ | ၂၇၁၅၉၉ | ၈၄၈၉ | ၂၈၀၀၈၈ |
| ပဲတီစိမ်း | ၈၁၆၀၄ | ၂၆၁၃ | ၈၄၂၁၇ |
| ပဲစင်းငုံ | ၁၄၃၂၉၂ | ၆၃၆၈ | ၁၄၉၆၆၀ |
| ကုလားပဲ | ၄၁၆၅၃ | ၁၃၃၇ | ၄၂၉၉၀ |
| ပဲလွန်းဖြူ | ၂၀၀၁၅ | ၄၄ | ၂၀၀၅၉ |
| မြေထောက်ပဲ | ၉၂၄၆ | ၈၃ | ၉၃၂၉ |

## ဈေးနှုန်းအနည်းငယ်မြင့်တက်လာတဲ့ မတ်ပဲ

သာယာဝတီခရိုင်အတွင်းတွင် ရောင်းဝယ်မှုဖြစ်လျက်ရှိတဲ့ မတ်ပဲဈေးနှုန်းများမှာ ယခင်အပတ်တွင် ကျပ် ၁၃၇၀၀ ခန့်၊ ကျပ် ၁၃၅၀၀ ခန့်အထိ ဈေးနှုန်းလျော့ကျသွားသော်လည်း ယခုတစ်ပတ်တွင် ကျပ် ၁၄၃၀၀ ခန့်အထိ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ထိုကဲ့သို့ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ဒေါ်လာ ဈေးတက်သဖြင့် မတ်ပဲဈေးနှုန်းပါ မြင့်တက်လာရခြင်းဖြစ်သည်ဟု ကုန်သည် ပွဲစားအသိုင်းအဝိုင်းမှ ပြောကြားချက်အရ လေ့လာသိရှိရပါသည်။

**ဝေဝေဖြိုး (သာယာဝတီ)**

## မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ သီတင်းပတ်ကုန်သွယ်မှု

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၃၁၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃၇၉ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၆၉၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသီတင်းပတ်အတွင်း ပို့ကုန်ပိုင်းမှာ ဆန်၊ ကောက်ညှင်းဆန်၊ ဆန်ကွဲ၊ ရော်ဘာ၊ ငါးမျိုးစုံ၊ ငါးရှဥ့်နှင့် ကျွဲ/နွား(အရှင်)တင်ပို့မှု အနည်းငယ်လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် လယ်ထွန်စက်၊ အင်ဂျင်၊ ယာဉ်နှင့် ဆိုင်ကယ်အပိုပစ္စည်း၊ စက်နှင့် စက်ပစ္စည်းများ၊ ဆေးဝါး၊ အလှကုန်တင်သွင်းမှုလည်း လျော့နည်းခဲ့ပါသည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဒေါ်လာ ၁၅၁၂ ကျပ်၊ ၁ ဒေါ်လာ ၆ ဒသမ ၈၆၁ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၆၂ ယွမ်နှုန်းရှိပါသည်။ ပို့ကုန်ကားထွက်ခွာမှု အနေဖြင့် ၂၂ ဘီးယာဉ် ၂၈၁၁ စီး၊ ၁၂ ဘီးယာဉ် ၁၇၀၁ စီး၊ ၆ ဘီးယာဉ် ၂၉၅ စီး၊ ၄ဘီးယာဉ် ၁၅၄ စီးဖြစ်ပြီး သွင်းကုန်ကား ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၇၉၃ စီး၊ ၁၂ ဘီးယာဉ် ၉၉၇ စီး၊ ၆ ဘီးယာဉ် ၂၈၀ စီး နှင့် ၄ ဘီးယာဉ် ၁၆ စီးတို့ဖြစ်ကြောင်းသိရပါသည်။

**မော်မော်အောင်**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

ဩဂုတ်လ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့ထိ ကယားပြည်နယ်က မန္တလေးမြို့၊ မန္တလေး-မူဆယ်ဖက်သို့ ဒေသထွက် ဧည့်မထ စုစုပေါင်းဆန်အိတ် ၅၇၉၃ အိတ် တန်ချိန်အားဖြင့် ၂၉၁ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ၃၇၆၀ အိတ် တန်ချိန်အားဖြင့် ၁၈၉တန်ခန့်တင်သွင်းခဲ့ကြောင်းသိရပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့ရှိပွဲရုံများနှင့်အစာချက်စက်ရုံများသို့ စုစုပေါင်း ၅၀၆၆ အိတ် တန်ချိန်အားဖြင့် ၂၄၈တန်ခန့်တင်ပို့ထားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။ လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၅၅၀ ဈေးပေါက်ကြောင်း၊ ဒေသအတွင်း ဆန်ဈေးနှုန်းမှာ ဧည့်မထ(မိုး) စပါးတင် (၁၀၀)လျှင် ကျပ် ၈၃၁၀၀၀ ဈေးပေါက်သောကြောင့် ယခင်အပတ်ထက် ဧည့်မထ(မိုး) စပါးတင်(၁၀၀)လျှင် ကျပ် ၃၉၀၀၀ ဈေးတက်လာပါကြောင်း၊ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ်၃၆၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## တရုတ်နိုင်ငံသို့ မျှစ်စိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၀၂ တန်ဖိုးရှိ မျှစ်စို ၃၂ တန်ကိုလည်းကောင်း၊ လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ ၂၂၅၁ တန်ဖိုးရှိ မျှစ်စို ၂၄ တန်ကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ မျှစ်စိုတစ်တန်ရဲ့လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၉၃ ရှိပြီး တရုတ်နိုင်ငံမှာ ဟိုတယ်ဟင်းပွဲများ၊ မိသားစုထမင်းဝိုင်းများရဲ့ ဟင်းလျာများအဖြစ် မျှစ်စို၊ မျှစ်ခြောက်များကို ထည့်သွင်းစားသောက်ကြတာလို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၈ ရက်မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇၇ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၂၇၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းဖြူ ၁၆ တန်၊ ချင်းရွှေဟော်မှ နှမ်းနက် ၅၅၁ တန်ကျော်၊ နှမ်းဖြူ ၂၉၂ တန်ခွဲ၊ နှမ်းညို ၂၂၉ တန်ကျော်နဲ့ နှမ်းညို (အခွံချွတ်) ၁၈၇ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ နှမ်းတင်ပို့မှု မရှိဘဲ ချင်းရွှေဟော်မှ ၁၀၂၇ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တန် ၂၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ် ၁၈ ရက် မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန် လျှင် ၁၉၃၀၄၃၅ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ကျပ် ၂၀၃၉၁၃၀ ရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၁ သန်းတန်ဖိုးရှိ နှမ်းညို ၂၀၃ တန်ကျော်နဲ့ နှမ်းနက် ၂၈ တန်ခွဲ စုစုပေါင်းတန်ချိန် ၂၃၁ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့ တဲ့ ၂၄၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၆ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## ပြည်ပဲဈေးကွက်မှာမတ်ပဲသီးနှံဈေးလည်းအေး အရောင်းအဝယ်လည်းအေး

ပြည်ပဲဈေးကွက်အတွင်း ဩဂုတ်လ လကုန်ပတ်တွင် ပြည်ပဝယ်လက်ပဲများ ဈေးအေးနေပြီး ပြည်တွင်းဝယ်လက်ပဲများ ဈေးပိုကောင်းရလာခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် မတ်ပဲသီးနှံဟာဆိုလျှင်လည်း တစ်တင်း ကျပ် ၁၄၀၀၀ မှကျပ် ၁၄၇၀၀ အတွင်းသာ ရရှိတာကြောင့် ယခင်တစ်ပတ်ထက် ဈေးထပ်လျော့ခဲ့ပါတယ်။ နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြား အရောင်းအဝယ်ဖြစ်ခဲ့ပြီး အိတ် ၁၅၀-၂၀၀အတွင်း ရောင်းဝယ်မှု ဖြစ်ခဲ့ပါတယ်။ ပဲဟောင်းလက်ကျန်များ ရှိခဲ့သော်လည်း ပဲဈေးနှုန်းများ ဈေးအေးသထက်အေးနေခဲ့လို့ ရောင်းချသူနည်းကာ ပဲဈေးကွက်မှာ မတ်ပဲသီးနှံဟာ ဈေးလည်းအေး အရောင်းအဝယ်လည်း အေးနေခဲ့တဲ့သီးနှံဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပဲနီပြားလက်လီရောလက်ကားပါအဝယ်ရှိ၍ ဈေးမြင့်တက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် မြစ်ရိုးတစ်လျှောက်ရှိသော ပွင့်ဖြူမြို့နယ်ထွက် ပဲနီပြားများမှာနယ်အဝယ်ရှိတဲ့အတွက် လက်လီပါ ရောင်းချနေရ၍ ဈေးမြင့်တက်နေကြောင်း ရေနံချောင်းမြို့ရှိ ပွဲစားများထံကသိရသည်။

ယခင် ဇူလိုင်လက ပဲနီပြားတစ်တင်းကျပ် ၂၇၀၀၀ ရှိခဲ့ပြီး တစ်လလျှင် ပဲတင်း ၅၀ ခန့်သာ လက်လီအဖြစ် ရောင်းရကြောင်း၊ နယ်ဝယ်လက်မရှိကြောင်း၊ ယခုတစ်ပတ်မှာ ပဲနီကျပ် ၃၂၀၀၀ ဈေးရောင်းရကြောင်း ဈေးမှာ တစ်တင်းကျပ် ၅၀၀ တက်လာကြောင်း သိရသည်။

နယ်ဈေးကွက်ကတော့ ကျောက်ပန်းတောင်း၊ မန္တလေး၊ နတ်မောက်နှင့် မြို့နယ် ၅ ခု ကို တင်း ၅၀၀ ကျော် ပို့ရကြောင်းသိရသည်။ ပဲနီမှာ ယခင်နှစ်ကာလတူ၌ တစ်တင်းကျပ် ၃၀၀၀၀ ရောင်းခဲ့ရပြီး လက်ကျန်ပဲမရှိ၍ ဈေးတက်နေကြောင်းသိရသည်။

ဒီနှစ်ပဲနီပြားဈေးကွက် တအိအိနဲ့ ဝယ်လိုအားရှိတာပါ။ ဧပြီလကတည်းက တစ်တင်းကျပ် ၂၆၀၀၀ ကနေ မေလမှာ ကျပ် ၂၇၅၀၀ နှင့် ဇွန်လမှာတော့ ကျပ် ၂၇၀၀၀ နှင့် တန့်နေရာက ယခုလို ကျပ်၃၂၀၀၀ ဖြစ်လာတာ။ ရှေ့လထဲမှာ ကိုင်းမြေတွေစိုက်ပျိုးချိန်မို့ ပဲနီပြားမျိုးပဲ ဈေးတက်နိုင်တယ်ဟု ရေနံချောင်းမြို့မှပွဲစားတစ်ဦးက ပြောသည်။

**ဆန်းညွန့်၊ ရေနံချောင်း**

## ပြည်ဘိုကိတ် နှစ်စဉ်ဈေးကွက်မှာ ဈေးအနိမ့်ရနေခဲ့

ပြည်ပဲဈေးကွက်အတွင်း လက်လီလက်ကား ရောင်းဝယ်လျက်ရှိသော ပဲများထဲမှာ လက်လီပဲအတော်များများ ဈေးကောင်းရခဲ့သလို ပြည်တွင်းလက်ကား ရောင်းဝယ်မှုများတဲ့ ပဲအချို့လည်း ဈေးကောင်းရရှိခဲ့ပါတယ်။

လက်လီပဲဈေးကွက်မှာ ပဲအတော်များများ ဈေးကောင်းရခဲ့သော်လည်း ဘိုကိတ်ပဲသီးနှံကတော့ တစ်တင်းကျပ် ၁၇၅၀၀ ဖြင့်သာ ဈေးအနိမ့်ဖြင့် ရောင်းဝယ်နေပြီး လက်လီဝယ်ယူသူများဖြင့် အိတ်အနည်းငယ် နေ့စဉ်ရောင်းချမှု ရှိခဲ့ပါတယ်။ ဘိုကိတ်ပဲ သီးနှံဟာ ယခင်နှစ်ကလည်း အခြားပဲများထက် ဈေးလျော့ခဲ့ပေမယ့် တစ်တင်းကျပ် ၂၃၀၀၀ ရရှိခဲ့လို့ ယခုနှစ်ထက်တော့ ဈေးပိုရနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## လက်လီပဲဈေးကွက်မှာ ပြည်ပဲလွန်းဖြူဈေးတက်ရိပ်ပြလာ

ပြည်ပဲဈေးကွက်ရဲ့ လက်လီဈေးကွက်မှာ ပဲလွန်းဖြူသီးနှံဟာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲလည်း နည်းသွားပြီဖြစ်လို့ အရောင်းအဝယ်ပါးသွားပြီဖြစ်ခဲ့ပါတယ်။ လက်လီ ပဲဈေးကွက်မှာ ဘိုကိတ်နှင့် ပဲလွန်းဖြူသီးနှံဟာ ဈေးအေးပေမယ့် ကျန်လက်လီပဲများ ဈေးကောင်းရရှိခဲ့ကြပါတယ်။ ပဲလွန်းဖြူသီးနှံဟာ တစ်တင်းကျပ် ၂၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် ဈေးပိုရလာကြောင်း သိရပါတယ်။ ယခင်နှစ်က ပဲလွန်းဖြူသီးနှံဈေးဟာ ဩဂုတ်လအတွင်း တစ်တင်းကျပ် ၃၄၅၀၀ အထိရရှိခဲ့လို့ ယခုနှစ် ပဲဈေးဟာ ဈေးပိုရလာပြီဖြစ်သော်လည်း ယခင်နှစ် ပဲဈေးကို မမီဘူးလို့သိရပါတယ်။

**ခင်ဆွေဝင်း**

# တရုတ်နှင့်အမေရိကန်တို့၏ကုန်သွယ်ရေး

**(ယခင်အပတ်မှအဆက်)**

**မောင်ရင်မောင်**

အဲဒီနှစ်မှာပဲ အမေရိကန်ကွန်ဂရက်က အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ကြီး ဖွဲ့စည်းနိုင်ရေးအပေါ် ဆန့်ကျင်ငြင်းဆိုခဲ့ပြီး GATT စာချုပ်ပါ ပြဋ္ဌာန်းချက်များကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမှာ နောက်ကာလ(၁၄)နှစ်တိုင်အောင် ကိုင်စွဲကျင့်သုံးဖို့ ခြွင်းချန်ထားခဲ့ပါတယ်။

၁၉၅၀ ခုနှစ်နောက်ပိုင်းမှာ မော်စီတုံးဦးဆောင်နေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးနဲ့စီးပွားရေးမှာ ထဲထဲဝင်ဝင်ပါဝင်မှု လွန်စွာနည်းပါးသွားသလို အမေရိကန်နဲ့လည်း အလှမ်းဝေးသွားခဲ့ပါတယ်။

အမေရိကန်ဘက်က ဒီအချိန်မှာ တရုတ်ကို ပြန်တုံ့ပြန်မှုတွေကတော့ မိမိရဲ့မိတ်ဖက်နိုင်ငံတွေနဲ့အတူ ကုန်သွယ်ရေးအပေါ် ကန့်သတ်မှုတွေကို စာချုပ်များ ချုပ်ဆိုကန့်သတ်ပိတ်ပင်မှုများဖြစ်ပါတယ်။ နိုင်ငံပေါင်းစုံဆိုင်ရာ ပို့ကုန်ထိန်းချုပ်မှု ညှိနှိုင်းရေးကော်မတီ Coordinating Committee for Multilateral Export Control (CoCom) ဖွဲ့စည်းခြင်း၊ မြောက် အတ္တလန်တိတ်စာချုပ် အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံစုံသဘောတူညီမှုစာချုပ်ချုပ်ဆိုခြင်းအပြင် ဂျပန်နိုင်ငံနဲ့ပါ ပူးတွဲပြီး တရုတ်အပေါ် ကုန်သွယ်မှုကန့်သတ်ချက်တွေ လုပ်ကိုင်နိုင်ဖို့ ဆောင်ရွက်တာကို တွေ့ရပါတယ်။ အဓိကရည်မှန်းချက်ကတော့ မိမိတို့အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ တရုတ်ကွန်မြူနစ်နိုင်ငံကို စစ်လက်နက်ပစ္စည်းများအပါအဝင် ကန့်သတ်ပို့ကုန်များ တင်ပို့ခြင်းမပြုဖို့ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း CoCom အဖွဲ့နဲ့တရုတ်နဲ့ကုန်သွယ်မှုလုပ်ငန်းများအပေါ် ဩဇာသက်ရောက်မှုကို နှစ်ပေါင်း(၃၀)ခန့်ကြာသော် ဆောင်ရွက်ခဲ့တာဖြစ်လို့ တရုတ်-အမေရိကန်ကုန်သွယ်ရေးမှာ ချန်လှပ်ထားလို့မရတဲ့ကာလလို့ ဆိုကြပါတယ်။ ရလဒ်ကတော့ အေးစက်တဲ့သံတမန်ရေးရာနဲ့စီးပွားရေးရာကာလလို့ဆိုရမှာဖြစ်ပါတယ်။

၁၉၇၂ခုနှစ်မှာတော့ အမေရိကန်သမ္မတနစ်ဆင်ရဲ့ အထင်ကရဖြစ်တဲ့ တရုတ်ပြည်မကြီး အလည်အပတ်ခရီးစဉ်မှာ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်ဖို့ ကတိကဝတ်တွေ ပြုခဲ့ရသလို ၁၉၇၅ခုနှစ် အမေရိကန်သမ္မတဖို့ဒ်ရဲ့ ခရီးစဉ်နောက်ပိုင်းမှာ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေကောင်းတွေ ပေါ်ပေါက်ခဲ့ပါပြီ။ ၁၉၇၈ခုနှစ်မှာတော့ တရုတ်မှာ တိန်းရှောင်ပင်က နိုင်ငံရဲ့စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နဲ့ဆောင်ရွက်ဖို့ ဦးဆောင်မှုအခန်းက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ စီးပွားရေးကို ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးစနစ်နဲ့ စတင်ပုံဖော်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ၁၉၇၉ခုနှစ်အတွင်းမှာပဲ တရုတ်နဲ့ အမေရိကန်တို့ ကုန်သွယ်မှုဆက်ဆံရေးသဘောတူစာချုပ် Trade Relation Agreement ကို လက်မှတ်ရေးထိုးကြပါတယ်။ ဒီသဘောတူညီမှုဟာ နှစ်နိုင်ငံအပြန်အလှန် အခွင့်အရေးများ ရရှိစေနိုင်ဖို့ဖြစ်ပါတယ်။တိန့်ရှောင်ဖင်ရဲ့စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဦးဆောင်မှုဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအသိုက်အဝန်းနဲ့ဆက်သွယ်ဆောင်ရွက်နိုင်မှုအတွက် လမ်းသစ်ထွင် တဆစ်ချိုးကွေ့နိုင်အောင် လမ်းညွှန်ပေးနိုင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဘယ်လိုပဲ စဉ်းစားစဉ်းစား တရုတ်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ထုတ်လုပ်တဲ့ပစ္စည်းတွေကို ပြည်ပသို့ တင်ပို့နိုင်မှုအပေါ် မှာတည်နေပါတယ်။ ပြည်ပပို့ကုန်တွေဟာ နိုင်ငံရဲ့စီးပွားရေးကြီးထွားလာမှုနဲ့ဈေးကွက်မက်လုံးပေး သော့ချက်များလည်း ဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာမှာ အစဉ်အမြဲ ရှင်သန်သစ်လွင်လန်းဆန်းတက်ကြွစေတဲ့ အခြေခံအုတ်မြစ်လည်းဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေမှာ တက်ကြွတဲ့စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒများ မြင့်မားတဲ့ကျွမ်းကျင်မှုနဲ့ နည်းပညာများ ပေါင်းစပ်လိုက်တဲ့အခါ အလွန်လျင်မြန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ထူးခြားအောင်မြင်တဲ့ ကုန်သွယ်မှုလွတ်လပ်ခွင့်ကိုမရမီ (၁၀) စုနှစ်ခန့်ကြိုတင်ပြီးအခြေခံကောင်းများရရှိခဲ့တာဖြစ်ပါတယ်။

၁၉၈၀ခုနှစ်မှာ တရုတ်အနေနဲ့ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့ IMF နဲ့ကမ္ဘာ့ဘဏ်တို့မှာ ယခင်က ထိုင်ဝမ်နေရာယူထားတဲ့နေရာမှာ ဝင်ထိုင်ခွင့်ရခဲ့သလို GATT အဖွဲ့မှလည်းလေ့လာသူနိုင်ငံအဖြစ် ပါဝင်ခွင့်ရခဲ့ပြီဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ တရုတ်အနေနဲ့ ၁၉၈၃ ခုနှစ်မှာ Multi Fibre Agreement ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်မှာတော့ GATT အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ဖို့ အဆိုတင်သွင်းခဲ့ပြီး ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ကြီးWTO မှာ ဝင်ခွင့်ရရှိရေးအတွက် (၁၅)နှစ်တာခရီးကို ဖြတ်သန်းခဲ့ရပါတယ်။

## GATT/ WTO တွင် ဝင်ခွင့်ရရှိရေး

GATTအဖွဲ့ထဲကိုဝင်ခွင့်က တရုတ်အတွက်ဘယ်လိုပင် သံတမန်ရေးရာကိစ္စတွေ ဆောင်ရွက်ပေမယ့် လွယ်မယောင်နဲ့ ခက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ၁၉၁၉ ခုနှစ်အတွင်း တိန့်အန်မင်းရင်ပြင်မှာ ဆန္ဒပြသူများကိုနှိမ်နင်းဖြိုခွဲမှုကိုအကြောင်းပြပြီး GATT အဖွဲ့ဝင်နိုင်ငံများက တရုတ်ကို ဝင်ခွင့်မပေးနိုင်ရေး ကန့်ကွက်ခဲ့ကြပါတယ်။

ဒါ့အပြင် WTO ရဲ့ ဥပဒေရေးရာ အခြေခံမူဘောင်တွေမှာအကျုံးဝင်ဖို့အတွက် တရုတ်ရဲ့ပြည်ပကုန်သွယ်ရေးလုပ်ငန်းတွေအတွက် စိန်ခေါ်ချက်တွေ များပြားတာလည်း ပါဝင်ပါတယ်။ တရုတ်ရဲ့သွင်းကုန်တွေအပေါ် မှာ ထားရှိတဲ့ တင်းကြပ်သော ပမာဏသတ်မှတ်ချက်များ၊ အခွန်အခမြင့်မားကောက်ခံမှု၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အခွင့်အရေးရရှိမှုနည်းပါးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ် တားဆီးမှုများနဲ့ဈေးကွက်မှာ အခြားပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်မှုများကြောင့် GATT နှင့် WTO အဖွဲ့ဝင်နိုင်ငံများရဲ့ ဝေဖန်ဟန့်တားမှု ဖြစ်စေတာလည်း ပါပါတယ်။ WTO မှာ ဝင်ခွင့်ရဖို့ သတ်မှတ်ထားတဲ့ အင်္ဂါရပ်များလည်းရှိသေးတာဖြစ်ပြီး တရုတ်အနေနဲ့ သီးသန့် ကုစားချက် (Special and differential Treatment) အဖြစ် အခြားအဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှာရှိတဲ့ စံနှုန်းများနဲ့ မကိုက်ညီတာလည်း ပါပါတယ်။ ဘယ်လိုဖြစ်ဖြစ် နှစ်ပေါင်း(၁၅)နှစ်လောက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှာ တရုတ်အနေနဲ့ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ကြီးမှာဝင်ခွင့်ရရှိခဲ့ပါတယ်။

## တရုတ် - အမေရိကန်တို့ရဲ့ WTO မူဘောင်များအတွင်းအငြင်းပွားမှုများ

၂၀၁၁ခုနှစ်ရဲ့ ပထမ(၄)လတာ ကာလအတွင်းမှာ တရုတ်နဲ့အမေရိကန်တို့ အပြန်အလှန် စွပ်စွဲတိုင်တန်းကြတဲ့ အမှုပေါင်း(၁၇)မှုကို WTO ရဲ့အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ Dispute Settlement Body (DSB) က ဖြေရှင်း ပေးခဲ့ရတယ်လို့ ဆိုပါတယ်။ အမေရိကန်ဘက်က (၁၁)မှုတင်ပြခဲ့ပြီး တရုတ်ဘက်က (၆)မှုရှိတယ်လို့ ဆိုပါတယ်။ ဒီအမှုတွေ ထဲမှာ ၂၀၀၇ ခုနှစ်ကစတင်ပြီး တင်ပြတိုင်ကြားတဲ့အငြင်းပွားမှု(၁၄)ခုပါဝင်တယ်လို့ ဆိုပါတယ်။ တရုတ်အနေနဲ့WTO ကို ဝင်ခွင့်ရတဲ့ ၂၀၀၁ ခုနှစ်ကစပြီး WTO အဖွဲ့ဝင်နိုင်ငံတွေနဲ့ အငြင်းပွားမှု (၈)မှုရှိခဲ့ပြီး အမေရိကန်က(၂၈)မှု တိုင်ကြားခဲ့တယ်လို့ သိရပါတယ်။တရုတ်တင်ပြတဲ့ အမေရိကန်နဲ့အငြင်းပွားမှုဟာ လေးပုံသုံးပုံရှိပြီး အမေရိကန်ကတင်ပြတဲ့ တရုတ်နဲ့အငြင်းပွားမှုဟာ ငါးပုံနှစ်ပုံရှိခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးအငြင်းပွားမှုဆိုတာကတော့ နေရာတိုင်းမှာ နိုင်ငံတိုင်းမှာရှိနေကြတာပါပဲ။ ဒါနဲ့ပတ်သက်လို့ ကုန်သွယ်ရေး အငြင်းပွားမှုဖြစ်လာရင် ဒါမှမဟုတ် ကုန်သွယ်ရေးစစ်ပွဲဖြစ်လာရင် သက်ဆိုင်ရာ နိုင်ငံနှစ်နိုင်ငံသာမကပါဘူး။သူတို့နဲ့ဆက်နွယ်ရာနိုင်ငံတွေလည်း အနည်းနဲ့အများဆိုသလိုထိခိုက်ကြရမှာပါ။ တရုတ်ကုန်ပစ္စည်းလို Brand တပ်ထားပေးမယ့် ကုန်ပစ္စည်းတွေကို Out Sourcing သဘောနဲ့ ထုတ်လုပ်ပေးရတဲ့ နိုင်ငံတွေမှာလည်း ထိခိုက်ကြရမှာ သေချာပါတယ်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံကတော့ သူ့ရဲ့လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းတွေ ထိခိုက်မှာ စိုးရိမ်နေတဲ့အခြေအနေမှာ ရှိပါတယ်။ တကယ်တော့ နိုင်ငံရေး၊ စီးပွား ရေးနယ်ပယ်တွေနဲ့စပ်လျဉ်းလာရင် ပညာရှိများပြောကြတာရှိပါတယ်။ဒါကတော့ "No permanent enemy,no permannent friend but just permaneut national interest "လို့ ပြောပါတယ်။ အမြဲတမ်းရန်သူဆိုတာလည်း မရှိနိုင်ပါဘူး။ အမြဲတမ်း မိတ်ဆွေဆိုတာလည်း မရှိနိုင်ပါဘူး။ ဒါပေမယ့် အမျိုးသားရေးအကျိုးစီးပွားကို ရှေ့ရှုခြင်းကတော့ အမြဲတမ်းပါပဲလို့ဆိုပါတယ်။ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က တရုတ်နဲ့ကုန်သွယ်ရေးမှာ သူ့နိုင်ငံလိုငွေပြလို့ အမျိုးမျိုး ခြိမ်းခြောက်နေပေမယ့် ကိုယ့်ဘက်က သာတာတွေနဲ့ ယှဉ်တွဲစဉ်းစားဖို့ပေါ်လာရင် တော့ အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါကြောင်း လေ့လာမိသမျှတင်ပြလိုက်ရပါတယ်ခင်ဗျား။

**Ref : Trade disputes between China and United States; growing pains so far, Worse Ahead? by Gary Clyde Hufbauer and Jared C. Woollacott.**

## မြန်မာ့ဆိပ်ကမ်းတွင် ၃၀ . ၈ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၂) | - IAL 001 | ကုန်သေတ္တာ ၄၆၈ ကုန်ချရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - SINAR BINTAN | ကုန်သေတ္တာ ၅၃၃ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | - EF ELENA | ကုန်သေတ္တာ ၅၇၁ ကုန်တင်ရန် |
| မြန်မာ့စက်မှုဆိပ်ကမ်း (၄) | - MAERSK WARSAW | ကုန်သေတ္တာ ၅၅၅ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၁) | - BANG SAKAO | သကြား ၇၄၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၂) | - KOTA BAYU | သကြား ၇၅၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၃) | - MAAN AUNG | ဆန် ၂၅၆၇၈ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၇) | - OCEAN PRINCESS | ဆန် ၂၂၀၀၀တန်ကုန်တင်ရန် |
| T.M.T.1 | - VINALINE FREEDOM | UREA ၁၂၀၀ တန်ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၁) | - MCC SHANGHAI | ကုန်သေတ္တာ ၂၉၅ကုန်တင်၆၂၉ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၃) | - SOUL OF LUCK | ကုန်သေတ္တာ ၃၇၂ကုန်တင်၄၅၁ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - FENG ZE HAI | ကုန်သေတ္တာ ၂၈၅၆၅ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၅) | - PA PA JOHN | စတီး ၂၈၅၆၅ကုန်တင်ရန် |
| MMTM JETTY | - MT.OCEAN VICTORY | MOGAS (92RON) ၁၃၉၁၉ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THAI BINH-688 | AMMONIA NITRATE,၁၂၀၄၈တန်ကုန်ချရန် | OEA | ၃၀. ၈. ၂၀၁၈ |
| GRIETJE | G/C ၂၃၀၃ တန်ကုန်ချရန် | AIPT(2) | ၃၁. ၈. ၂၀၁၈ |
| LE MIN | AMMONIA NITRATE,၇၉၇၀တန်ကုန်ချရန် | CHINA | ၁. ၉. ၂၀၁၈ |
| CSC RUI HAI | PKG FOLKLIFT1UNITကုန်ချရန် | JAPAN | ၄. ၉. ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀. ၈. ၂၀၁၈ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀. ၈. ၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁. ၈. ၂၀၁၈ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁. ၈. ၂၀၁၈ |
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁. ၉. ၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁. ၉. ၂၀၁၈ |
| AS FRIDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁. ၉. ၂၀၁၈ |
| HANSA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁. ၉. ၂၀၁၈ |
| ALS SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁. ၉. ၂၀၁၈ |
| ALTONIA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁. ၉. ၂၀၁၈ |
| MCC KYOTO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂. ၉. ၂၀၁၈ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂. ၉. ၂၀၁၈ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃. ၉. ၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.TORM ALICE | MOGAS 92 RON | SINGAPORE | ၃၁. ၈ . ၂၀၁၈ |
| MT.OCEAN WINTER | MOGAS 92 RON | SINGAPORE | ၃၁. ၈ . ၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၃၁. ၈ . ၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၁. ၉. ၂၀၁၈ |
| MT.YU DONG | P'Oil(In Bulk) | INDONESIA | ၁. ၉. ၂၀၁၈ |
| MT.CORVUS | P'Oil(In Bulk) | INDONESIA | ၁. ၉. ၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၂. ၉. ၂၀၁၈ |
| MT.ORCA PACIFIC | ဒီဇယ်ဆီ | SINGAPORE | ၂. ၉. ၂၀၁၈ |
| MT.AU GEMINI | P'Oil(In Bulk) | INDONESIA | ၂. ၉. ၂၀၁၈ |
| MT.PHUBAI PATTARA-2 | ဒီဇယ်ဆီ | SINGAPORE | ၃. ၉. ၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၄. ၉. ၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၇. ၉. ၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၀. ၉. ၂၀၁၈ |

## ကြက်သွန်

# ပြည် ကြက်သွန်နီ အရောင်းအဝယ်အေး၍ ဈေးငြိမ်



ယခုတစ်ပတ်တွင် ပြည်ဈေးကွက်၌ ကြက်သွန်နီရောင်းဝယ်မှုမှာ ဈေးနှုန်းများတည်ငြိမ်ပြီး အရောင်းအဝယ်မှာ အေးလျက်ရှိနေကြောင်း သိရပါတယ်။ ပခုက္ကူ၊ ဆိပ်ဖြူ၊ အောင်လံဘက်မှ ကြက်သွန်နီများ နေ့စဉ်ပိဿာ ၃၀ ဝင် အိတ် ၃၀၀-၄၀၀ ခန့် ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်မှာ ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့်ကို ပုံမှန်ဝယ်လက်များဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ပြည်ဈေးကွက်အတွင်း စားဖိုဆောင်သုံး သီးနှံများ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့် ပွဲရုံပေါင်း ယခင် ၃၀ ခန့်ရှိရာ အရောင်းအဝယ် ဆက်တိုက်အေးနေသည့်အတွက် ပွဲရုံ ၂၀ ခန့်သာ ရောင်းဝယ်မှုအများအပြား ပြုလုပ်လျက်ရှိကြောင်းလည်း ပွဲရုံလုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရပါတယ်။ ဈေးနှုန်းများအနေနဲ့ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၅၀၀-၅၅၀-၆၀၀-၆၅၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို(ကြီး) ကျပ် ၆၅၀-၇၀၀၊ (လတ်) ကျပ် ၇၀၀-၈၀၀၊ (သေး) ကျပ်၆၀၀-၆၅၀ စသည်ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# မူဆယ်မှ ကြက်သွန်နီပိုမိုတင်ပို့

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၁ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၅၃၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၁၇ တန်နဲ့ နှိုင်းယှဉ်ပါက ၁၁၅တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၅၅၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း တာချီလိတ်မှ ကြက်သွန်နီတန် ၁၀၀ တင်ပို့ခဲ့တာ ကြောင့် ထိုင်းနိုင်ငံသို့ ပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။

**မော်မော်အောင်**

## ပြောင်း

# တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၁၆ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့တန် ချိန် ၁၃၄၀၀ ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှု မှာ မူဆယ်မှ တန် ၁၁၈၅၀ နဲ့ လွယ်ဂျယ်မှ တန် ၁၅၅၀ ခွဲ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၈၈၈၇ တန်၊ လွယ်ဂျယ်မှ ၄၀၅ တန် စုစုပေါင်း ၉၂၉၂ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ ပြောင်း၄၁၀၈ တန် ကျော်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၂၄၅၆၁ ကျပ်ရှိရာမှ ဩဂုတ် ၁၈ ရက် မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ၃၂၁၇၃၉ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၃၇၆ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၅ စီးပိုမိုခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း တစ်ဘက်နိုင်ငံတွင် ပြောင်းနဲ့ ဆန်ကားများ ဝင်/ထွက်သွားလာမှု ပုံမှန်ရှိနေကြောင်းသိရပါတယ်။

**မော်မော်အောင်**

## နနွင်း

# မောင်တောမှ နနွင်းတက် ပိုမိုတင်ပို့

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၂၀၀ တန်ဖိုးရှိ နနွင်းတက်တန် ၂၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆ တန်နီးပါးနဲ့နှိုင်းယှဉ်ပါက ၁၄ တန်ခန့်ပိုမို တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၅ သန်းတန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၁၀၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅၁ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၄၉ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ)ကျပ် ၉၇၂၁၄၀ ဝန်းကျင်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၆၉၅၄၀ ဖြစ်ပြီး ၂၀၁၆ခုနှစ်ကာလတူက ကျပ် ၉၃၃၁၀၀ ဈေးရှိခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

# အရောင်းအဝယ်ပြန်ကောင်းနေတဲ့ ရှမ်းနနွင်း

ယခင်တစ်ပတ်က ပုံမှန်သာအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ရှမ်းနနွင်းက ဒီတစ်ပတ်တော့ အရောင်းအဝယ် ပြန်ပြီးကောင်းလာပါတယ်။ ရန်ကုန်၊ မန္တလေး၊ ပြည်စတဲ့ မြို့တွေက ဝယ်လိုအားများလာတဲ့အတွက် အရောင်းသွက်လာတာဖြစ်တယ်လို့လည်းသိရပါတယ်။ ပြည်တွင်းသုံးအတွက်သာအဝယ်များနေပြီး ပြည်ပတင်ပို့ဖို့အတွက်တော့ ဝယ်ယူမှုနည်းနေပါတယ်။ ပြည်ဝယ်လက်တွေကတော့ တောင်ကုတ်ကတစ်ဆင့် တင်ပို့ဖို့အတွက် ဝယ်ယူမှုရှိနေပေမဲ့ အရင်လိုအများအပြားဝယ်ယူတာတော့မရှိသေးပါဘူး၊ အရင်နှစ်တွေကတော့ အောင်ပန်းမှာရှိတဲ့ နနွင်းသစ်တွေကို အောင်ပန်းအခြေစိုက်ကုမ္ပဏီတွေက အချပ်ပြားအဖြစ်ပြုလုပ်ဖို့အတွက် ဝယ်ယူမယ်လို့ စီစဉ်ခဲ့ပေမယ့် အနည်းအကျဉ်းသာဝယ်ယူခဲ့တယ်လို့လည်း သိရပါတယ်။ ဒီနှစ်တော့ ပြည်ပဝယ်လိုအားထက် ပြည်တွင်းဝယ်လိုအားသာရှိပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ နနွင်းပိဿာချိန်ပေါင်း ၁၂၀၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာပေါက်ဈေးတွေကတော့ အနိမ့်ဆုံး ကျပ် ၁၀၀၀ မှ အမြင့်ဆုံးကျပ် ၂၀၀၀ ရှိပါတယ်။

**ဧခိုင်၊ တောင်ကြီး**

## ချင်း

# ဒီတစ်ပတ် ရှမ်းချင်း ဈေးကောင်းရ

ဒီတစ်လတော့ ရှမ်းချင်းက အရောင်းအဝယ်ကောင်းလာပါတယ်။ အရင်လကတည်းကစပြီး ဈေးကောင်းလာတဲ့ ချင်းကဒီတစ်ပတ်မှာလည်း အရောင်းအဝယ်သွက်နေပြီး ဈေးကလည်းကောင်းနေပါတယ်။ ပြည်ပဝယ်လိုအားကောင်းလာတာကြောင့် ဈေးကွက်မှာလည်း လက်ကျန်ကလည်းနည်းလာပါပြီ။ တောင်သူတွေလက်ထဲမှာလည်း နည်းသွားသလို ဈေးကွက်မှာလည်းအဝင်နည်းသွားပြီလို့ ဒေသခံတွေထံကသိရှိရပါတယ်။ ဒီနှစ်ဝယ်လက်တွေကတော့ ပင်လယ်ရေကြောင်းကရောနယ်စပ်ကပါပို့နေတာကြောင့် တစ်ပတ်အတွင်းမှာ ချင်းစိုက ပိဿာချိန်ပေါင်း ၄ သိန်းတိတိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။အများဆုံးဝယ်လက်တွေကတော့ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တပ်ကုန်း၊ ပြည်စတဲ့မြို့တွေဖြစ်တယ်လို့လည်း သိရပါတယ်။

**ဟိုပုံးဈေးကွက်မှာလည်း** ချင်း(စို)က အရောင်းအဝယ်ကောင်းနေပါတယ်။ ဟိုပုံးမြို့နယ်က အောင်ပန်းမြို့ထက်ချင်း အထွက်နှုန်းနည်းတာကြောင့် ဈေးကွက်မှာလည်း ကုန်သလောက်ဖြစ်သွားပါပြီ။ အရောင်းအဝယ်ကောင်းတဲ့နှစ်တွေဆိုရင် ချင်းခြောက်ကို မလုပ်ဖြစ်ကြတော့ပါဘူး။ ဒီနှစ်လည်း ချင်းခြောက်က ချင်း(စို) လောက်လည်း အရောင်းအဝယ်မဖြစ်ဘူးလို့လည်းသိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို)က တစ်ပိဿာ ကို ကျပ် ၈၀၀မှ ကျပ်၁၀၀၀ရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၈၀၀သာရှိပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း တစ်သိန်းကိုးသောင်းငါးထောင်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ အောင်ပန်းချင်းပွဲရုံတွေထံကသိရှိရပါတယ်။

**ဧခိုင်၊ တောင်ကြီး**

# ဒီတစ်ပတ် ချင်းတန်ချိန် ၉၀၀ နီးပါးတင်ပို့

ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်းချင်း ၈၈၇တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၃၅၁တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၃၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့ခဲ့တဲ့ချင်း၆၄၄တန်နဲ့ နှိုင်းယှဉ်ရင် ၂၄၃တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀-၂၂၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၇၀၅၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

# အိမ်နီးချင်းနိုင်ငံများသို့ ချင်းတင်ပို့

ဩဂုတ်၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၆၃၀ တန်ဖိုးရှိ ချင်းခြောက် ၃၉ တန်ကိုလည်းကောင်း၊ မောင်တောကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၄၀၀၀ တန်ဖိုးရှိ ချင်းစို တန် ၂၀ ကိုလည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စစ်တွေမှာ ချင်းခြောက်တစ်တန်လျှင် မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် ၂၄၄၆၃၀ ဈေးရှိတယ်လို့သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ် လာ ၂၀၄၈၁ တန်ဖိုးရှိ ချင်းခြောက် တန် ၃၀ ကျော်ကို ထိုင်းနိုင်ငံသို့လည်းကောင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၈၀၀ တန်ဖိုးရှိ ချင်းခြောက် ၅တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ မူဆယ်မှာ ချင်းခြောက်တစ်တန်လျှင် မိမိဘက်ပေါက်ဈေးမှာ ကျပ် ၁၁၆၂၈၀၀ ခန့်ရှိတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**



## မန်ကျည်း

# ယခင်တစ်ပတ်ထက် မန်ကျည်းတင်ပို့မှုပို

ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းသီး ၁၄၉ ဒသမ ၁၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်၅၀နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၉၉တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၂၈၇ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**




# ပို့ကုန်တိုးတက်ရေး၊ အခွန်အခ ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သော ကုန်သွယ်မှုကဏ္ဍ

● ကြည်စိမ့်သူ(ရောမြေ) ●

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ ပြည်ပကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဟာ ယာဉ်တစ်စီးကို မောင်းနှင် လျက်ရှိတဲ့ အင်ဂျင်သဖွယ် အရေးပါလျက်ရှိပါတယ်။ ဒီလိုအရေးပါလှတဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးကို ဦးစားပေး ဆောင်ရွက်ခဲ့တဲ့အတွက် နှစ်စဉ် ကုန်သွယ်မှုပမာဏများ တိုးတက် လာသကဲ့သို့ကုန်သွယ်မှုပမာဏ လိုငွေလျှော့ချနိုင်စေရေး အတွက် ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေးကိုလည်း အစဉ်တစ်စိုက် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာ ကုန်သွယ်မှုစနစ် များအရ Re-Export၊Transit Trade စသည့် နည်းလမ်းများဖြင့် ကုန်သွယ်မှု တိုးမြှင့်စေရေး ဆောင်ရွက်လျက်ရှိရာ၊ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပကုန်သွယ်မှု တိုးတက်စေရေး အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်ဘဏ္ဍာများ တိုးတက်ရရှိစေရန်၊ ဆိပ်ကမ်းဝန်ဆောင်ခများ တိုးတက်ရရှိစေရန်၊ လုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်တဲ့ လုပ်ငန်းရှင်နှင့်ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ ဘက်စုံ အကျိုး ဖြစ်ထွန်းစေရန် ရည်ရွယ်၍ နိုင်ငံတကာ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများ နှင့်အညီ Re-Export စနစ်အား စတင် ဆောင်ရွက်ခဲ့ပါတယ်။

Re-export စနစ်ဖြင့်သကြားတင်သွင်းမှုအား ပြည်တွင်း ကြံစိုက်ပျိုးထုတ်လုပ်သည့်ကာလတွင် ကြံစိုက်ပျိုး ထုတ်လုပ်သူ တောင်သူများနှင့် သကြားကြိတ်ခွဲ ထုတ်လုပ်သူများ ဈေးနှုန်းအရ ထိခိုက်မှု မရှိစေရန်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။ ထို့နောက် ပြည်တွင်း ကြံစိုက်ပျိုး ထုတ်လုပ်သူများ၊ ပြည်တွင်း သကြားစက် လုပ်ငန်းများအား ထိခိုက်မှုမရှိစေရန် အစီအစဉ်များချမှတ်၍ Re-export စနစ်ဖြင့် သကြား တင်သွင်း/ တင်ပို့ခွင့်အား ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက် နေ့မှစ၍ ပြန်လည်ခွင့်ပြု ပေးခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ခေတ္တရပ်ဆိုင်းသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စုစုပေါင်း သကြားတန်ချိန် (၄)သန်းခန့် Re-export စနစ်ဖြင့် တင်ပို့တင်သွင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်နေ့မှ ဩဂုတ် ၁၇ ရက်နေ့ထိတွင် တန်ချိန် ၄ သိန်းကျော်၊ တန်ဖိုးဒေါ်လာ ၂၆၈ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း လေ့လာ သိရှိရပါတယ်။ ထိုသို့ တင်ပို့နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှု ပမာဏ မြင့်မား တိုးတက်လာမှုနဲ့အတူ နိုင်ငံတော်အတွက် သတ်မှတ် အခွန်အခများ တိုးတက်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ Re-export ကို ဆောင်ရွက်ရန် ခွင့်ပြုသည့်အတွက် ကုန်သွယ်မှုပမာဏ တိုးလာစေသည့် အပြင် နိုင်ငံတော်အနေဖြင့် Re-export(သကြား) ပေါ်တွင် စုစုပေါင်း အခွန်ငွေ ၄ ဒသမ ၅ ရာခိုင်နှုန်းရရှိပြီး Supply Chain တစ်လျှောက် အကျိုးသက်ရောက်မှုအနေဖြင့် ကုန်သည်လုပ်ငန်းရှင်များအပြင် Transportation Services လုပ်ငန်းရှင်များကိုပါ ပိုမိုအကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။

ကမ္ဘာပေါ်ရှိ သကြားထုတ်လုပ်နိုင်မှု၊ တင်ပို့ရောင်းချနိုင်မှု၊ တင်သွင်းမှု အခြေအနေများကို လေ့လာကြည့်ရာတွင် သကြား အများဆုံး ထုတ်လုပ်သော နိုင်ငံများမှာ Foreign Agricultural Service (USDA)၏ စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပါတယ်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်း နိုင်ငံများမှာ ဘရာဇီး၊ ထိုင်း ၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂနိုင်ငံများဖြစ်ကြပြီး ၂၀၁၈ ခုနှစ် မေလအထိ ဘရာဇီးနိုင်ငံသည် တန်ချိန် ၂၃ ဒသမ ၆ သန်း၊ ထိုင်းနိုင်ငံသည် တန်ချိန် ၁၁ သန်း၊ အိန္ဒိယနိုင်ငံသည် တန်ချိန် ၆ သန်း၊ ဩစတြေးလျနိုင်ငံသည် တန်ချိန် ၃ ဒသမ၇ သန်း၊ ဥရောပသမဂ္ဂနိုင်ငံများမှ တန်ချိန် ၃ သန်း အသီးသီး တင်ပို့နိုင်ခဲ့ကြပါတယ်။ သကြားတင်သွင်းမှု အများဆုံး နိုင်ငံများကတော့ အင်ဒိုနီးရှား၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ဖြစ်ကြပါတယ်။

အင်ဒိုနီးရှားနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး သကြား လိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံသည် သကြား ထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများ စာရင်းတွင် ၅ နိုင်ငံမြောက်အဖြစ် ပါဝင် ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်း စားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့် ဖြစ်သည့်အတွက် ၆ သန်းခန့် လိုအပ်လျက် ရှိပါတယ်။ USDA တွင် ဖော်ပြပါရှိသော စာရင်းများ အရလည်း တရုတ်နိုင်ငံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေလအထိတွင် နှစ်စဉ် ပျမ်းမျှသကြား တန်ချိန် ၄ သန်းကျော်မှ ၆ သန်းကျော်ထိ တင်သွင်းရလျက်ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

မိမိတို့မြန်မာနိုင်ငံမှာ Re-export စနစ်ဖြင့် သကြားတင်သွင်း/ တင်ပို့ခွင့် ပြုပေးခဲ့ခြင်း၏ အကျိုး/အပြစ်များကို ပြန်လည်လေ့လာ ဆန်းစစ်ကြည့်ပါက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်ပနိုင်ငံများမှ သကြား တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၅၀ မှ ၄၈၀ ဖြင့် ဝယ်ယူတင်သွင်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ပြန်လည်ရောင်းချရာတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ မှ ၆၅၀ ရရှိသဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၁၅၀ ပိုမိုရရှိခဲ့ပါတယ်။ အဆိုပါ ပိုမိုရရှိမှုများကို Re-export လုပ်ငန်းစဉ်တစ်လျှောက် သယ်ယူပို့ဆောင်သူ၊ အတင်အချ အလုပ်သမားများ အပါအဝင် အားလုံး ခွဲဝေခံစား ရရှိခဲ့ပြီး ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်း များစွာရရှိခဲ့တာကို တွေ့ရှိရပါတယ်။

ဒ့ါအပြင် Re-export စနစ်ဖြင့် သကြား တင် သွင်းခြင်းအတွက် ပြည်တွင်း ဆိပ်ကမ်းများဘက်မှ သကြားတစ်တန် တင်သွင်းတိုင်း နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၈ ဒေါ်လာ မြန်မာငွေအားဖြင့် ၁၁၀၀၀ ကျပ်ရရှိခြင်း၊ ဆိပ်ကမ်းရှင်းလင်းရေး ဝန်ဆောင်မှုနှင့် ဆိပ်ကမ်းမှ ရန်ကုန် သိုလှောင်ရုံအထိ သကြားတစ်တန်လျှင် မြန်မာငွေကျပ် ၁၃၀၀၀ ရရှိခြင်း၊ ပြည်ပတင်ပို့သည်အထိ ကုန်တင်ကုန်ချ အဆင့်ဆင့် ပြုလုပ်ခြင်းများအတွက် အလုပ်သမားခ သကြားတစ်အိတ်လျှင်ပျမ်းမျှကျပ် ၅၀၀ ခန့်အထိရရှိခဲ့သည့်အတွက် တစ်တန်လျှင် ကျပ် ၁၀၀၀၀ ခန့်ရရှိခြင်း၊ သကြားယာယီ သိုလှောင်ခြင်းအတွက် တစ်တန်လျှင်ကျပ် ၁၂၀၀ မှကျပ် ၁၆၀၀ ထိ ရရှိခြင်း၊ မူဆယ်အထိ သယ်ယူပို့ဆောင်ခ သကြားတစ်တန်လျှင် ကျပ် ၇၅၀၀၀ ခန့် ရရှိခြင်း စသည့် Supply Chain တစ်လျှောက်ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်၏ အခွန်ဘဏ္ဍာရရှိမှု ဘက်တွင်လည်း Re-export စနစ်ဖြင့် သကြားအား ကုန်သွယ်ခွင့် ပြုခဲ့ခြင်းကြောင့် ယခင်က အကောက်ခွန် သုညဒသမ၅ရာခိုင်နှုန်း၊ ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ တင်သွင်းတင်ပို့ခဲ့သည့် Re-export သကြား တန်ချိန် ၄ သန်းအပေါ်တွင် နိုင်ငံတော်အနေဖြင့် အခွန်ခန့်မှန်းခြေကျပ် ၁၂၈ ဘီလီယံခန့် ရရှိခဲ့ပါတယ်။ သို့ရာတွင် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှ စ၍ သကြားတင်သွင်းသည့် အကောက်ခွန် နှုန်းထားအား သုည ဒသမ၅ရာခိုင်နှုန်းမှ ၃ရာခိုင်နှုန်း အထိ တိုးမြှင့်သတ်မှတ်ခဲ့သည့်အတွက် နိုင်ငံတော်အတွက် အခွန် ၅ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိခဲ့ပါတယ်။ သို့ဖြစ်၍ Re-export စနစ်ဖြင့် သကြား တင်သွင်း/တင်ပို့ခြင်းဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် တင်သွင်းသည့် တန်ဖိုးအပေါ် အကောက်ခွန် ၃ ရာခိုင်နှုန်း၊ ကြိုတင် ဝင်ငွေခွန် ၂ရာခိုင်နှုန်း အခွန်ရရှိခဲ့ပြီး သကြား တစ်တန်လျှင် အခွန်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၂ဒသမ၅ ခန့် ရရှိခဲ့တာကို လေ့လာ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ သကြားများ တင်သွင်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်တင်ပို့မှု (Re-export) လုပ်ဆောင်နေခြင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သကြား ပြည်တွင်းဈေးများနှင့် ပြည်ပမှ တင်သွင်းသည့် ဈေးများကွာဟမှုကြောင့်ဖြစ်ပါတယ်။ လက်ရှိ သကြား နိုင်ငံတကာပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၅၀ ခန့်ရှိပြီး၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ သကြားထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ထိုင်းနိုင်ငံထက် နှစ်ဆ၊ အိန္ဒိယနိုင်ငံထက် ၃၀ရာခိုင်နှုန်း ကြီးမားကြောင်း လေ့လာ သိရှိရ ပါတယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ပျမ်းမျှ ကြံသကြား တစ်တန် ထုတ်လုပ်မှုမှာ ယွမ် ၆၀၀၀ (အမေရိကန်ဒေါ်လာ ၉၅၂) မျှရှိပါတယ်။ သို့သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပြည်တွင်းသကြားလုပ်ငန်းများကို အကာအကွယ်ပေးသည့်အနေဖြင့် ပြည်ပမှ သကြားတင်သွင်းမှုကို အဆင့်သုံးဆင့် ထားရှိဆောင်ရွက်ထားကာ၊ သကြားတင်သွင်းမှုကို အတားအဆီးများ ပြုလုပ်ထားရာတွင် ကိုတာသကြား (tariff rate quota) တင်သွင်းမှု၊ safeguard measure မထိသော်လည်း ကိုတာထက် ကျော်လွန်သည့် သကြား တင်သွင်းမှုနှင့် safeguard measure သက်ရောက်မှုခံရသည့် သကြား တင်သွင်းမှုဟူ၍ ရှိကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းသကြားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခွင့်ပြုရာတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ စာရင်းအရ တရားဝင်တင်ပို့မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် ၄၆၇၁ ရှိကြောင်း သိရှိရပါတယ်။ **စာမျက်နှာ (၂၇)သို့**

## ဒီတစ်ပတ်ဓာတ်ဆီ/ဒီဇယ်တန်ချိန် ၁၀၀၀၀၀ ကျော်ဝင်

ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၉၃၁၃၂၈၇ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၉၂၉၁၂ ဒသမ ၁၄တန်နဲ့ အမေရိကန်ဒေါ်လာ ၂၀၇၁၇၉၂၆ တန်ဖိုးရှိဓာတ်ဆီ ၃၃၉၉၁ ဒသမ ၂၇ တန်၊ စုစုပေါင်း ၁၂၆၉၀၃ ဒသမ ၄၁တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၂၇၁၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၆၅၇၅၀ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၅၄၇၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၂၀၇၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၆ သန်းတန်ဖိုးရှိ **Re-export** ဒီဇယ် ၁၁၂၉ဒသမ ၇၄တန်ကို တင်ပို့ခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၀၉၃၈၀ တန်ဖိုးရှိ ဒီဇယ် ၁၅၇၅ ဒသမ ၇၂တန်နဲ့ အမေရိကန်ဒေါ်လာ ၈၆၀၀၈၅ တန်ဖိုးရှိ ဓာတ်ဆီ ၁၄၁၂ ဒသမ ၀၁တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၄၀၄၄၇ တန်ဖိုးရှိ ဓာတ်ဆီ ၃၈၄ ဒသမ ၁၇၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၃၁၄၇၇ တန်ဖိုးရှိ ဒီဇယ် ၃၅၇ ဒသမ ၄၄ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လ ၁၈ ရက်မှ ၂၄ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၉၃၈တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၃၄၄ တန် တင်ပို့ခဲ့တဲ့အတွက်ယခုတစ်ပတ်မှာ ၁၅၉၄ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကို ကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ဒသမ ၄၈၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၇၈၈ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၇ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၄၉ တန်ကို တင်ပို့ခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၉ သန်းတန်ဖိုးရှိမတီရှပ်၊စောင်၊ ထမင်းချိုင့်၊ ခြင်ဆေးခွေ၊ ပလပ်စတစ်အိတ်၊ စီးကရက်၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ငါး သေတ္တာတို့ကို ၁၅၅ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၆၄ သန်း တန်ဖိုးရှိ စားတော်ပဲ၊ ဧရုတ်ကောင်း၊ စီးကရက်၊ နန့်ဖာလုံ အမယ်စုံတို့ကို ၄၃၇ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှု ပိုမို

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၄ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၁၉၉ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က ၁၆၄၄ တန် တင်ပို့ခဲ့ တဲ့အတွက် ယခုတစ်ပတ်မှာ ၅၅၅ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်တင်ပို့မှုလျော့နည်းခဲ့ပေမယ့် ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့တဲ့ အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေး ဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ တန် ၅၀၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၇၉၄ သန်း တန်ဖိုးရှိငါးမျိုးစုံ၊ အခြားရေထွက် ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့် တို့ကို ၉၁၁ တန် ၊ မြိတ်ကုန်သွယ် ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒမသ ၃၂၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ ပုစွန်၊ ကဏန်းတို့ကို ၁၂၃၈ တန် တင်ပို့ခဲ့ တယ်လို့ ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**

## Energy NYMEX 31-8-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 70.27 | 0.02 | 0.03 |
| Brent Crude Futr (USD/bbl) | 77.70 | -0.07 | -0.09 |
| Gasoline Rbob Fut (Cent/gal) | 214.60 | 0.25 | 0.12 |
| Natural Gas Futr (USD/MMBtu) | 2.90 | 0.03 | 0.87 |
| Heating Oil Futr (Cent/gal) | 224.56 | -0.27 | -0.12 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27-August | 14.82 | 2514.54 | 2061.84 | 6017.80 | 790.00 |
| 28-August | 14.84 | 2533.94 | 2061.62 | 6025.96 | 805.00 |
| 29-August | 14.73 | 2502.86 | 2101.51 | 6093.84 | 792.00 |
| 30-August | 14.65 | 2502.86 | 2125.76 | 6042.71 | 791.00 |
| 31-August | 14.59 | 2502.86 | 2111.65 | 6051.52 | 794.00 |

## ပြည်တွင်းငွေလဲနှုန်း ဈေးငြိမ်နေခဲ့သော ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဩဂုတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ်၁၅၀၀ ကျော်ဖြင့်သာဈေးမြင့်နေခဲ့ပြီး အတက်အကျနည်းခဲ့ကြောင်းသိရသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၄၉၉ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၁၂ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ တစ်ကျော့ပြန်တင်းမာလာမှုနှင့်အတူ အမေရိကန်၏ရေနံသိုလှောင်မှုလျော့ကျလာခြင်းကြောင့် ဒေါ်လာအညွှန်းကိန်းမြင့်တက်လာကြောင်း၊ ပြည်တွင်းဈေးကွက်တွင်မူ ဒေါ်လာဈေးမှာ ကျပ် ၁၅၀၀ ကျော်တွင်သာရှိနေပြီး အကျဘက်သို့မမျှော်လင့်နိုင်သေးကြောင်း၊ နေပြည်တော်၌ နိုင်ငံတော်အတိုင်ပင်ခံနှင့်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ ခဲ့မှုများကြောင့် ပြည်တွင်းငွေလဲဈေးကွက်မှာ မျှော်လင့်ချက်အားကောင်းလာကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဩဂုတ်၂၇ရက်ကအမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၃၅ကျပ်၊ဝယ်ဈေး ၁၅၂၈ကျပ်မှ ဩဂုတ်၂၉ရက်တွင် အ မေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၇ ကျပ်၊ ဝယ်ဈေး၁၅၃၀ကျပ် သို့မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ရက်တွင် ရောင်းဈေး ၁၅၃၀ကျပ်၊ ဝယ်ဈေး ၁၅၂၂ကျပ်သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး အမြင့်တန်းမှာ ဈေးငြိမ်

ပြည်တွင်းရွှေဈေးနှုန်းသည် ဩဂုတ်လနောက်ဆုံးပတ်အတွင်း ကျပ်၉၇၀၀၀၀ ကျော်သို့ ဈေးမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ဩဂုတ်လစတုတ္ထပတ်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၉၆၀၀၀၀ရှိခဲ့ရာမှ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ကျပ် ၉၇၃၀၀၀သို့မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

“ပြည်တွင်းရွှေဈေးတက်မြဲတက်ဆဲဘဲ။ ဈေးကလည်း ကောင်းနေသလို ဒေါ်လာဘက်မှာလည်း လူတွေသိပ်မရှိတော့ဘူးဆိုတော့ ရွှေဘက်ပြန်လိုက်လာတယ်လို့ ယူဆတယ်။ ကမ္ဘာ့ရွှေဈေးကွက်မှာဆိုရင် ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ၁၂၀၀ကျော်လောက်တော့ နည်းနည်းပြန်တက်တယ်။ အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲကလည်း တစ်ကျော့ပြန်အရှိန်ပြန်ရနေတာလည်းရှိသလို အမေရိကန်ဘက်ကလည်း ကုန်သွယ်ရေးမှာ အမေရိကန် နစ်နာမှုတွေကိုမပြုပြင်ပေးဘူးဆိုရင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)ကနေ နုတ်ထွက်မယ်ဆိုတဲ့သတင်းတွေက ကမ္ဘာ့ရွှေဈေးကိုသက်ရောက်မှုရှိနိုင်တယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၂၇ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၆၈၀၀၀ရှိခဲ့ရာမှ ဩဂုတ် ၃၀ရက်တွင် ကျပ် ၉၆၉၀၀၀သို့ မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ရက်တွင် ကျပ် ၉၇၃၀၀၀သို့မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဩဂုတ်၂၇ရက်က ရွှေတစ်အောင်စလျှင် ၁၂၀၄အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၂၉ရက်တွင် တစ်အောင်စလျှင် ၁၂၀၃ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သော်လည်း ဩဂုတ်၃၁ရက်တွင် ၁၂၀၄အမေရိကန်ဒေါ်လာသို့ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## YSX EXPO 2018 ကို စက်တင်ဘာ ၉ရက်တွင် ကျင်းပမည်

ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ်၍ YSX EXPO 2018ကို စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့၊ Novotel Hotel၌ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးမှ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအရင်းအနှီးဈေးကွက်အခန်းကဏ္ဍ (Role of Capital Market in Growth of Myanmar Economy)ကို လေ့လာသုံးသပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စာရင်းဝင်ကုမ္ပဏီအကြီးအကဲများမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြသွားမည်ဖြစ်ပြီး “စာရင်းဝင်ကုမ္ပဏီများ၏ရှေ့ဆက်လုပ်ဆောင်သွားမည့် အနာဂတ်အလားအလာများ (Future Business Outlooks of Listed Companies) ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဘဏ္ဍာရေးဆိုင်ရာကျွမ်းကျင်သူ ဦးကျော်မျိုးထွန်းမှ မြန်မာနိုင်ငံ၏ စတော့ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ (Stock Investment Opportunity in Myanmar)ကို လေ့လာသုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံ၏အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အကြောင်းအရာဖြစ်သည့် (Foreign Participation & Myanmar Companies Potential) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

EXPOတွင် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ ပြခန်းများ၊ ဘဏ္ဍာရေးသင်တန်းများ၏ ပြခန်းများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ပြခန်းများ၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

**August 31, 2018**

**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 84.08 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.83 |
| EUR Euro | 0.86 |
| H KD Hong Kong Dollars | 7.85 |
| I NR India Rupees | 70.97 |
| I DR Indonesia Rupiahs | 14749.26 |
| JPY Japan Yen | 110.99 |
| MYR Malaysia | 4.12 |
| PKR Pakistan Rupees | 123.12 |
| PHP Philippines Pesos | 53.51 |
| RUB Russia Rubles | 68.16 |
| SGD Singapore Dollars | 1.37 |
| KRW South Korea Won | 1113.11 |
| LKR Sri Lanka Rupe | 161.50 |
| THB Thailand Baht | 32.73 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23297.37 |

*Source:xe.com*

## World Gold Price

**August-2018** **(USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1210 | 1210 | 1213 |
| 28 | 1214 | 1214 | 1213 |
| 29 | 1208 | 1208 | 1208 |
| 30 | 1207 | 1207 | 1207 |
| 31 | 1213 | 1207 | 1207 |

## Domestic Gold Price

**Kyats(Thousand)**

| Date | Yangon | Mandalay |
|---|---|---|
| 27-8- 2018 | 966.00 | 966.60 |
| 28-8- 2018 | 980.00 | 979.50 |
| 29-8- 2018 | 981.00 | 980.50 |
| 30-8- 2018 | 975.50 | 975.00 |
| 31-8- 2018 | 971.00 | 971.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6.81 | 32.58 | 83.57 | 69.91 |
| 28 | 6.81 | 32.56 | 83.49 | 70.15 |
| 29 | 6.81 | 32.72 | 83.49 | 70.31 |
| 30 | 6.83 | 32.72 | 83.58 | 70.69 |
| 31 | 6.83 | 32.73 | 84.08 | 70.97 |

## ဘိလပ်မြေ

# ရေကြောင်းလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှအဝင်ပို

ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၉၉၉တန်ဖိုးရှိ ဘိလပ်မြေ ၁၂၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ၄၄၆တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၃၂၁ တန်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဩဂုတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၀၁၀၃တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၃၇၂၇တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ၆၃၇၆တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှအဝင်လျော့နည်းခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာတော့ အရောင်းအဝယ်နည်းနည်းတက်လာတယ်။ဒါပေမယ့်ဈေးကတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီရက်ပိုင်းမိုးလည်း ပါးလာတာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် အယ်လ်ဖာ ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်လာပြီးကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ်၄၈၀၀၊အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ဖြစ်လာတယ်။ ဈေးတော့ အပြောင်းအလဲမရှိဘူးလို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ်၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၄၀၀၊ အပါချီ ကျပ်၄၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ယခင်တစ်ပတ်ထက်ဒီတစ်ပတ်မှာ ရောင်းအားပိုတက်လာတယ်။ ရောင်းအားတက်ပေမယ့် ဈေးတော့မပြောင်းဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ခတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာအဝင်လျော့

ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၃၀၃၁၆တန်ဖိုးရှိမြေသြဇာ ၈၃၄၆ဒသမ၆၈တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၂၀၂၉ ဒသမ ၃တန်၊ အိန္ဒိယနိုင်ငံမှ ၁၆တန်၊ အီရန်နိုင်ငံမှ ၃၄၈၀တန်၊ နော်ဝေနိုင်ငံမှ ၂၄၅ ဒသမ ၆၇တန်၊ရုရှားနိုင်ငံမှ ၅၀၀ ဒသမ၄၀တန်၊ဆော်ဒီနိုင်ငံမှ ၅၂၈ ဒသမ ၂၈တန်၊ စပိန်နိုင်ငံမှ ၃ ဒသမ ၅၇တန်၊ တိုင်ဝမ်နိုင်ငံမှ ၂၈၈တန်၊ ထိုင်းနိုင်ငံမှ ၁၂၅၅ဒသမ ၄၆တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့သော အမျိုးအစားများမှာ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ အမိုးနီးယားဆာလဖိတ်၊ အော်ဂဲနစ်၊ ခတ်ဆား၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ယူရီးယား၊ အာမိုတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၅၆၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၇၃၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ဖြစ်

ဩဂုတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၂၆၅၄၄တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၂၂၇၃၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၈၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးမှာ အရောင်းအေးပြီး မကွေးနဲ့ မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ကွန်ပေါင်း၁၅ပတ်လည် ကကျပ် ၂၅၀၀ဈေးမြင့်လာပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၅၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပါးပြီးယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်)ကျပ် ၂၆၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၇၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၂၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၇၁၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၅၇၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၂၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၅၈၀၀ ၊ မြားကမ္ဘာကျပ် ၁၆၆၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** စိုက်ပျိုးရာသီရောက်လာတာကြောင့် အရောင်းအဝယ်လေးတွေက ပြန်ဖြစ်လာတယ်။ ဒီမှာကအရောင်းအဝယ်ကောင်းတာနဲ့ မြေသြဇာဈေးက တက်လို့မရဘူး။ကုမ္ပဏီဈေးပေါ်ပဲ မူတည်တယ်။ဒီတစ်ပတ်မှာတော့ ဈေးအပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၃၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)ကျပ်၂၇၃၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၇၀၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၁၉၈၀၀၊ တီစူပါ ကျပ် ၂၃၇၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ရာသီချိန်ရောက်လာတာကြောင့် အရောင်းအဝယ်က ပုံမှန်ဖြစ်လာတယ်။ ဒီတစ်ပတ်မှာတော့ မြေသြဇာဈေးတွေက ကျပ် ၁၀၀မှ ၅၀၀အတွင်းအတက်အကျရှိတယ်။ ဒီလို ဈေးတက်ရတာလည်း ငွေဈေးအတက်အကျကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၂၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၆၃၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၂၂၂၀၀၊ မြားသီးစုံ ကျပ် ၁၅၅၀၀၊ ပန်းသီးစုံ ကျပ် ၁၆၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၇၇၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၀၀၀၊ ပိုတက် ကျပ် ၂၄၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၇၇၀တန်ဖိုးရှိ နို့ဆီ ၄၇ ဒသမ ၅၆၈တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်က နို့ဆီတန်ချိန် ၅၃၀ ကျော် တင်သွင်းနိုင်ခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၈၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၂၇၃၃၁၅ တန်ဖိုးရှိ နို့မှုန့် ၇၆ဒသမ၉၂၄တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၇၅ ဒသမ ၆၀တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁ ဒသမ ၃၂၄တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ်က နို့မှုန့်၅၁တန်ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀ကျော် တင်သွင်းမှုပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာနို့ဆီအဝင်လျော့ပြီး နို့မှုန့် အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၈ မှ ၂၄/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၈ မှ ၁၇/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | (+) | ၅၀.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၈၅၀.၀၀ | ၄၂၇.၀၀ | (+) | ၄၃၁.၀၀ |
| ၅။ | တာချီလိတ် | ၉၀၀၀.၀၀ | ၁၅၀၀.၀၀ | (+) | ၇၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၅.၀၀ | - | (+) | ၂၅.၀၀ |
| ၈။ | မြိတ် | ၁၇၀.၀၀ | ၁၈၀၀.၀၀ | (-) | ၁၆၃၀.၀၀ |
| | စုစုပေါင်း | ၁၀၁၀၃.၀၀ | ၃၇၂၇.၀၀ | (+) | ၆၃၇၆.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၈ မှ ၂၄/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၈ မှ ၁၇/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၆၆၂.၅၀ | ၁၆၁၃၉.၇၇ | (+) | ၁၄၄၇၇.၂၇ |
| ၂။ | လွယ်ဂျယ် | ၇၅၁.၅၀ | ၈၆၃.၀၀ | (-) | ၁၁၁.၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၅၉၉.၅၀ | ၁၂၇၃.၅၀ | (+) | ၃၂၆.၀၀ |
| ၄။ | ကန်ပိုက်တီ | ၅၉၃.၀၀ | ၄၅၃.၀၀ | (+) | ၁၄၀.၀၀ |
| ၅။ | မြဝတီ | ၅၁၃၇.၆၈ | ၂၇၂၀.၉၃ | (+) | ၂၄၁၆.၇၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၈၀.၀၀ | (-) | ၈၀.၀၀ |
| ၈။ | ရိုဒ် | ၁၈၀၀.၀၀ | ၁၂၀၀.၀၀ | (+) | ၆၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၆၅၄၄.၁၈ | ၂၂၇၃၀.၂၀ | (+) | ၃၈၁၃.၉၈ |

ခင်မိုးသူ

# အလားအလာကောင်းသော အာဆီယံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းတိုးချဲ့ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရ

**သိန်းမြင့်ဝေ**

စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကုမ္ပဏီများသည် အရှေ့တောင်အာရှဒေသတွင်ရှိသော စီးပွားရေးတိုးတက်မှု အလားအလာကောင်းများကို ရယူအသုံးချရန် စိတ်အားထက်သန်နေကြသည်။ သို့သော်လည်း ၎င်းတို့သည် အရှေ့တောင်အာရှဒေသတွင် လုပ်ငန်းတိုးချဲ့ရန်အတွက် အဓိကအခက်အခဲ(၃)မျိုးကို ရင်ဆိုင်နေရကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ပထမအချက်မှာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း အဟန့်အတားများ (Rules and regulatory barriers) ကို ကျော်လွှားရန် ခက်ခဲခြင်းဖြစ်သည်။ ဒုတိယအခက်အခဲမှာ သင့်လျော်သောစီးပွားရေးလုပ်ငန်းမိတ်ဖက်များ (Business partners) ရှာဖွေရန် မလွယ်ကူခြင်းဖြစ်သည်။ တတိယအချက်မှာ လုပ်ငန်းတိုးတက်မှုကို အထောက်အကူပြုမည့် ကျွမ်းကျင်ဝန်ထမ်း သို့မဟုတ် ကျွမ်းကျင်ပညာရှင် (Right talent) ငှားရမ်းရန် ခက်ခဲခြင်းဖြစ်သည်။

စင်ကာပူမီဒီယာကုမ္ပဏီတစ်ခုဖြစ်သော The Business Times နှင့် လန်ဒန်အခြေစိုက် နိုင်ငံတကာဘဏ်လုပ်ငန်းတစ်ခုဖြစ်သော Standard Chartered Bank တို့ ပူးပေါင်းပြီး စစ်တမ်းတစ်ခုပြုလုပ်ခဲ့သည်။ ၎င်းစစ်တမ်းအရ ကုမ္ပဏီလုပ်ငန်းရှင်(၅)ဦးကို မေးမြန်းရာတွင် (၄)ဦးမှာ "ကျွန်တော်တို့ကုမ္ပဏီဟာ လာမယ့် (၃) နှစ်ကနေ (၅) နှစ်အတွင်း အာဆီယံဈေးကွက်မှာ လုပ်ငန်းတိုးချဲ့ဖို့ပြင်ဆင်နေပါတယ်" ဟူ၍ ဖြေဆိုပါသည်။

အထက်ပါလုပ်ငန်းရှင်များသည် အာဆီယံ၏ တိုးတက်မှုအလားအလာကောင်းများကို အသိအမှတ်ပြုလျက်ရှိကြောင်းတွေ့ရသည်။ သို့သော်လည်း အာဆီယံဈေးကွက်အတွင်း လုပ်ငန်းချိတ်ဆက်မှု တိုးတက်လာစေရန် များစွာလုပ်ဆောင်ရန် လိုအပ်နေကြောင်း၊ အခက်အခဲများရှိနေကြောင်းစစ်တမ်းဖြေဆိုသူများက ပြောကြားနေသည်။ အထက်ဖော်ပြပါ မီဒီယာနှင့်ဘဏ်တို့ ပူးပေါင်းပြီး အာဆီယံစီးပွားရေးလုပ်ငန်းစု အမျိုးမျိုးမှ ခေါင်းဆောင်နှင့် လုပ်ငန်းပိုင်ရှင်(၁၂၉)ဦးကိုတွေ့ဆုံပြီး ၂၀၁၈ခုနှစ် မေလတွင်စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်း၏အမည်မှာ The Business Times-Standard Chartered Leaders' Survey 2018 ဖြစ်ပါသည်။ အွန်လိုင်းစစ်တမ်း (Online Survey) ကိုလည်း ၂၀၁၈ ခုနှစ်၊ မတ်လနှင့် ဧပြီလတို့တွင်ပြုလုပ်ခဲ့ပါသည်။

စစ်တမ်းဖြေဆိုသူအများစုမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Small and medium-sized companies) ဖြစ်ကြသည်။ ၄၃ ရာခိုင်နှုန်းသော အသေးစားနှင့် အလတ်စားကုမ္ပဏီများသည် ၎င်းတို့၏ နှစ်စဉ်ဝင်ငွေမှာ စင်ကာပူဒေါ်လာ ၁၀ သန်းအောက်တွင်ရှိကြောင်း၊ ၁၇ ရာခိုင်နှုန်းသော လုပ်ငန်းများသည် ယင်းတို့၏ ရောင်းရငွေမှာ စင်ကာပူဒေါ်လာ ၁၀ သန်းနှင့် သန်း ၅၀ ကြားတွင်ရှိကြောင်း၊ ၇ ရာခိုင်နှုန်းသော လုပ်ငန်းများသည် ၎င်းတို့၏ နှစ်စဉ်ဝင်ငွေမှာ စင်ကာပူဒေါ်လာသန်း ၅၀ မှ ၉၉ သန်းထိရှိကြောင်း အသီးသီးဖြေဆိုကြသည်။

ထို့နောက်စီးပွားရေးလုပ်ငန်းကြီးများကို မေးမြန်းရာတွင် ၁၆ ရာခိုင်နှုန်းသော ကုမ္ပဏီကြီးများက ၎င်းတို့၏ လုပ်ငန်းလည်ပတ်ငွေမှာ စင်ကာပူဒေါ်လာ တစ်ဘီလီယံကျော်လွန်ကြောင်း ဖြေကြားသည်။ ၇ ရာခိုင်နှုန်းသော လုပ်ငန်းကြီးများက ယင်းတို့၏နှစ်စဉ်ရောင်းရငွေမှာ စင်ကာပူဒေါ်လာ သန်း ၅၀၀ မှ ၉၉၉ သန်းထိရှိကြောင်း၊ ၉ ရာခိုင်နှုန်းသောလုပ်ငန်းကြီးများက နှစ်စဉ်ရောင်းရငွေ စင်ကာပူဒေါ်လာ သန်း ၁၀၀ မှ ၄၉၉ သန်းထိရှိကြောင်း ဖြေဆိုကြပါသည်။

စစ်တမ်းဖြေဆိုသူလုပ်ငန်းရှင်အားလုံးနီးပါး (၉၂ ရာခိုင်နှုန်း)သည် စင်ကာပူနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေကြပါသည်။ နောက်ထပ်လူကြိုက်များသောဈေးကွက်မှာ မလေးရှားဖြစ်ပြီး ၅၄ ရာခိုင်နှုန်းရှိပါသည်။ စင်ကာပူနှင့် မလေးရှားပြီးနောက် လူကြိုက်များသော ဈေးကွက်များမှာ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မေလ တတိယပတ်တွင် စင်ကာပူနိုင်ငံ၌ပြုလုပ်ခဲ့သော The Business Times Leaders' Forum ဆွေးနွေးပွဲ၏ တွေ့ရှိချက်မှာ "အာဆီယံက ကမ်းလှမ်းသော စီးပွားရေးလုပ်ငန်းအဆိုပြုချက်သည် ရှင်းရှင်းလင်းလင်းရှိသည်" ဟူ၍ဖြစ်သည်။

စစ်တမ်းဖြေဆိုသူများ၏ ပြောကြားချက်အရ ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းခန့်သည် စင်ကာပူမဟုတ်သော အခြားအာဆီယံဈေးကွက်များတွင် လုပ်ငန်းတိုးချဲ့ရန် စိတ်ဝင်စားကြောင်းသိရှိရသည်။ ထို့ကြောင့် လုပ်ငန်းရှင်များသည် အာဆီယံဈေးကွက်အတွင်း လုပ်ငန်းများတိုးချဲ့လိုကြောင်း ထင်ထင်ရှားရှား တွေ့ရပါသည်။

အင်ဒိုနီးရှားဈေးကွက်သည် ထိပ်တန်းဦးစားပေးဈေးကွက်ဖြစ်ကြောင်း၊ တစ်နှစ်အတွင်း အင်ဒိုနီးရှားဈေးကွက်တွင် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တမ်းဖြေဆိုသူ ၃၄ ရာခိုင်နှုန်းက ပြောကြားသည်။ ထို့နောက် လူကြိုက်များသော ဈေးကွက်များမှာ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့်ဖိလစ်ပိုင်တို့ဖြစ်သည်။ အချို့ဖြေဆိုသူများကလည်း မြန်မာနှင့်ကမ္ဘောဒီးယားကဲ့သို့သောထွန်းသစ်စဈေးကွက် (Emerging markets) ကို မျက်စိကျလျက်ရှိကြောင်း ပြောကြားပါသည်။

ထိုကဲ့သို့ အာဆီယံဈေးကွက်များအတွင်း ကုမ္ပဏီများက လုပ်ငန်းတိုးချဲ့ရန် စိတ်ဝင်စားနေရခြင်းမှာအကြောင်းရင်း(၂) မျိုးကြောင့်ဖြစ်သည်။ ပထမအကြောင်းရင်းမှာ အဆိုပါဈေးကွက်များအတွင်း ပြည်တွင်းဝယ်လိုအား (Domestic demand) တိုးတက်နေခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ကုန်စည်နှင့်ဝန်ဆောင်မှုတို့ကို ဝယ်ယူသောဖောက်သည်၏ တောင်းဆိုမှုများ (Customer requests) မြင့်တက်နေခြင်းဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှဒေသ၏ စီးပွားရေးတိုးနေခြင်း (Region's growing wealth) ကလည်း အာဆီယံဈေးကွက်အတွင်း ပိုမိုရင်းနှီးမြှုပ်နှံရန် အဓိက လှုံ့ဆော်ပေးသည့် အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုမျှသာမက အရှေ့မြောက်အာရှမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့လျက်ရှိသော နိုင်ငံကြီးများ (Global exporters from Northeast Asia) ကလည်း အရှေ့တောင်အာရှဈေးကွက်အတွင်း လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံရန် အာရုံစိုက်နေခြင်းမှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

သို့သော်လည်းစစ်တမ်း၏ ၂၀ရာခိုင်နှုန်းသောဖြေကြားသူများက ၎င်းတို့ကုမ္ပဏီသည် လာမည့် ၃ နှစ်မှ ၅ နှစ်အတွင်း အာဆီယံဈေးကွက်တွင် လုပ်ငန်းချဲ့ထွင်ရန် အစီအစဉ်မရှိကြောင်းပြောဆိုပါသည်။ ထို့အတွက် အဓိကအကျဆုံးအကြောင်းရင်း ၂ချက်ရှိပါသည်။ ပထမအချက်မှာ အခြားဈေးကွက်များ၏ဆွဲဆောင်မှု ကောင်းမွန်ခြင်းဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ အာဆီယံဈေးကွက်အတွင်းရှိ လုပ်သားအင်အား ကန့်သတ်ချက်များ (Manpower Constraints) ဖြစ်ပါသည်။

အာဆီယံဈေးကွက်တွင် လက်ရှိစီးပွားရေးလုပ်ငန်းလုပ်ဆောင်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ အဆိုပါကုမ္ပဏီများ ထိပ်ဆုံးမှ ရင်ဆိုင်နေရသော စိန်ခေါ်မှု (၂)မျိုးရှိသည်။ ပထမတစ်မျိုးမှာ သက်ဆိုင်ရာအာဆီယံဈေးကွက်များ၏ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းအဟန့်အတားများ (Barriers on Local rules and regulations) ဖြစ်သည်။ ဒုတိယစိန်ခေါ်မှုမှာ သင့်လျော်သော စီးပွားရေးလုပ်ငန်းမိတ်ဖက်များ (Suitable business partners) ရှာဖွေရန် ခက်ခဲခြင်းဖြစ်ပါသည်။

စာမျက်နှာ-၂၂သို့

## ပြည်တွင်းဆီဈေးနှုန်းများ (၃၁-၈-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၈၀၀ | ၆၀၀၀ | △ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မန္တလေး | ၅၄၀၀ | ၅၄၀၀ | □ | ၅၂၀၀ | ၅၂၀၀ | □ | ၂၀၀၀ | ၂၂၀၀ | △ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| မကွေး | ၅၅၀၀ | ၆၀၀၀ | △ | ၅၇၀၀ | ၆၀၀၀ | △ | ၁၉၀၀ | ၁၉၅၀ | △ |
| မုံရွာ | ၅၁၀၀ | ၅၃၀၀ | △ | ၅၁၀၀ | ၅၃၀၀ | △ | ၂၀၀၀ | ၂၁၂၀ | △ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၁-၈-၂၀၁၈ US$/Ton

| အမျိုးအစား | ဩဂုတ်တတိယပတ် | ဩဂုတ်စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၆၀.၀၀ | ၅၅၀.၅၀ | ▽ |
| RBD P.Olein | ၅၅၄.၀၀ | ၅၅၆.၀၀ | △ |
| RBD P.Stearin | ၅၄၃.၅၀ | ၅၄၅.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၁-၈-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၉၇.၆၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၁.၇၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၃၇.၅၇၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၈-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 605 ဒေါ်လာနှင့် USD ဈေး ၁၅၁၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၃၀-၈-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# စွန့်စားရမည့် စီးပွားရေး

မျိုးသူ(ကုန်သွယ်မြင့်)

ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရှိပါသည်။ ချမ်းသာသော မိဘမှ မွေးလာသကဲ့သို့ လေးဆယ်ကျော်အထိ ဂျပန်နိုင်ငံတွင် သွားရောက်လုပ်ကိုင်ပြီး ပြန်လာသည့်အခါ စုမိဆောင်းမိသည်များနှင့် ဘဏ်တိုးလေးပေးကာ အမွေရသောအိမ်ကြီးတွင်နေရင်း ဇနီး သားသမီးများနှင့်ဘဝကို သာသာယာယာ ဖြတ်သန်းနေသည်ကို မကြာမီက တွေ့ခဲ့ရပါသည်။ အဆိုပါ သူငယ်ချင်းနှင့်မတွေ့သည်မှာ သုံးလေးနှစ်ကြာခဲ့ပြီး မကြာခင်က ပြန်တွေ့သည့်အခါ သူ့ဌေး သူငယ်ချင်းဖြစ်သူ၏ ညည်းချင်းများကို ကြားခဲ့ရပါသည်။ သူငယ်ချင်းမှာ အခြားမည်သည့်အလုပ်ကိုမျှ မလုပ်ပဲ ဘဏ်တိုးနှင့် စားနေရာမှ အဆွယ်ကောင်းသော ဆွေမျိုးနီးစပ်သူတစ်ဦး၏ အကြံဉာဏ်နှင့် ငွေတိုးပေးခဲ့ပါသည်။ သိန်းပေါင်းအတော်များသည်ဟု သိရပါသည်။ ယခုအခါ အတိုးလည်းမရ အရင်းကိုသာ နည်းနည်း ချင်း ပြန်ဆပ်နေသဖြင့် မြွေပါလည်းဆုံး သားလည်းဆုံးရမည့် ကိန်းဖြစ်နေကြောင်း သိခဲ့ရပါသည်။ သူငယ်ချင်းက အခြားစီးပွားရေးများကို လုပ်မည်ဆိုပါက စွန့်စားရမှုများကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးလုပ်ကိုင်စားရန်မှာ အလွန် စွန့်စားရကြောင်း၊ မြေရောင်းဝယ်ပါကလည်း မယုံကြည်ရကြောင်း၊ လိမ်လည်သူ ပေါများကြောင်း၊ တိုက်ခန်းများရောင်းဝယ်ပါကလည်း ပိုင်ဆိုင်မှုမသေချာသည်များ တွေ့ရကြောင်း၊ မော်တော်ကားရောင်းဝယ်လျှင်လည်း ပင်ပန်းဆင်းရဲ၍ မလုပ်လိုကြောင်း၊ စွန့်လည်း စွန့်စားရကြောင်း၊ ရွှေလည်း မလုပ်တတ်ကြောင်း၊ ထောင်လည်း မထောင်လိုကြောင်း၊ လိုင်းကား၊ ဘတ်စ်ကားများလည်း မထောင်လိုကြောင်း၊ စိုက်ပျိုးရေးလည်း မလုပ်လိုကြောင်း၊ ကုန်သွယ်မှုများလည်း စိတ်မဝင်စားကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းမှာလည်း အများစုလုပ်နေသဖြင့် အကျိုးအမြတ်မသေချာကြောင်း၊ အများနှင့် ဆက်ဆံရခြင်း၊ နားမလည်သော အလုပ်များဖြင့် မစွန့်စားလိုကြောင်း၊ ယခု အတိုးပေးသည့်အလုပ်ကို မစွန့်စားရသဖြင့် လုပ်မိခြင်းဖြစ်ကြောင်း၊ ယခုလည်း စွန့်စားရန် မလိုဟု ယူဆရသည့် အတိုးပေးသည့် အလုပ်မှာလည်း ဆုံးရှုံးမှုများနှင့် ကြုံရကြောင်း၊ ယခုမည်သည့် အလုပ်မျှ မလုပ်ပဲထိုင်စားနေရကြောင်း စသဖြင့် ကြားခဲ့ရပါသည်။ သူငယ်ချင်းပြောသမျှကိုနားထောင်ရင်း စီးပွားရေးနှင့် စွန့်စားရမှုကို တွဲမမြင်နိုင်လျှင်၊ တစ်နည်းအားဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းမဆို စွန့်စားမှုရှိနေမည်ကို သဘောပေါက်ရန်နှင့် အဆိုပါ စွန့်စားရမှုကို မည်သို့ ကိုင်တွယ်ထိန်းသိမ်းမည်ကို ကြိုတင်စဉ်းစား ဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းတိုင်း၌ လိုအပ်သည်ကို ရေးသားပြချင်ခဲ့ပါသည်။

## စွန့်စားရခြင်းများ

စီးပွားရေးနယ်ပယ်တွင် စွန့်စားရမှုသည်အမြဲတစေထည့်သွင်းစဉ်းစားရမည့် ကိစ္စတစ်ခုအဖြစ် ပါဝင်မြဲဖြစ်ပါသည်။ မိမိတို့ စဉ်းစားနေကြ 3M, 9M တို့တွင် Risk ဟူသော စကားလုံး မပါဝင်သော်လည်း အချိန်၊ လူ၊ ငွေကြေးနှင့်ကုန်ပစ္စည်းများ ပါဝင်လာသည်နှင့် တစ်ပြိုင်နက် စွန့်စားရမှုများသည် မပြောဘဲနှင့် ကျွဲကူးရေပါ ဆိုသကဲ့သို့ ပါဝင်လာပါသည်။ အခြေခံအား ဖြင့် စွန့်စားရမှုကို ဝယ်လိုအားပိုင်းဆိုင်ရာ စွန့်စားမှု၊ ပံ့ပိုးရေး ပိုင်းဆိုင်ရာ စွန့်စားမှု၊ လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာ စွန့်စားမှုဟု သုံးပိုင်း ခွဲခြားပြောဆိုတတ်ပါသည်။ ပံ့ပိုးမှုပိုင်းဆိုင်ရာစွန့်စားမှုတွင် ကုန်ထုတ်လုပ်မှုအပိုင်း၊ ကုန်ကြမ်းအပိုင်း၊ ကုန်ပေးသွင်းခြင်း အပိုင်း စသည်တို့တွင် တွေ့ကြုံရမည့် စွန့်စားမှုများဖြစ်ပါသည်။ ဥပမာ- ကုန်ကြမ်းလိုအပ်ချက် မြင့်မားသည့်အခါ ကုန်ကြမ်းဖိုးများကို ကြိုတင်ငွေပေးချေပြီး ဖောက်သည်ကို ထိန်းရခြင်းမျိုးရှိသည့်အခါ ကြိုတင်ငွေပေးသည်နှင့်အမျှ စွန့်စားရမှု စတင်သည်ဟု ပြောနိုင်ပါသည်။ ငွေကြေးဆုံးရှုံးမည့်အန္တရာယ်ရှိလာသည်နှင့်အမျှ စွန့်စားမှုဖြစ်ပေါ်လာပါသည်။ ထို့အတူပင် ဝယ်လိုအားအပိုင်းတွင်လည်း စွန့်စားမှုအမျိုးမျိုးရှိကြပါသည်။ အပ်ကုန်စနစ်ဖြင့် ရောင်းချရသည့်အခါမျိုးတွင်လည်းကောင်း၊ အကြွေးရောင်းချရသည့်အခါမျိုးတွင် လည်းကောင်း၊ ကုန်ပစ္စည်း အရင်ပေးထားပြီး တန်ဖိုးငွေမရသေးသည့်အခါမျိုးတွင် စွန့်စားရမှု ပေါ်ပေါက်လာပါသည်။ အလားတူ အခြားခြားသော စွန့်စားမှုများလည်း ဝယ်လိုအားအပိုင်းတွင် ရှိနေပါသည်။ ကုန်ပစ္စည်း အသစ်များ ထုတ်လုပ်သည့်အခါ ဈေးကွက်လိုအပ်ချက်ကို ခန့်မှန်းရန် ခက်ခဲသဖြင့် မည်မျှထုတ်လုပ်မည်ကို တွက်ချက်ရခြင်းမှာ စွန့်စားခန်းတစ်မျိုးပင်ဖြစ်ပါသည်။ ရောင်းမည့် ဈေးနှုန်းကို ဆုံးဖြတ်သတ်မှတ်ရခြင်းမှာလည်း စွန့်စားရခြင်းတစ်မျိုးဖြစ်ပါသည်။ အဆိုပါ ဝယ်လိုအားပိုင်းဆိုင်ရာ စွန့်စားရမှုများနှင့် ပံ့ပိုးမှုပိုင်းဆိုင်ရာ စွန့်စားရမှုများအပြင် လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာ စွန့်စားမှုဟူ၍လည်း ရှိပါသေးသည်။ လုပ်ငန်းကို အမှန်တကယ် အကောင်အထည်ဖော်သည့်အခါ မူလစီမံကိန်းများ၊



စီမံချက်များ ရေးဆွဲစဉ်က မတွေးမိသည်များ၊ မမျှော်လင့်သည်များ ပေါ်ပေါက်လာတတ်ခြင်းမျိုးသည်လည်း စွန့်စားရမှုများပင် ဖြစ်ပါသည်။ ယခုကြုံတွေ့နေရသည့် အမေရိကန်ဒေါ်လာဈေး အတက်အကျများသည်လည်း ပြည်ပပို့ကုန် တင်ပို့သူများ၊ အထူးသဖြင့် ကုန်ပစ္စည်း တင်သွင်းသူများအတွက် ကြီးမားသော စွန့်စားရမှုများ ဖြစ်ပါသည်။ မုန့်ဟင်းခါး ရောင်းသူတစ်ဦးသည် နေ့စဉ် မုန့်အချိန် မည်မျှချက်မည်၊ ဟင်းရည် မည်မျှချက်မည်၊ အကြော်စုံကို မည်သည့်အမျိုးအစားအား မည်မျှ မည်သူ့ဆီမှ မှာမည်၊ ဘဲဥကိုမည်သူ့ဆီမှ ဝယ်မည်၊ မုန့်ဖတ်ကို မည်သည့်ဖိုမှ ဝယ်မည်၊ ငါးကို မည်သည့် ငါးအမျိုးအစားအား မည်မျှဝယ်မည် စသည်တို့ကို နေ့စဉ် စဉ်းစားဆောင်ရွက်ရမြဲဖြစ်ပါသည်။ တစ်ခါတရံဖောက်သည်များဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မုန့်ဖတ်ကို လိုသလောက်မရခြင်း၊ မုန့်ဖတ်မကောင်းသည်ကို ကြုံရခြင်း၊ မုန့်ဖတ်မကောင်းသဖြင့် စားသုံးသူများ အထက်လန်အောက်လျှောဖြစ်ခြင်း စသည့်အချက်များသည် ကြုံတွေ့နိုင်သည့် စွန့်စားရမှုများ ဖြစ်ပါသည်။ အဆိုပါအချက်များကို ဖြေရှင်းနိုင်ရန် ကြိုတင်စဉ်းစားခြင်းသည် စွန့်စားရမှုနည်းပါးစေရန် စီမံဆောင်ရွက်ခြင်းများ ဖြစ်ပါသည်။အဆိုပါ စီမံဆောင်ရွက်သည့် နည်းလမ်းများကို လုပ်ကိုင်ခြင်း၊ ကြိုတင်ကြံစည်ခြင်းများကို စွန့်စားရမှုနည်းပါးစေရန် စီမံဆောင်ရွက်ခြင်းကို Risk Management ဟု ခေါ်ဝေါ်ပါသည်။

## စွန့်စားမှုဖြစ်ပေါ်စေသော အကြောင်းရင်းများ

စွန့်စားရခြင်း အကြောင်းရင်းများတွင်အမျိုးမျိုးသော အကြောင်းများပါဝင်ကြပါသည်။ အကြောင်းရင်းများသည် တစ်ခုချင်း တစ်ချက်ချင်း သက်ရောက်ကြသည်မျိုးမဟုတ်ဘဲ များသောအားဖြင့် အကြောင်းရင်းများ ပေါင်းစပ်ပြီး အကျိုးတရားကို ဖြစ်ပေါ်စေတတ်ပါသည်။ အဆိုပါ အကြောင်းတရားများကြောင့် ဖြစ်ပေါ်သော အကျိုးတရားများသည် စွန့်စားရသည့်ပမာဏကို ကွဲပြားသွားစေတတ်ပါသည်။ အခြေခံအားဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၊ ပထဝီဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် နည်းပညာဆိုင်ရာ အချက်အလက်များဟူ၍ ဖြစ်ပါသည်။

## ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များ

ပတ်ဝန်းကျင်ဆိုင်ရာ စွန့်စားရသည့် အချက်အလက်များကို ပြပါဟုဆိုလျှင် သဘာဝဘေး အန္တရာယ်များ၊ ရာသီဥတု အလွန်ဆိုးဝါးခြင်းများနှင့် ရောဂါဘယ ကပ်ဆိုးများသည် မမျှော်လင့်သော စွန့်စားရသည့်အချက်များဖြစ်ပါသည်။ ဥပမာ- မိုးများသော သစ်တောများအတွင်း သွားရောက်ပြီး အလုပ်လုပ်ရသူများတွင် ငှက်ဖျားရောဂါသည် မမျှော်လင့်သော စွန့်စားရသည့်အချက်တစ်ခု ဖြစ်ခဲ့ပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သော အရာမှာ ရေဖြစ်သကဲ့သို့ အလွန်အကျွံ မိုးရွာသွန်းခြင်း ရေကြီးခြင်းများသည် စိုက်ပျိုးထုတ်လုပ်မှုများအတွက် အဟန့်အတားဖြစ်ခြင်း၊ ထုတ်လုပ်မှုကျဆင်းခြင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှု လျော့ပါးခြင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်း စသည့် အချက်များကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စွန့်စားရမှုများတွင် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ ပါဝင်လာခြင်းဖြစ်ပါသည်။ ယခု ၂၀၁၈ခုနှစ် မိုးတွင်းကာလသည် ယခင်နှစ်များကထက် မိုးများစွာရွာသွန်းပြီး အောက်မြန်မာပြည်မှာ မိုးများစွာရွာသွန်းမှုကြောင့် ရေကြီးမှုများကို ယခု စက်တင်ဘာလအထိ ကြုံတွေ့နေရသည်မှာ နိုင်ငံအတွက် စီးပွားရေး၊ လူမှုစီးပွားရေး အားလုံးတွင် ဆုံးရှုံးမှု၊ နစ်နာမှု၊ စွန့်စားရမှုများ ကြုံတွေ့နေရဆဲဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ သွားလာမှု၊ ကုန်သွယ်မှုဆိုင်ရာ နယ်ပယ်အသီးသီးတွင် ဆုံးရှုံးမှုများနှင့် ယှဉ်တွဲလျက် စွန့်စားရမှုများကို ကြုံတွေ့နေရပြီး ယင်းသင်ခန်းစာကိုရယူကာ စွန့်စားမှုကို မတွေ့ရန် မည်သို့ကြိုတင်ပြင်ဆင်ရမည်၊ စွန့်စားရမှု နည်းပါးစေရန် စီမံဆောင်ရွက်ခြင်း Risk Management ကို မည်သို့ဆောင်ရွက်မည်ကို ဖော်ထုတ်ထားရန် လိုအပ်နေပါသည်။

## ပတဝီဆိုင်ရာ အချက်အလက်များ

တိုက်ကြီးတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်ခုနှင့် တစ်ခု၊ ဒေသတစ်ခုနှင့် တစ်ခုတို့သည် သဘာဝအလျောက်ပိုင်းခြားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါ အခြေအနေကိုပင် ပထဝီ ဆိုင်ရာ အချက် အလက်များဟု ပေါ်ပေါက်လာပါသည်။ ကုန်းပိုင်းနှင့် ရေပိုင်းများ ကွဲပြားခြားနားမှု၊ ရေပိုင်းအတွင်း သမုဒ္ဒရာများပိုင်းခြားခြင်း၊ မြစ်ကြီးများဖြင့် ပိုင်းခြားခြင်း၊ ရေခဲပြင်များ ဖုံးလွှမ်းနေခြင်းများသည် ပထဝီအခြေအနေများဖြစ်ပြီး နိုင်ငံတစ်ခုနှင့်တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခု ပိုင်းခြားထားသည့် အမှတ်အသားများဖြစ်သဖြင့် လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတစ်ခုနှင့် တစ်ခုလည်း နယ်နိမိတ်စည်းများ ဖြစ်လာတတ်သဖြင့် လည်းကောင်း၊ ပထဝီဆိုင်ရာ အချက်အလက်များပေါ် အခြေခံပြီး နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းပုံ ကွဲပြားမှုများ၊ ကုန်သွယ်မှုပိုင်းဆိုင်ရာ အဟန့်အတားများ၊ အကြမ်းဖက်မှုများ၊ အဂတိ လိုက်စားမှုများ၊ မှောင်ခိုလုပ်ငန်းများ၊ ခိုးဆိုးလုယက်မှုများ၊ တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ ပင်လယ်ဓားမြလုပ်ငန်းနှင့် လုယက်မှုများ ဖြစ်ပေါ်လာတတ်သည်ကို တွေ့ရပါသည်။ အဆိုပါ အချက်အလက်များသည် ပထဝီဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်သည့် စွန့်စားရမှုများ ဖြစ်ပေါ်လာကြပါသည်။ မြန်မာနိုင်ငံသားများအားလုံးသည် မြန်မာနိုင်ငံ၏ ပထဝီဝင်အချက်အလက်များကြောင့် စွန့်စားရမှုများကို နားလည်ကြပြီးဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်မှု ပေါ်ပေါက်လာခြင်းနှင့် နယ်စပ် ကုန်သွယ်မှု၏ ကောင်းကျိုးဆိုးပစ်များသည် ပထဝီဝင်အချက်အလက်များကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးအတွက် စွန့်စားရမှုများ ဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တောတောင်ရေမြေများ၊ ဂုတ်တွင်းလမ်းကဲ့သို့ သဘာဝအတားအဆီးများသည် တရားမဝင်ကုန်သွယ်မှုကို အားပေးလျက်ရှိသဖြင့် စီးပွားရေးလုပ်ရာတွင် စွန့်စားရမှုများ ပေါ်ပေါက်လာပြီး တရားဝင်ကုန်သွယ်မှုလုပ်ကိုင်သူများအတွက် မတရားယှဉ်ပြိုင်မှုများ ပေါ်ပေါက်လာပြီး စွန့်စားရမှုအမျိုးမျိုးကို နည်းလမ်းအမျိုးမျိုးဖြင့်တွေ့နေရခြင်း ဖြစ်ပါသည်။

## စီးပွားရေးဆိုင်ရာအချက်အလက်များ

စီးပွားရေးဆိုင်ရာအချက်အလက်များကြောင့် စွန့်စားရမှုများကို လက်ရှိမြန်မာ့စီးပွားရေး အပါအဝင် နိုင်ငံတကာ စီးပွားရေးတွင် ကြုံတွေ့ရလေ့ရှိသည့် အချက်များမှာ- ဝယ်လိုအား ရှော့ခ် (Demand Shock) ဟုဖြစ်ပေါ်ခြင်း၊ ဈေးနှုန်းကွာခြားမှု မြင့်မားခြင်း၊ နယ်စပ်ကူးသန်းရောင်းဝယ်မှု နှေးကွေးကြန့်ကြာခြင်း၊ ငွေလဲနှုန်းများ မတည်ငြိမ်ခြင်း၊ အတက်အကျ မြန်ဆန်ခြင်း နှင့် စွမ်းအင်များ ပြတ်လပ် ခြင်း စသည်တို့ဖြစ်သည်ဟု သိရပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ကြုံတွေ့နေရသည်များနှင့် တစ်ထပ်တည်း ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများ၏ ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းလိုအပ်ချက်များ ဝယ်ယူဖြန့်ဖြူးပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး

အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများ၏ ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းလိုအပ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဓာတ်ခွဲခန်း(၈)ခုမှ ကိုယ်စားလှယ်များပါဝင်သည့် ညှိနှိုင်းအစည်းအဝေးကို Video Conferncing စနစ်ဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန (နေပြည်တော် ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဓာတ်ခွဲခန်းများ၏ လိုအပ်သော အရည်အသွေးမီ ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းများရရှိရန်နှင့် သင့်လျော်သော ဝန်ဆောင်မှုစရိတ်ဖြင့် ပြင်ပမှဝယ်ယူတင်သွင်းပြီး ပြန်လည်ဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလီမိတက် (MITS)မှ တာဝန်ယူဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်မှဦးဆောင်၍ ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းများ ဝယ်ယူခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်နိုင်ရေးကို သက်ဆိုင်ရာဓာတ်ခွဲခန်းများနှင့် ဆွေးနွေးခဲ့ပါသည်။ ညှိနှိုင်းဆွေးနွေးပွဲတွင် ပါဝင်သည့် ဓာတ်ခွဲခန်း(၈) ခုမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA)၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာန၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနခွဲ (CTQM)၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန(ရန်ကုန်တက္ကသိုလ်)(URC)၊ စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးရေး အထောက်အကူပြု ဓာတ်ခွဲခန်း(FIDSL)၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလီမိတက် (MITS)နှင့် OMIC CO., Ltd တို့ဖြစ်ပါသည်။ အဆိုပါ ဓာတ်ခွဲခန်း(၈)ခုမှ တစ်နှစ်စာ လိုအပ်သော ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းအမျိုးပေါင်း ၂၅၀ ခန့်ကို တင်ပြထားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင်ရှိသော မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလီမိတက်(MITS)မှ တာဝန်ယူ၍ဝယ်ယူတင်သွင်း ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ဓာတ်ခွဲခန်းအများစုမှာ Standard နှင့် Reagentများ လိုအပ်လျက်ရှိပြီး Test kidအချို့လည်း မှာယူလိုမှုရှိနေကြောင်း သိရပါသည်။ အချို့သော ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းများမှာ ဝယ်ယူ တင်သွင်းရာတွင်ကန့်သတ်ဓာတုပစ္စည်းများဖြစ်သည့်အတွက် တင်သွင်းရာတွင်အခက်အခဲရှိပါသည်။ သွင်းကုန်လိုင်စင်အပြင် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်များလည်းယူရကြောင်း၊ အကောက်ခွန်ဆိုင်ရာ အခက်အခဲများရှိကြောင်း၊ မှာယူတင်သွင်းရာတွင် နိုင်ငံခြားငွေ အသုံးပြုရသဖြင့် မှာယူချိန်ကာလအတွင်း နိုင်ငံခြားငွေဈေးနှုန်း အပေါ်လိုက်၍ ပြောင်းလဲမှုရှိကြောင်း ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်း တင်သွင်းလျက်ရှိသော ကုမ္ပဏီများထံမှသိရပါသည်။ ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းများ တင်သွင်းလျက်ရှိသော ကုမ္ပဏီများ၊ သက်ဆိုင်ရာ ဓာတ်ခွဲခန်းများပူးပေါင်း၍ ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းများဝယ်ယူ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်ချောမွေ့စေရေးအတွက် ဆက်လက်ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ကုန်ပစ္စည်းများတင်ပို့ရောင်းချရာတွင် အရည်အသွေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဓာတ်ခွဲခန်းများ၏ ထောက်ခံချက်များ လိုအပ်ပါသည်။ ပြည်တွင်းဈေးကွက်သို့ တင်သွင်းလာသော သွင်းကုန်များကိုလည်း သတ်မှတ်အရည်အသွေးနှင့်အညီ တင်သွင်းခြင်းရှိ/မရှိ စမ်းသပ်စစ်ဆေးရန်လည်းလိုအပ်ပါသည်။ ထို့အပြင် လက်ရှိဈေးကွက်တွင် ရောင်းချလျက်ရှိသော အစားအစာ၊ ဆေးဝါးစသည်တို့၏ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန်လိုအပ်ပါသည်။ ဓာတ်ခွဲခန်းများအနေဖြင့်လည်း Test Result များထုတ်ပြန်ပေးရာတွင် မှန်ကန်တိကျမှုရှိရန်လိုအပ်ပါသည်။ ထိုသို့စစ်ဆေးချက်များ မှန်ကန်ရန် ဓာတ်ခွဲခန်းသုံး ဓာတ်ဆေးပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်မှုနှင့်လိုအပ်သည့်အချိန်တွင်လိုအပ်သလောက်ရရှိနိုင်ရန်အထူးလိုအပ်ပါသည်။ ISO/IEC အသိအမှတ်ပြုလက်မှတ် မရရှိသေးသော ဓာတ်ခွဲခန်းများအနေဖြင့် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် ISO/IECရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

**မောင်မောင် (CTQM)**

## ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ(၆/၂၀၁၈)ပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

**(ယခင်တစ်ပတ်မှအဆက်)**

အတွက်ကိုလည်း သတ်မှတ်သက်တမ်းတိုးမြှင့်ကြေးများ ပေးဆောင်စေပြီး သက်တမ်းကုန်ဆုံးခဲ့သည့်ရက်၏ နောက်တစ်ရက်မှ စတင်၍ ၅ နှစ် ထပ်မံသက်တမ်းတိုးမြှင့်ခွင့်ပြုမည်ဖြစ်ပါသည်။သက်တမ်းကုန်ဆုံးပြီး တစ်နှစ်အတွင်းသက်တမ်းတိုးလာရောက်လျှောက်ထားခြင်းမပြုသော ကုမ္ပဏီများကိုမူ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပိတ်သိမ်းပယ်ဖျက်သွားမည်ဖြစ်ပါသည်။

**ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၁၆။ ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင်တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) ယခင်ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (မူရင်း)

(ဂ) လျှောက်ထားသူ MD/Director ၏ နိုင်ငံသားစိစစ်ရေးကတ်/ PASSPORT မိတ္တူ၊

**သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၁၇။ သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင် တင်ပြရမည့်စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အသင်း၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ

(ဂ) သမဝါယမအသင်း မှတ်ပုံတင်လက်မှတ် (မိတ္တူ/မူရင်း)

(ဃ) ယခင်ထုတ်ပေးထားသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (မူရင်း)

(င) လျှောက်ထားသူ အမှုဆောင်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြင်ဆင်ခြင်းနှင့်ပြင်ဆင်ကြေးများ**

၁၈။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပါ အောက်ပါအချက်များအား ပြင်ဆင်ချက်တစ်မျိုးလျှင် ပြင်ဆင်ကြေး ၁၀၀၀၀ ကျပ် ပေးသွင်း၍ ပြင်ဆင်ဆောင်ရွက်နိုင်ပါသည်-

(က) ဒါရိုက်တာအဖွဲ့ အမည်စာရင်း ပြင်ဆင်ခြင်း၊

(ခ) ကုမ္ပဏီ/သမဝါယမအသင်း ရုံးလိပ်စာ ပြင်ဆင်ခြင်း၊

(ဂ) ကုမ္ပဏီ/သမဝါယမအသင်း အမည် ပြင်ဆင်ခြင်း၊

**ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပြင်ဆင်ချက်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၁၉။ ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပြင်ဆင်ချက်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ပါ လျှောက်လွှာ

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ Online စနစ်ဖြင့် ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ကုမ္ပဏီမှတ်တမ်းအကျဉ်းချုပ်တို့အား Print Out ထုတ်ထားသည့် မိတ္တူအထောက်အထားများ

(ဂ) ယခင်ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(မူရင်း)

(ဃ) လျှောက်ထားသူ MD/Director ၏ နိုင်ငံသားစိစစ်ရေးကတ်/ PASSPORT မိတ္တူ၊

**သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြင်ဆင်ချက်လျှောက်ထားရာတွင်တင်ပြရမည့် စာရွက်စာတမ်းများ**

၂၀။ သမဝါ ယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြင်ဆင်ချက်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အသင်း၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ

(ဂ) သမဝါယမအသင်း မှတ်ပုံတင်လက်မှတ် (မိတ္တူ/မူရင်း)

(ဃ) ယခင်ထုတ်ပေးထားသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (မူရင်း)

(င) လျှောက်ထားသူ အမှုဆောင်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်မိတ္တူမှန်ထပ်မံထုတ်ပေးခြင်း**

၂၁။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်ကတ်ပြားများ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပျောက်ဆုံးသွားလျှင် မိတ္တူမှန်ထပ်မံထုတ်ပေးရန် ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားခွင့်ရှိပါသည်။ဆောင်ရွက်မှုအခကြေးငွေအဖြစ် ငွေ ၂၀၀၀၀ ကျပ်ပေးဆောင်စေပြီး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်မိတ္တူမှန်များထုတ်ပေးမည်ဖြစ်ပါသည်။ ကုမ္ပဏီများနှင့် သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မိတ္တူမှန်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည် -

**(ဆက်လက်ဖော်ပြပါမည်)**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိ၍ Argentina နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၂၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၆၅ နိုင်ငံရှိပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ရုရှား၊ ထိုင်ဝမ်၊ ဗီယက်နမ် စသည့်နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၁၄ နိုင်ငံရှိ၍ ဩစတြေးလျ၊ အီတလီ၊ ဂျပန်၊ ဘရာဇီး၊ ဂရိနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရ ပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံသည် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် သုည ဒသမ၆၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံသည် သုညဒသမ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေ၍ဖိလစ်ပိုင်နိုင်ငံသည် ၂ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၉ နိုင်ငံရှိခဲ့၍ Argentina နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၆၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရာဇီး၊ တရုတ်၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ အမေရိကန်နှင့် ထိုင်ဝမ် စသည့်နိုင်ငံများ အပါအဝင် ၆၃ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင် တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၁၀ နိုင်ငံရှိ၍ ဖိလစ်ပိုင်၊ ဂျပန်၊ ရုရှား၊ အီတလီနှင့် ဂရိနိုင်ငံတို့ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုညဒသမ ၁၀ ရာခိုင် နှုန်းမှ ၁ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံသည် ၂ ဒသမ ၄၀ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသည် သုည ဒသမ ၈၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံသည် သုည ဒသမ ၆၀ ရာခိုင် နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ဖိလစ်ပိုင်နိုင်ငံသည် ၁ ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်း ခဲ့သည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၅ | ၀.၉၀ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၇ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၃ | ၁.၂၆ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၃ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၄ | ၀.၉၁ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ နှင့် ဒီဇယ်ဆီ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်း များမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်း ကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့် လည်း ကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ယခင်တစ်ပတ် ဈေးများနှင့်နှိုင်းယှဉ်ကြည့်ပါက ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ဆန်ဈေးအနည်းငယ် မြင့်တက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်း တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ယခုတစ်ပတ်အတွင်း ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း အိန္ဒိယပို့ကုန် ဆန်ဈေးကျဆင်းမှုကြောင့် ဗီယက်နမ်ဈေးကွက်အပေါ် အကျိုးသက်ရောက်မှုရှိသော်လည်း ဗီယက်နမ်ဆန်ဈေးမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်သာ တက်ခဲ့ပြီး အရောင်းအဝယ် အေးနေကြောင်း၊ ထိုင်းဆန်ဈေးကွက်တွင်လည်း ယခုအပတ်တွင် ဝယ်လိုအားပျော့နေသည်ကို လေ့လာတွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ရူပီးငွေ ကျဆင်းနေမှုကြောင့် ယခုသီတင်းပတ်အတွင်း ပို့ကုန်ဆန်ဈေးများကျဆင်းခဲ့ပြီး ဈေးကွက်ဝေစုများလည်း ကျသွားကြောင်း၊ ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ မုတ်သုံမိုးရွာသွန်းမှုမှာ သာမန် အောက်သာ ရွာသွန်းနိုင်မည်ဟု ပုဂ္ဂလိကမိုးလေဝသဌာနက ခန့်မှန်းထုတ်ပြန်ထားပြီး နွေစပါးစိုက်ပျိုးမှုမှာ ယခင်နှစ်ကထက် ဟက်တာ ၂ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းသွားကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇွန်လကုန်ပိုင်းမှစတင်၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုများကြောင့် ဆန်စပါး လိုအပ်ချက်များရှိလာနိုင်သည်ဟု စားသုံးသူများက ယူဆကာ ဆန်ဝယ်ယူမှုများပြုလုပ်လာကြပြီး ကုန်သည်အချို့မှလည်း ဝယ်လိုအားပေါ် မူတည်ပြီး ဈေးကစားလာ ကြသဖြင့် ပြည်တွင်း ဆန်ဈေးနှုန်းများသည် ငါးနှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိနေသည်ကို လေ့လာသိရှိရပြီး နိုင်ငံ၏အဓိက စားသောက်ကုန် ဖြစ်ခြင်းကြောင့် ယခုအပတ်အတွင်း ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်ကို လေ့လာသိရှိရပါသည်။

စပါးစိုက်ဒေသအသီးသီးမှ တင်ပို့လာသော ဆန်များသည် ရန်ကုန်မြို့ရှိ ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ဆန်စပါး ကုန်စည်ဒိုင်တို့သို့ ဝင်ရောက်သည်ကို သိရှိရ ပါသည်။ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်တွင် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီတိုင်းဒေသကြီးထွက် ပေါ်ဆန်း စသော ပြည်တွင်းစားသုံးမှုများပြားသည့် ဆန်ချော အမျိုးအစားများကို အဓိကရောင်းဝယ်ကြခြင်းဖြင့် လက်ရှိတွင် ပြည်တွင်း၌ အဓိကစားသုံးနေသော ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း စသော ဆန်ချောဈေးနှုန်းများ အဆမတန် မြင့်တက်နေခြင်းဖြစ်ပြီး လက်လီ ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း (ထူးထူးရှယ်)သည် ၁ ပြည်လျှင် ကျပ် ၃၀၀၀ မှ ၃၂၀၀ ခန့်ဖြင့် ရောင်းချလျက် ရှိကြောင်း လေ့လာသိရှိရပါသည်။

ပြည်ပသို့ အဓိကတင်ပို့သော ဧည့်မထ ကဲ့သို့သော ဆန်ကြမ်း အမျိုးအစား ဈေးနှုန်းများမှာ ဈေးတည်ငြိမ်လျက်ရှိနေသည်ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း တာဝန်ရှိသူများထံမှ သိရှိရပါသည်။ ဆန်ချောဈေးနှုန်းများ မြင့်တက်လာခြင်းသည် ထူးခြားမှုအနေဖြင့် ပြည်တွင်းစားသုံးမှုပုံစံ ပြောင်းလဲလာပြီး ပေါ်ဆန်း ဆန်အမျိုးအစားများကို စားသုံးသူ များပြားလာခြင်းကြောင့် ဆန်ချောဈေးနှုန်းများ မြင့်တက်နေခြင်း ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ဈေးအတက်ကိုမျှော်မှန်း၍ သိုလှောင်ထားခြင်း၊ ဈေးနှုန်းဆွဲ တင်ကာ ဈေးကစားမှုများကြောင့် ဖြစ်နိုင်ပြီး ဒေါ်လာငွေကြေးမြင့်တက်လာမှုကြောင့် ပြည်တွင်းငွေကြေး ဖောင်းပွမှုကြောင့်လည်း ဖြစ်နိုင်ပါကြောင်း၊ အခြားကုန်စည်များ ဈေးတက်ခြင်းကြောင့်လည်း အဓိက စားသောက်ကုန်ဖြစ်သည့် ဆန်အပေါ် သက်ရောက်မှုရှိကြောင်း၊ ပြည်ပသို့ ဆန်တင်ပို့မှုတွင် ပြည်တွင်းစားသုံးသော ဆန်ချောအမျိုးအစားများကို တင်ပို့ခြင်းမဟုတ်ပဲ ဆန်ကြမ်းအမျိုးအစားများကိုသာ တင်ပို့ခြင်းဖြစ်သည့်အတွက် ပြည်တွင်းဆန်ဈေးနှုန်းမြင့်တက်မှုသည် ပြည်ပပို့ဆန် များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း လေ့လာသိရှိ ရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၄၅၀၄ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဩဂုတ် ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၄ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၇၁၀၄ ကျပ် မှ ၂၇၃၂၈ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါကဈေးနှုန်း အနည်းငယ်တက်သွားကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ်ဩဂုတ်လအတွင်း ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုညဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုညဒသမ ၇၀၀ သန်း၊ ကင်မရွန်း သုညဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀

# ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှု ၁၇ လအတွင်း မြင့်တက်

**သန်းသန်းနိုင်**

ထိုင်းနိုင်ငံသည် နောင်လာမည့်(၇)နှစ်အတွင်း ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ယခုနှစ် ပထမ (၇)လအတွင်း ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်ခဲ့ရာ ဇူလိုင်လအတွင်း ပြည်ပတင်ပို့မှု တိုးတက်ခဲ့ပါသည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ်ထက် ပြည်ပတင်ပို့မှု ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပြည်ပတင်ပို့မှုတိုးတက်မှုနှုန်းမှာ မေလတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်း၊ ဇွန်လတွင် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပတင်ပို့မှုအတွက် ဘတ်ငွေ ၆၆၂ ဒသမ ၁၇ ဘီလီယံရရှိခဲ့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ အများဆုံး တင်ပို့နိုင်ခဲ့သည့် ဈေးကွက်များမှာ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အမေရိကန်တို့ဖြစ်ပါသည်။ ထို့အပြင် အာဆီယံ၊ အိန္ဒိယ၊ တောင်အာရှနိုင်ငံများ၊ ရုရှားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့်လွတ်လပ်သော ဓနသဟာယနိုင်ငံများသို့ တင်ပို့နိုင်မှုလည်း ထူးကဲစွာတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် ဇူလိုင်လအတွင်း လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလယ်ယာကဏ္ဍတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈ ဘီလီယံရရှိခဲ့ပြီး ၃ ဒသမ ၂ ရာခိုင်နှုန်း၊ သကြားတင်ပို့မှုတွင် ၄၁ ရာခိုင်နှုန်း ပြုပြင်ပြီး ကြက်သားများတင်ပို့မှုတွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်း၊ စည်သွပ်တူနာငါး တင်ပို့မှုတွင် ၂၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဟင်းသီးဟင်းရွက်များတင်ပို့မှုတွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စက်မှုထုတ်ကုန်များ တင်ပို့မှုတွင် ဇူလိုင်လအတွင်း ၁၆ ဒသမ ၀၇ ဘီလီယံရရှိခဲ့ပြီး စက်သုံးဆီတွင် ၃၆ ဒသမ ၆ ရာခိုင်နှုန်း၊ မော်တော်ယာဉ်နှင့် ယာဉ်ပိုပစ္စည်းများတွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်း၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများတွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရှိရပါ သည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာရုံး၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mrs.Sureeporn Sahawat မှ ထိုင်းပို့ကုန်များတင်ပို့ရာတွင် အမေရိကန်နှင့် အရှေ့အလယ်ပိုင်းတို့ရှိ ဈေးကွက်အားလုံးနီးပါးမှာ အခြေအနေများစွာ ကောင်းမွန်မှုရှိနေပါကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံသို့ ၂၁ လအတွင်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅ ဘီလီယံရှိခဲ့ပြီး ရုပ်မြင်သံကြားစက်နှင့် အပိုပစ္စည်းများ၊ ပင်လယ်စာ စည်သွပ်ဘူးများဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆၈၉ သန်းသာရှိပြီး ၉ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဇူလိုင်လအတွင်း ပြည်ပမှတင်သွင်းမှု တန်ဖိုး ၂၀ ဒသမ ၉၄ ဘီလီယံရှိခဲ့ရာ ယခင် နှစ်များထက် ၁၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၁၆ သန်းရှိခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ပထမခုနစ်လအတွင်း ထိုင်းပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၂၃ ဘီလီယံရှိခဲ့ရာ ၁၀ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဆိုပါ ခုနစ်လအတွင်း ထိုင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၂၉ ဘီလီယံရှိခြင်းကြောင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃ ဘီလီယံရှိခဲ့ပါသည်။

Mrs.Sureeporn Sahawat မှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခင်နှစ် နှစ်ဝက်တွင် ကျဆင်းခဲ့သည့်အခြေအနေကိုအခြေခံ၍ ယခုနှစ်အတွင်း ပို့ကုန်တင်ပို့မှုနှုန်းအား ၈ ရာခိုင်နှုန်းတိုးတက်ရန် မျှော်မှန်းထားကြောင်း၊ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် အင်အားကြီးနိုင်ငံများဖြစ်သောအမေရိကန်၊ အီးယူ၊ တရုတ်၊ ဂျပန်၊ အာဆီယံနိုင်ငံများနှင့် အပြုသဘောဆောင်ရွက်ခြင်းများဖြင့် ဘတ်ငွေတန်ဖိုး ကျဆင်းမှုကိုတိုးမြှင့်အောင် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ပါသည်။

အဓိက ပို့ကုန်ပစ္စည်းများဖြစ်သည့် လျှပ်စစ်ပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများအား ဒုတိယနှစ်ဝက်တွင် ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားပါသည်။ သို့သော် Mrs.Sureeporn ၏ ပြောကြားချက်အရ နိုင်ငံခြားငွေလဲနှုန်းကို ထိခိုက်စေသည့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒနှင့် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက်ဆိုင်ရာ မတည်ငြိမ်မှုများကြောင့် ဒုတိယနှစ်ဝက်တွင် အခက်အခဲများစွာ ရှိနိုင်ပါကြောင်း၊ အောက်တိုဘာလအတွင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး မျှော်မှန်းချက်အား ပြန်လည်သုံးသပ်သွားရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

The Thai National Shipper's Council မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr.Visit Limlurcha မှလည်း ဒုတိယနှစ်ဝက်အတွင်း ပြည်ပပို့ကုန်တင်ပို့မှုအား ပထမနှစ်ဝက်ကဲ့သို့ပင် တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း၊ သို့သော် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများသည် ထိုင်းပို့ကုန်ကို ထိခိုက်နိုင်သည့် အဓိကအချက်များဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Siam Commercial Bank's Research House ရှိ The Economic Intelligence Center (EIC) မှ ပြောကြားချက်အရ အမေရိကန်နိုင်ငံ၏ အကောက်ခွန်အတားအဆီးများသည် အကန့်အသတ်အတိုင်းအတာတစ်ခုထိ ရှိခဲ့သော်လည်း ဇူလိုင်လအတွင်း ထိုင်းပို့ကုန်များ စတင်တိုးတက်ခဲ့ကြောင်း၊ EIC အနေဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ခွန်ဆိုင်ရာ ပြဿနာများသည် လာမည့်လအတွင်း ထိုင်းပို့ကုန်များအပေါ် ပိုမိုဖိအားပေးလာမည်ဟု ခန့်မှန်းထားကြောင်း၊ မည်သို့ပင်ဆိုစေကာမူ EIC ၏ လေ့လာတွေ့ရှိချက်များအရ စက်သုံးဆီဈေး မြင့်တက်ခြင်း ကမ္ဘာ့ကုန်သွယ်မှုတိုးတက်လာခြင်းနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းတို့များကြောင့် ယခုနှစ်အတွင်း ထိုင်းပို့ကုန်အား ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာအောင် စီမံခန့်ခွဲသွားလိမ့်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**Source : Bangkok Post သတင်းစာ**

# စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေများနှင့်အညီ လိုက်နာရမည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ

**ရီလင်းထွဋ်(မုံရွာ)**

စားသုံးသူရေးရာဦးစီးဌာနသည် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများကို သုံးစွဲခြင်းပြုနေသည့် စားသုံးသူများကို ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ နစ်နာဆုံးရှုံးမှု မရှိစေရေး၊ လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဝန်ဆောင်မှုဆိုသည်မှာ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှု ရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖော်ဆောင်ဖြည့်ဆည်းပေးရန်ဟု စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ၂၀၁၄ ၏ ရည်ရွယ်ချက်တွင် ပါဝင်ပါသည်။

ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်း၊ ပြည်ပမှ အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများဆောင်ရွက်စေခြင်းဖြင့် အရည်အသွေး မြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများပေါ်ထွက်လာစေရန်ဟု ဆက်သွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်တွင် ပါဝင်ပါသည်။

ဆက်သွယ်ရေးဈေးကွက်ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုနှင့် သက်ဆိုင်သော ဈေးကွက်ကိုသော် လည်းကောင်း၊ ယင်းဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုနှင့် တွဲဖက်အသုံးပြုရသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့်ဈေးကွက်ကို ဆိုလိုသည်ဟု ဆက်သွယ်ရေးဥပဒေ ၂၀၁၃ တွင် ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ စားသုံးသူတို့ကို အရည်အသွေးမြင့်မားပြီး မိမိပေးလိုက်ရသည့်တန်ဖိုးနှင့် ထိုက်တန်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ခံစားရရှိအောင် ဥပဒေများဖြင့် အကာအကွယ်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။

သို့ရာတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုနှင့် ပတ်သက်၍ စားသုံးသူများအတွက် အခက်အခဲဖြစ်ရသည့်ဖြစ်ရပ်အချို့ကို ဖော်ပြရလျှင် လက်ကိုင်ဖုန်း ဝန်ဆောင်မှုကုမ္ပဏီတစ်ခုသည် စားသုံးသူထံမှ voicemail ဝန်ဆောင်မှုအတွက် လစဉ်ကောက်ခံနေလျက်ရှိသည်ကို စားသုံးသူဘက်ကလုံးဝအသုံးမပြုဘဲ ကောက်ခံနေသဖြင့် တိုင်ကြားစိစစ်ချိန်တွင် ကုမ္ပဏီမှ ပြန်လည်ချေပ ပြောဆိုသည်မှာ "ကျွန်ုပ်သည် voice-mail ဝန်ဆောင်မှုကိုလုံးဝမဝယ်ယူလိုပါ" ဟု စာချုပ်နောက်ဆက်တွဲတွင်ပါရှိသော စာကြောင်း၏ဘေးတွင် အမှားခြစ်ပြီး ငြင်းဆိုခြင်းမပြုသည်အထိ စားသုံးသူအား voice-mail အသုံးပြုခ တောင်းခံမည်ဖြစ်ကြောင်း သိရသည်။ စားသုံးသူမှ ပြန်လည်ဖြေကြားရာတွင် အလျင်လိုနေသဖြင့် စာချုပ်အား အသေးစိတ်မဖတ်ရှုဘဲ လက်မှတ်ထိုးခဲ့သည်ဟု ဆိုသည်။

မိုဘိုင်းဖုန်း ကုမ္ပဏီတစ်ခုသည် လက်ကိုင်ဖုန်း အမျိုးအစားတစ်ခုကို အခြားဆိုင်များထက် အလွန်ဈေးနှုန်းချိုသာသည့်နှုန်းဖြင့် ကြော်ငြာခဲ့သဖြင့် ဝယ်ယူခဲ့သည့်စားသုံးသူသည် အဆိုပါဖုန်းပါ package အမျိုးမျိုးကို မသုံးချင်ဘဲ ဝယ်ယူသုံးစွဲနေရသဖြင့် ကျသင့်ငွေကို မပေးချေနိုင်တော့အောင် ဖြစ်ပေါ်လာပါသည်။ အဆိုပါဖြစ်စဉ်တွင်လည်း ကုမ္ပဏီ၏ စာချုပ်ပါ စည်းကမ်းချက်များသည် အချက်များပြားနေသဖြင့် သေချာဖတ်ရှုခြင်းမပြုဘဲ လက်မှတ်ထိုး လက်ခံခဲ့သည်ဟုဆိုသည်။

အဆိုပါဖြစ်စဉ်များကို ကာကွယ်နိုင်ရန် လုပ်ငန်းရှင်သည် သတင်းအ ချက်အလက်များကို တိုတိုနှင့် လိုရင်း ရှင်းလင်းတိကျစွာ ဖော်ပြထားရမည်။ သုံးစွဲသူအများစုသည် မြန်မာလူမျိုးများဖြစ်ပါက လွယ်ကူသိသာစေရန် မြန်မာဘာသာဖြင့် ဖော်ပြထားရပါမည်။ စားသုံးသူဘက်ကလည်း လိုအပ်သည့် သတင်းအချက်အလက် ပြည့်စုံခိုင်မာမှု ရှိ၊ မရှိကို သဘောတူညီမှုမပြုခင် သေချာစိစစ်ပြီးမှ လက်ခံရမည်ဖြစ်ပါသည်။

တယ်လီဖုန်း ဆက်သွယ်ရေး ကုမ္ပဏီများသည် ကြော်ငြာခြင်း၊ လိုင်းကောင်းအောင် ပြုလုပ်ဆွဲဆောင်ခြင်း၊ နေရာဒေသမရွေး အသုံးပြုနိုင်သည့် ကွန်ရက်ဖြစ်အောင်ပြုလုပ်ထားခြင်း စသည့်နည်းလမ်းအမျိုးမျိုးဖြင့် မိမိတို့ ဖုန်းဆင်းကတ်ကို အသုံးပြုသူများအောင် ဆောင်ရွက်လျက်ရှိကြပါသည်။ ထို့အပြင် လက်ဆောင်ဒေတာ၊ အလန်းစားဒေတာလိုက်ပွဲ၊ အပိုလက်ဆောင်၊ အတန်ဆုံးအစီအစဉ်၊ အထူးအစီအစဉ် SMS ဝန်ဆောင်မှု၊ အခမဲ့အသုံးပြုနိုင်ရန် လူကြီးမင်းကို ရွေးချယ်လိုက်ပါတယ်၊ ၁၀၀ ရာခိုင်နှုန်း ငွေဖြည့် အပိုလက်ဆောင်၊ စိတ်တိုင်းကျဝယ်၊ Red Talky ရဲ့အထူးအစီအစဉ် စသဖြင့် အမျိုးမျိုးသော အစီအစဉ်ဝန်ဆောင်မှုများ ပေးလျက်ရှိသည်ကို တွေ့ရပါသည်။

ထိုကဲ့သို့ ဝန်ဆောင်မှုများတွင်အချို့မှာ မက်လုံးကိုသာ အဓိကဖော်ပြထားပြီး စည်းကမ်းသတ်မှတ်ချက်များကိုတော့ သိသိသာသာဖော်ပြထားခြင်းမရှိသဖြင့် စားသုံးသူဘက်ကလည်း သေသေချာချာ မလေ့လာခြင်းတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပေးသည့်အခွင့်အရေးကို ရယူခံစားနိုင်မှုမရှိခြင်းတို့ ကြုံတွေ့ရပါသည်။ ဥပမာ- တယ်လီဖုန်းဘီလ် ကျပ် ၁၀၀၀၀ ထည့်လျှင် ကျပ် ၅၀၀၀ အပိုလက်ဆောင်ရမည်ဆို၍ ထည့်ရာတွင် အဆိုပါ ၅၀၀၀ ဘီလ်ရမည့်အခွင့်အရေးမှာ ထည့်ထားသည့် ဘီလ် ၁၀၀၀၀ ကုန်ပြီးမှ ရမှာမျိုး၊ ဆင်းကတ်တူသူချင်း ဆက်သွယ်မှသာ ခံစားရမှာမျိုး၊ ၂၄ နာရီအတွင်း ကုန်အောင်သုံးရမှာမျိုး စသည့် ကန့်သတ်ချက်အမျိုးမျိုးဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတကာ သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်ပါ ပြင်ဆင်ဆောင်ရွက်ရမည့် မြန်မာ့ E-Commerce အပိုင်း(၁)

Globalization ခေတ် နောက်ပိုင်းမှာ သတင်းအချက်အလက် ဆက်သွယ်မှု နည်းပညာ (ICT)ပြောင်းလဲမှုနဲ့အတူ လူမှုနေထိုင်မှုစနစ်၊ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုစနစ် စတာတွေပါ အရှိန်အဟုန်နဲ့ လိုက်ပါပြောင်းလဲလာခဲ့ကြပါတယ်။ မူလခေတ်ဦး ရောင်းဝယ်ဖောက်ကားခြင်း ပုံစံတွေဖြစ်တဲ့ ကုန်ပစ္စည်းချင်းဖလှယ် သည့်စနစ် (Barter Trade) ကနေ ငွေကြေးသတ်မှတ် ပေးချေရောင်းဝယ်တဲ့အဆင့်မှ အီလက်ထရောနစ် (ICT) နည်းပညာကို အသုံးပြုပြီး အင်တာနက် အွန်လိုင်းမှတစ်ဆင့် ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းတွေ ကို ပြောင်းလဲ ဆောင်ရွက်လာကြပါတယ်။ တစ်နည်းအားဖြင့် မိရိုးဖလာ ကူးသန်းရောင်း ဝယ်ရေးစနစ် (Traditional Commerce) ကနေ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးစနစ် (E-Commerce) ကို အသွင်ကူးပြောင်း ဆောင်ရွက်လာကြတာဖြစ်ပါတယ်။ မြန်မာ့လူမှုပတ်ဝန်းကျင်မှာတော့E-Commerce ဆိုတဲ့စကားလုံးထက် online shopping ဆိုတဲ့ အသုံးအနှုန်းက ပိုပြီး တွင်တွင်ကျယ်ကျယ် အသုံးပြုကြပါတယ်။

E-Commerce အမျိုးအစားများကို အဓိကအားဖြင့် B2B၊B2C၊ C2B၊ C2C၊B2G၊ G2C၊ G2G၊ B2E ဆိုပြီး အမျိုးအစားတွေ ခွဲခြားထားပြီး အခုနောက်ပိုင်း O2O (Online to Offline) မော်ဒယ်ကို နေရာတော်တော်များများမှာ သုံးလာကြတာလည်း တွေ့ရပါတယ်။ အများဆုံး အသုံးပြုတာကတော့ Business နဲ့ Consumer ကြား အပြန်အလှန် ဆက်နွယ်မှုဖြစ်တဲ့ (B2B ,B2C, C2B ,C2C) ပိုင်းတွေမှာ အများဆုံး အသုံးပြုကြတာ တွေ့ရပါတယ်။ ဒါကြောင့် e-Commerce ဆိုတာ အစိုးရ(G)၊ စီးပွားရေးလုပ်ငန်းရှင် (B) နဲ့ စားသုံးသူပြည်သူလူထု (C) တို့အကြား အပြန်အလှန် ဆက်နွယ်နေတဲ့ကူးသန်းရောင်းဝယ်ရေးနဲ့ ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ကုန်စည်ကုန်သွယ် ရောင်းဝယ်မှုသာမက ဝန်ဆောင်မှုလုပ်ငန်းများကိုပါ အင်တာနက်ပေါ်မှတစ်ဆင့် ဆောင်ရွက်လာကြပြီး online shopping ရောင်းဝယ်မှုလုပ်ငန်းတွေ ပါဝင်သလို၊ အင်တာနက် ဖျော်ဖြေရေးမီဒီယာ၊ E-Book Soft ware ၊ Virtual product များ၊ အစားအသောက်နဲ့ အခြားဝန်ဆောင်မှုစနစ်၊ အခွန်ပေးဆောင်မှုစနစ်တွေ၊ ယာဉ်မှတ်ပုံတင်ခြင်း စတဲ့ အစိုးရဝန်ဆောင်မှုစနစ်တွေ၊ အစိုးရဌာနနဲ့ ပုဂ္ဂလိကကူးသန်းရောင်းဝယ်မှုနဲ့ဆိုင်တဲ့ ချိတ်ဆက်မှု (e-trade) Single Window လို စနစ်မျိုးတွေပါဝင်လာတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ E Commerce အနေဖြင့် အများစုအားဖြင့် B2C နှင့် C2C အမျိုးအစားများကို တွေ့ရှိရပါတယ်။ B2C အမျိုးအစားဖြစ်တဲ့ Online shopping များကို အများစု တွေ့မြင်နိုင်တဲ့အပြင် ကုမ္ပဏီတစ်ခုချင်းစီအလိုက်၊ Agencies အလိုက်ဆောင်ရွက်လျက်ရှိပြီး ကိုယ်ပိုင် website များ (.Com Domain Registration) Social Media များမှလည်း အရောင်းအဝယ် ပြုလုပ်နေပါတယ်။ အများအားဖြင့် Facebook Page များမှတစ်ဆင့် online shop များကို ပြုလုပ်လာကြပါတယ်။

လက်ရှိပြည်တွင်းမှာ online shopping တွေကို facebook ပေါ်မှ အများဆုံး ဆောင်ရွက်နေတာ တွေ့ရတယ်။ အများစုက ကိုယ်ရောင်းချင်တဲ့ ပစ္စည်း/ဝန်ဆောင်မှုကို ကြော်ငြာပြီး ငွေပေးချေမှု (payment)၊ သယ်ယူပို့ဆောင်မှု(delivery services) အပါအဝင် ကျန်တဲ့လုပ်ငန်းစဉ်တွေကိုတော့ ရောင်းသူဝယ်သူ နှစ်ဖက်အဆင်ပြေသလိုပဲ လုပ်နေကြတယ်။ အရေးကြီးဆုံးကတော့ အွန်လိုင်းပေါ်က ရောင်းဝယ်မှုတွေအတွက် တိကျတဲ့ လုပ်ထုံးလုပ်နည်းမူဝါဒ မှတ်ပုံတင်စနစ် မရှိသေးပါဘူး။ အဲဒီအတွက် online shopping ရောင်းတဲ့သူနဲ့ ဝယ်သူကြားမှာ အငြင်းပွားမှုတွေ မကြာခဏ ဖြစ်ပေါ်တတ်ပါတယ်။ အဓိကကတော့ ဝယ်သူက ငွေကြိုလွှဲလိုက်တယ်။ ရောင်းတဲ့သူကငွေယူပြီး ပစ္စည်းကျ တော့မပို့တော့ဘူး။ နောက်ရောင်း သူကပစ္စည်းပို့ပေးလိုက်တယ်၊ ဝယ်တဲ့သူက ပစ္စည်းရပြီး ကျသင့်ငွေ ပြန်မပို့ပေးတာ၊ ပြထားတဲ့ ကုန်ပစ္စည်းနမူနာနဲ့မတူတာ၊ quality မကောင်းတာ၊ ပြန်လဲလို့မရတာ စသည်ဖြင့် မကြာခဏ အငြင်းပွားမှုတွေဖြစ်ပေါ်တတ်ပါတယ်။ အများစုကတော့ လူငယ်၊ လူလတ်ပိုင်းတွေ အများဆုံးလုပ်ကိုင်ကြပြီး အရင်းအနှီးအနည်းဆုံးနဲ့ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်တာဖြစ်တဲ့အတွက် စိတ်ဝင်စားမှု ပိုများပါတယ်။ အဝတ်အထည်၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနဲ့ဆေးဝါးတွေကို အများဆုံးရောင်းချတာ တွေ့ရပါတယ်။ ဒီနေရာမှာ ဆေးဝါးတွေဆိုလည်း ပိန်ဆေး၊ ဝဆေး၊ အသားဖြူဆေး၊ အရပ်ရှည်ဆေး စသဖြင့် အညွှန်းကောင်းကောင်းနဲ့ ကြော်ငြာရောင်းချနေကြပြီး၊ အများစုက FDA ခွင့်ပြုချက်မျိုးမရှိဘဲ ရောင်းချနေကြတာဖြစ်တဲ့အတွက် စားသုံးသူတွေရဲ့ ကျန်းမာရေးနဲ့ အသက်အန္တရာယ်ကို ရေရှည်မှာ ထိခိုက်လာနိုင်မှာဖြစ်ပါတယ်။ စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ (၁၄) အရ အွန်လိုင်းမှာ ကြော်ငြာခြင်း၊ ရောင်းချခြင်းနဲ့ ပတ်သက်လို့ ကုန်ပစ္စည်းအရည်အသွေး/ အရေအတွက် ဝန်ဆောင်မှုတွေကို လိမ်လည်ကြော်ငြာခြင်း၊ အန္တရာယ်ရှိမှုကို ကြိုတင်အသိမပေးထားရင် လုပ်ငန်းရှင်ကို အရေးယူနိုင်ကြောင်း ပြဋ္ဌာန်းထားပြီးလည်းဖြစ် ပါတယ်။

နိုင်ငံတကာမှာဆောင်ရွက်နေတဲ့E-Commerce လုပ်ငန်းစဉ်တွေကို ပြန်ကြည့်ရင် နိုင်ငံအတွင်းမှာ ဆောင်ရွက်ရတဲ့ ပြည်တွင်းအီလက်ထရောနစ် ကူးသန်းရောင်းဝယ်မှု (Domestic E-Commerce) နဲ့ နိုင်ငံတကာမှ ရောင်းဝယ်မှုဆောင်ရွက်နိုင်တဲ့ နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်း ရောင်းဝယ်မှု(Crossborder E-Commerce)ဆိုပြီး နှစ်ပိုင်းတွေ့ရှိရပါတယ်။ တရုတ်နိုင်ငံမှာဆိုရင် Alibaba ဟာ ကမ္ဘာကျော် E-Commerce site တစ်ခုဖြစ်ပြီး Crossborder E-Commerce လုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ပြီး Alibaba ရဲ့လုပ်ငန်းခွဲတွေဖြစ်တဲ့ Taobao နဲ့ Tmall တို့ဟာ ပြည်တွင်းသုံးစွဲသူတွေအတွက် အဓိကပစ်မှတ်ထား ဆောင်ရွက်ထားတာ တွေ့ရပါတယ်။ E-Commerce လုပ်ငန်းစဉ်တွေ အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် သတင်းအချက်အလက်နည်းပညာ အခြေခံအဆောက်အဦ၊( ICT Infrastructure) တွေ ပြည့်စုံကောင်းမွန်ဖို့လိုပါမယ်။ ဒ့ါအပြင် လုံခြုံစိတ်ချရတဲ့ ငွေပေးချေမှုစနစ် (E Payment)၊ ခိုင်မာတဲ့ဥပဒေ မူဝါဒတွေ၊သယ်ယူပို့ဆောင်ရေးစနစ်(Delivery Services)၊ စားသုံးသူအကာအကွယ်ပေးရေးမူဝါဒ (Consumer Protection)၊ နည်းပညာ အကျွမ်းတဝင်ရှိမှု Digital literacy ICT skill ၊ လွယ်ကူမြန်ဆန်တဲ့ ကုန်သွယ်မှုစနစ် (Trading Facilitation Process) တွေနဲ့ရောင်းချနိုင်မဲ့ SME လုပ်ငန်းထွက်ကုန်တွေဟာ အဓိကလိုအပ်မှာဖြစ်ပါတယ်။

**မျိုးကေဝင်း**

(ဆက်လက်ဖော်ပြပါမည်)

# ထိုင်းနိုင်ငံက ခေတ်သစ်ပိုးလမ်းမကြီးအား အပြည့်အဝ ထောက်ခံအားပေး

တရုတ်နိုင်ငံ၏ ခေတ်သစ်ပိုးလမ်းမကြီး အဆိုပြုချက်သည် အထူးကောင်းမွန်ကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak က ပြီးခဲ့သောရက်များတွင် ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ခေတ်သစ်ပိုးလမ်းမကြီး စီမံကိန်းသည် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးနိုင်သလို သက်ဆိုင်ရာနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ထပ်လောင်းအင်အားလည်းဖြစ်ကြောင်း၊ ခေတ်သစ်ပိုးလမ်းမကြီး အဆိုပြုချက်သည် ဘက်ပေါင်းစုံ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အပြန်အလှန် ဆက်သွယ်သွားလာနိုင်သည့်အတွက် ထိုင်းနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံကြောင်း Somkid Jatusripitak က ၂၀၁၈ ခုနှစ် တရုတ်-ထိုင်း စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းက ခေတ်သစ်ပိုးလမ်းမကြီး မူဘောင်အောက်တွင် စီမံကိန်းများသည်လည်း တိုးတက်မှုအခြေအနေကောင်းမွန်သောကြောင့် မိမိအနေဖြင့် အထူးဝမ်းသာမိကြောင်း၊ တရုတ်-လာအို၊ ထိုင်း ရထားလမ်း စီမံကိန်းကိုလည်း မြင့်တင်ဆောင်ရွက်လျက်ရှိရာ ထိုင်း-တရုတ် ရထားလမ်းပူးပေါင်းဆောင်ရွက်မှုစီမံကိန်း၏ ပထမလုပ်ငန်းစဉ် အဓိကအပိုင်းဖြစ်သည့် တင်ဒါခေါ်ယူမှုများ စတင်ဆောင်ရွက်ပြီဖြစ်ရာ အောင်မြင်စွာ




၂၀၁၈ ခုနှစ် တရုတ်-ထိုင်း စီးပွားရေးနှင့် ကုန်သွယ်ရေး ဖိုရမ်တွင် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်။

အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် နိုင်ငံတည်ဆောက်ရေးတွင် မိမိယုံကြည်ချက် မိမိနည်းလမ်းဖြင့် မှန်ကန်စွာ လျှောက်လှမ်းနိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုက ယနေ့အခါတွင် အားလုံးရှေ့၌ တစ်ခုပြီးတစ်ခု ပြသနိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် အာရှတိုက်သာမက ကမ္ဘာ့စီးပွားရေး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ထိုင်းနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများက တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံကို လေ့လာအတုယူသင့်ကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးနည်းပညာ စသည့် အခြေခံအဆောက်အဦ တည်ဆောက်မှုများကို အားဖြည့်လုပ်ဆောင်မည်ဖြစ်ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ အားပေးထောက်ခံမှုကို ဆက်လက်ရရှိနိုင်ရန် မျှော်လင့်ကြောင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆက်မပြတ် ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စိုင်းလှိုင်သူ(ပျဉ်းမနား)**

DANA BAYIN Trading Co., Ltd.
The Herald Golden Dragon Freight Forwarding Service

09-5065999, 09-953065999
info@danabayin.com
www.danabayin.com



WE MAKE THINGS EASIER FOR YOU

YOUR BUSINESS IS OUR PRIORITY

DANA BAYIN is the company providing the best logistics services where its main goal is to ensure that products are handled with the care it deserves, all deliveries are on time and exceed the expectations of our customers.





- FREIGHT FORWARDING
- CUSTOM CLEARING
- WAREHOUSING AND TRANSPORTATION
- LICENSE APPLICATION

Room(212), Sakura Hotel & Serviced apartment, Kyi Myin Dine Kannar Road, Thit Taw Ward, Ahlone Township, Yangon

Ni Ni (MYAWADI) TRADING CO., LTD
Logistics Service

United Logistics Team Co., Ltd
Logistics & Supply Chain



Yangon
Myawaddy

*Our Service Menu*

- ✓ Logistics Consultancy
- ✓ Air Freight Sea Freight Cross Border(**Asia Ni Ni Facilities Customs Clearance Agency** (Customs Clearance Service)
- ✓ Transporation Service(1.Domestic Operator,2.International Operator)
- ✓ Warewhousing Management
- ✓ Document Preparation Service(Every Ministry)
- ✓ Delivery Service (City Area)

KK7 KK7 M&E SERVICES AND ENGINEERING TRAINING CENTRE

I. Mechanical and Electrical (M&E)

Service Course
- Electrical
- Plumbing & Sanitary
- ACMV (Air Conditioning and Mechanical Ventilation)
- Fire Protection
- Swimming Pool
- Lift & Escalator
- Gas
- Drafting & Design Calculation For all Courses

II. Auto CAD
- 2D
- 3D
- ISOMETRIC

III. Revit (MEP)

IV. Revit (Archi)

No. 125, First Floor, Yangon-Insein Road, Sinyaetwin, Kamayut, Yangon
09-4480 18662, 09-420 140 757

Branch of Singapore
HTG
YOUR LOGISTICS PARTERTNER

WING POWER COMPANY LIMITED

(Freight Forwarding & General Services)



Address : Building 40,No#2,Yanshin Road,Yankin Township, Yangon,Myanmar.
H.P : +95 973053154, 09 420000204

HAC
HARMONIZED AUTHORIZED CLEARANCE AGENCY

SAN PWINT
CUSTOMS BROKER SERVICES





Office
No(9/11), Room-203(D), 3th Floor, 36th Street (Lower Block), Kyauktada Township, Yangon.
Tel : 09 511 4305, 09 49288254
gmail:aungzawlinn74@gmail.com



Alexandre Christie
AC 2736 LH
Alexandre Christie Concept Store:
YANGON : CITY MALL ST.JOHN. Ph- 09426771162
MANDALAY : OCEAN SUPER CENTER,Mingalar Mandalay. Ph- 09257115949
CHERRY OO : (Enquire: 01373997). Ph: 01381751, 09963352585, 09451461641.
Alexandre Christie Myanmar




GR
GRAND ROYAL
GROUP
Be A Good Corporate Citizen
www.grandroyal-group.com

(ယခင်တစ်ပတ်မှအဆက်)



ဆက်ရန် ➤➤➤

# တုံ့ဆိုင်းသွားသော ရင်းနှီးမြှုပ်နှံမှုများအတွက် Target Country ပြောင်းလဲကျင့်သုံးနေသည်

**မောင်လွင်ပြင်**

'မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ စိန်ခေါ်မှုများ' ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ ယင်းစကားဝိုင်း ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) တွဲဖက်အတွင်းရေးမှူး ဒေါ်မြသူဇာ၊ ကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်၊ ကော်မရှင်အဖွဲ့ဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုစီးပွားရေးကော်မတီဝင် ဦးအေးလွင်တို့က စီးပွားရေးစကားဝိုင်း ဆွေးနွေးသူများအဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။ စကားဝိုင်းဆွေးနွေးကြရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် (၂၀၁၆)၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံ၌ လတ်တလော ဖြစ်ပေါ်နေသည့် စီးပွားရေးအခြေအနေများ၊ ငွေကြေးဈေးကွက် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးချက်များသည် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် စီးပွားရေး စိတ်ဝင်စားသူများအတွက် မှတ်သားဖွယ်ရာ၊ လေ့လာဖွယ်ရာများ ဖြစ်ခဲ့သည်။ ယင်းစီးပွားရေးစကားဝိုင်း ဆွေးနွေးချက်များကို နိုင်ငံပိုင်သတင်းစာများကလည်း ဩဂုတ် ၂၀ ရက်ကစပြီး အပြည့်အစုံဖော်ပြပေးထားသည်။

ယင်းစကားဝိုင်း ဆွေးနွေးမှုများထဲတွင် ရခိုင်ပြည်နယ်ပဋိပက္ခအရေးကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အဝင်နည်းသွားရခြင်းအကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးထားသည်။ ယင်းအကြောင်း ကိစ္စ ထည့်သွင်းဆွေးနွေးထားခြင်းက စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲများအား ပိုမိုအဓိပ္ပာယ် ပြည့်ဝသွားစေသည်ဟုလည်း ယူဆသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများသည်လည်း လတ်တလော မြန်မာ့စီးပွားရေး ကျဆင်းနေခြင်းအပေါ် ရခိုင်ပြည်နယ် ပဋိပက္ခများကြောင့်ဟူသော သံသယရှိနေကြသည်။ ပြည်တွင်းစီးပွားရေး လောကသားများ ကြားတွင်လည်း ရခိုင်ပြည်နယ် ပဋိပက္ခ ဖြစ်စဉ်များကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အ,သွားခြင်းဖြစ်သည်ဟု တစ်ထစ်ချ အယူအစွဲများရှိနေသည်။ သို့ဖြစ်ရာ အများပြည်သူတို့သည် ယင်းပြဿနာကို မည်သို့ဖြေရှင်းကျော်လွှားမည်လဲ၏ အဖြေကို သိချင်နေဇော စောနေသည်။ ယခုစီးပွားရေးစကားဝိုင်းက ယင်းကိစ္စအား ထည့်သွင်းဆွေးနွေးသောအခါ အဆိုပါစီးပွားရေး စကားဝိုင်းဆွေးနွေးပွဲအား မကွယ်မဝှက် အရှိကိုအရှိအတိုင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ဆွေးနွေးပေးသွား၍ ပွင့်လင်းမြင်သာရှိသော စကားဝိုင်း ဆွေးနွေးပွဲအဖြစ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။ ထို့ကြောင့် စကားဝိုင်းတွင် ဆွေးနွေးခဲ့သော ရခိုင်အရေးနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများထဲက သိမှတ်ဖွယ်ရာ အချို့ကို အများပြည်သူ သိစိမ့်သောငှာ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဆွေးနွေးမှု စကားဝိုင်းတွင် ရခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စကို " ရခိုင်ပြည်နယ်အရေးဖြစ်ပေါ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး အနောက်နိုင်ငံတွေက မလာတော့ဘူး။ ရင်းနှီးမြှုပ်နှံမှု ကျဆင်းနေတယ်ဆိုတဲ့ သတင်းထုတ်ပြန်ချက်တွေလည်းရှိတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုအကာအကွယ်၊ ပြင်ဆင်မှုတွေ ကြိုတင်လုပ်ဆောင်ထားပါသလဲဆိုတာ ဆက်လက်ပြီး ဆွေးနွေးပါဦး"ဟု မေးခွန်းမေးခဲ့သည်။ ယင်းမေးခွန်းကို ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်က စတင်ဆွေးနွေးသည်။ ရခိုင်အရေးနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းသွားသည် ဆိုသည်မှာ အထိုက်အလျောက် မှန်ကြောင်း၊ ပြည်ပမီဒီယာအချို့ကလည်း လွဲမှားသည့်သတင်းမှားများ ထုတ်လွှင့်မှုကြောင့် ဖြစ်ကြောင်း၊ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများလည်း နည်းနည်းနှေးသွားကြောင်း၊ ခွင့်ပြုမိန့်ပေးပြီးသား ပါမစ်များလည်း အထိုက်အလျောက် ထိခိုက်သွားကြောင်း၊ ဥပမာ လွန်ခဲ့သည့် နှစ်နှစ်ကျော်က ခွင့်ပြုမိန့်ပေးထားသည့် လုပ်ငန်းတစ်ခုသည် လွဲမှားသည့် သတင်းအချက်အလက်များကြောင့် အုပ်ချုပ်ရေးအဖွဲ့တစ်ခုလုံး ထွက်သွားရကြောင်း၊ နောက်ထပ် အချို့ရှယ်ယာအဖွဲ့ဝင်များလည်း ထွက်သွားကြောင်း၊ ခွင့်ပြုထားသည့် တည်ဆောက်ရေးကာလ ကျော်ခါနီး ဖြစ်သွားခြင်းများလည်း ရှိခဲ့ကြောင်း၊ MIC အနေဖြင့် လွဲမှားသည့် မီဒီယာသတင်းများကြောင့် ဖြစ်နေသည့် အခြေအနေကို ယုံကြည်နေသည့်သူများတွေကိုလည်း တားဆီး၍ မရနိုင်ကြောင်း၊ ထို့ကြောင့် Target Country (ရည်မှန်းနိုင်ငံ)ကို မည်သို့ပြောင်းမည်လဲ စဉ်းစားရကြောင်း၊ မိမိတို့သည် အရှေ့တိုင်းနိုင်ငံများဖြစ်၍ အာဆီယံနိုင်ငံများ၊ အာဆီယံမိတ်ဖက်နိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်နိုင်ငံများအား Target Country အဖြစ် မြှင့်တင်ရေး အသိပညာပေး အစီအစဉ်များအဖြစ် ထပ်ပြီးဆောင်ရွက်ရကြောင်းများကို ကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်က ဆွေးနွေးသွားသည်။


ထို့ပြင် "ကျွန်တော်တို့ MIC ဥက္ကဋ္ဌ One Belt One Road အစည်းအဝေး ဟောင်ကောင်သွားရင်းနဲ့ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအိုက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေ၊ အုပ်ချုပ်မှုစနစ်သစ်တွေ ဒါတွေကို ရှင်းပြတဲ့အခါ စိတ်ဝင်စားကြတယ်ဆိုတဲ့ အခြေအနေတွေ့ရတယ်။ ဒီလိုပဲ ထိုင်းမှာလည်း အစည်းအဝေးလုပ်တဲ့အခါ ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံမှု အများကြီးလုပ်နေတဲ့ CP ကုမ္ပဏီလို ကုမ္ပဏီတွေ မြန်မာနိုင်ငံကို ဝင်ရောက်ရေးအတွက် Promotion awareness program အနေနဲ့ စည်းရုံးတွေ့ဆုံဆွေးနွေးပြီး ဖိတ်ခေါ်တဲ့ အစီအစဉ်မျိုးတွေ ရှိပါတယ်"ဟု ကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်က ပြောကြားဆွေးနွေးခဲ့သည်။

ထိုနည်းတူ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးအေးလွင်ကလည်း မိမိတို့နိုင်ငံသည် အချက်အချာကျသည့် ဧရိယာတွင်ရှိနေကြောင်း၊ လူဦးရေသန်းပေါင်း ၁၃၀၀ ရှိသည့် တရုတ်နိုင်ငံ၊ လူဦးရေသန်း ၁၀၀၀ ကျော်ရှိသည့် အိန္ဒိယနိုင်ငံ၊ လူဦးရေသန်းပေါင်း ၇၀၀ နီးပါးရှိသည့် အာဆီယံနိုင်ငံများအကြားတွင်ရှိနေပြီး အလားအလာ ကောင်းသည့်နိုင်ငံဖြစ်ကြောင်း၊ ရခိုင်အရေးကြောင့် ရင်းနှီးမြှုပ်နှံမှုများ တုံ့ဆိုင်းသွားသည့်အတွက် မိမိတို့ MIC အဖွဲ့ဝင်များ နည်းစနစ်တစ်ခုပိုရခဲ့ကြောင်း၊ မိမိတို့အခန်းထဲထိုင်ပြီး လာမည့်သူကို မစောင့်တော့ကြောင်း၊ အပြင်ထွက် ရှာကြမည်ဖြစ်ကြောင်း၊ ဥက္ကဋ္ဌ ဦးဆောင်ပြီး အပြင်ထွက်ကြကြောင်း၊ ယခုဥက္ကဋ္ဌ ဦးသောင်းထွန်းက အရည်အသွေးမီသည့် ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်ပစ္စည်း နာမည်ရှိပြီး ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လာခဲ့ကြောင်း၊ ၎င်းတို့လာနိုင်အောင်လည်း ဥပဒေများ အမြန်တည်ဆောက်ပေးထားကြောင်း၊ ဥပမာ- အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေလိုမျိုး၊ စံချိန်စံညွှန်းနှင့်သက်ဆိုင်သည့် ဥပဒေလိုမျိုး၊ မြေယာဥပဒေများကိုလည်း ပြင်ဆင်နေကြောင်း၊ မြေယာဥပဒေများသည် ရှုပ်ထွေးပြီး မိမိတို့နိုင်ငံတွင်ပဲ ရှိနေကြောင်း၊ ယင်းတို့ကို ပြန်လည်သုံးသပ်ဖို့ လိုအပ်နေကြောင်းများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်က တရားဝင် နယ်စပ်ကုန်သွယ်ရေးကိစ္စကိုလည်း ပြောခဲ့ပါသေးသည်။ " ကျွန်တော်တို့ လုပ်ငန်းရှင်တွေကရော ဘာတွေပြင်ပြီးပြီလဲ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ အိန္ဒိယနဲ့ ကီလိုမီတာ ၁၆၀၀ နယ်နိမိတ်ချင်း ထိစပ်နေတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ ကီလိုမီတာ ၂၀၀ ကျော်ရှိတယ်။ တရုတ်ဆိုကီလိုမီတာ ၂၀၀၀ ရှိတယ်။ ထိုင်းနဲ့လည်း ကီလိုမီတာ ၁၈၀၀ လောက်ရှိတယ်။ ဒီလို နယ်ခြားတွေမှာ တရုတ်နဲ့ မြန်မာ နယ် ခြားတရားဝင် ချက်ပွိုင့်လေးခုရှိတယ်။ ဂိတ်ကောင်းကောင်း မထောင်နိုင်သေးဘူး။ ဒါပေမယ့် တကယ်တမ်း တရားမဝင်ဂိတ်တွေတော့ အများကြီးရှိတယ်။ အဲဒီလိုပဲ ထိုင်းနယ်စပ်မှာလည်း တရားဝင် ငါးခုပဲရှိတယ်။ အိန္ဒိယမှာလည်းရှိတယ်။ ဆိုလိုချင်တာက ကျွန်တော်တို့တိုင်းပြည်မှာ ဆိုရှယ်လစ်ခေတ်ကတည်းက ယနေ့အချိန်အထိ တရားမဝင် ကူးသန်းရောင်းဝယ်တဲ့ အမူအကျင့်က မပျောက်သေးဘူး ။ ဒါကို ကြီးကြပ်တဲ့ ဌာနတွေကလည်းနည်းတယ်။ တရားဝင် စီးပွားရေး လုပ်ငန်းတွေရှိနေသရွေ့ ရင်းနှီးမြှုပ်နှံသူတွေ လိုအပ်ပါတယ်။ ပိုပြီးကောင်းတဲ့ E Trade စနစ်တွေ ရှိတယ်။

နိုင်ငံရပ်ခြားမှာ Electronic နည်းပညာကို သုံးပြီး နယ်စပ်ကုန်သွယ်ရေးကို ထိန်းချုပ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒါတွေနဲ့ပတ်သက်ပြီး လက်မှတ်ထိုးထားတာတွေရှိတယ်။ ဒါ့အပြင် ထိန်းချုပ်ဖို့အတွက် အားကောင်းခိုင်မာတဲ့ ဥပဒေတွေရှိဖို့လိုလာတယ်။ တရားဝင်လုပ်ငန်းတွေကို အားပေးရမယ်။ လမ်းပန်းဆက်သွယ်ရေး၊ သတင်းအချက်အလက် နည်းပညာနဲ့ နည်းပညာစနစ်တွေ နယ်စပ်ဒေသတွေမှာ တည်ဆောက်ဖို့ လိုတယ်။ အရေးကြီးဆုံးက ငြိမ်းချမ်းရေးပဲ "ဟု ဆွေးနွေးခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

**Commerce ကာတွန်း**



# နယူးဒေလီတွင် မိုးပိုမိုရွာသွန်းမည်ဟုခန့်မှန်း



အိန္ဒိယနိုင်ငံ မြို့တော်ရှိ နေရာအများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် နေရာအချို့တွင် ယာဉ်အသွားအလာများ နှေးကွေးခဲ့ကြောင်း အိန္ဒိယတူဒေးသတင်းတွင် ဖော်ပြသည်။ မိုးလေဝသ သတင်းများကို မြို့တော်အတွင်း ခရီးသွားလာသူများ အဆက်မပြတ် သိရှိနိုင်စေရန်အတွက် ဒေလီယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်ကြောကျပ်တည်းသည့် သတင်းနှင့် ရေလျှံသည့် သတိပေးချက်များကို အဆက်မပြတ် ထုတ်ပြန်ပေးလျက်ရှိသည်။ မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်ရသော ရေလွှမ်းမိုးမှုများက ဒေလီမြို့ တောင်ပိုင်းနေရာ အတော်များများတွင် ဖြစ်ပွားခဲ့ပြီး မဟီပါပူရဈေးအနီးရှိ မဟီပါပူရလမ်းပေါ်တွင် ယာဉ်သွားလမ်း နှစ်ဖက်စလုံး၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

ပါလမ် မိုးလေဝသ လေ့လာစောင့်ကြည့်ရေးအဖွဲ့က မိုးရေချိန် ၁၇ ဒသမ ၇ မီလီမီတာတိုင်းတာရရှိပြီး ဆပ်ဒါဂွန် မိုးလေဝသ လေ့လာစောင့်ကြည့်ရေး စခန်းက မိုးရေချိန် ၁ဒသမ ၄ မီလီမီတာတိုင်းတာ ရရှိခဲ့သည်။ လိုဒီလမ်းတွင် မိုးရေချိန် သုည ဒသမ ၅ မီလီမီတာဖြင့် စံချိန်တင်ခဲ့ပြီး အယာနာဂါ မိုးလေဝသစခန်းက သုညဒသမ ၄ မီလီမီတာ တိုင်းတာရရှိခဲ့သည်။ စိုထိုင်းဆနှုန်းမှာ ၉၄ ရာခိုင်နှုန်းနှင့် ၇၅ ရာခိုင်နှုန်းအကြား အတက်အကျရှိခဲ့သည်။ အမြင့်ဆုံး အပူချိန်မှာ ၃၁ ဒသမ ၉ ဆယ်လ်ဆီးရပ်သို့ ရောက်ရှိခဲ့ရာ ယခုနှစ်အတွင်းရရှိသော ပျမ်းမျှနှုန်းအောက် ၃ ဒီဂရီ ကျဆင်းခဲ့သည်။ အနိမ့်ဆုံးအပူချိန်မှာ ၂၆ ဒသမ ၃ ဆယ်လ်ဆီးရပ်ရှိသဖြင့် သာမန်အဆင့်သာရှိခဲ့ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။

ပုဂ္ဂလိက မိုးလေဝသဌာန ဖြစ်သော စကိုင်းမက်ဝဲသားဌာနကမူ လာမည့်ရက်များအတွင်း နောက်ထပ်မိုးရာသွန်းနိုင်မည် မဟုတ်ကြောင်း ခန့်မှန်းထားသည်။ ဩဂုတ်လတွင် မိုးရွာသွန်းမှုအဆုံးသတ်မည့် လက္ခဏာရှိကြောင်းနှင့် ယခုရွာသွန်းသော မိုးများမှာ နိုင်ငံ၏ အရှေ့ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းကြောင့်ဖြစ်ပြီး အဆိုပါရပ်ဝန်းမှာလည်း အနောက်မြောက်ပိုင်းသို့ ဆက်လက်ရွေ့လျားနေကြောင်း မိုးလေဝသဌာနက ပြောသည်။ **စံမီအောင်**

## စာမျက်နှာ (၁၁) အလားအလာကောင်းသော . . . . . . မှအဆက်

အရှေ့တောင်အာရှဒေသသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) ကို ပုံဖော်ရန် ကြိုးပမ်းနေသော်လည်း ပေါင်းစည်းမှုအားနည်းနေကြောင်း၊ အစိုးရဌာနများကြားတွင်လည်းကောင်း၊ လုပ်ငန်းများကြားတွင်လည်းကောင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းနေရဆဲဖြစ်ကြောင်း စစ်တမ်းတွင် ဖြေဆိုထားကြပါသည်။ "အာဆီယံမှာ အခွင့်အလမ်းတွေအများကြီးရှိပါတယ်။ ဒါပေမယ့် ဒေသတစ်ဝန်းမှာ ကုမ္ပဏီတွေပိုပြီး ချောချောမွေ့မွေ့လုပ်ဆောင်နိုင်ဖို့ အစိုးရတွေက ပံ့ပိုးပေးဖို့လိုအပ်နေပါတယ်"ဟူ၍ဖြေဆိုသူတစ်ဦးက ပြောကြားထားသည်။ "အာဆီယံမှာ အလားအလာတွေအများကြီးပါ။ ဒါပေမယ့် လုပ်ငန်းတိုးတက်ဖို့အတွက် ရည်မှန်းချက်၊ လုပ်ငန်းစီမံချက်တွေနဲ့ပတ်သက်ပြီး ညှိနှိုင်းပေါင်းစပ်မှုမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ မတိုးတက်တာ။ လူတိုင်းက ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ပြီး လုပ်နေကြတယ်။ ချိတ်ဆက်မှု အားနည်းတယ်။ အလားအလာရှိပြီး ရှေ့မတိုးဘူးဖြစ်နေတယ်။ ပိုပြီးကြိုးစားဖို့လိုပါတယ်"ဟူ၍ အခြားဖြေဆိုသူတစ်ဦးက ပြောကြားပါသည်။

"အခြေခံအဆောက်အဦနဲ့ချိတ်ဆက်မှု(Infrastructure and connectivity) တို့ဟာ အာဆီယံနိုင်ငံ အတော်များများအတွက် စီးပွားရေးတိုးတက်စေတဲ့အချက် (Enabler) ဖြစ်သလို စီးပွားရေးတိုးတက်မှုအတွက် အဟန့်အတား (Bottleneck) လည်း ဖြစ်စေနိုင်ပါတယ်"ဟူ၍ နောက်ထပ် စစ်တမ်းဖြေဆိုသူတစ်ဦးက သုံးသပ်ပြောကြားထားသည်။

ထို့ကြောင့် အာဆီယံဈေးကွက်တွင်လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီများအတွက် နည်းလမ်း ၂ သွယ်ဖြင့် ကူညီပေးနိုင်ကြောင်း တွေ့ရသည်။ ပထမနည်းလမ်းမှာ ၎င်းတို့အား အာဆီယံဈေးကွက်ဆိုင်ရာ အသေးစိတ်ဗဟုသုတများ (In-depth market insights)ဖြည့်ဆည်းပေးပြီး အာဆီယံဈေးကွက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စီးပွားရေးလုပ်ငန်းကျင့်ထုံးများ (Local regulations and business practices) ကို နားလည်စေရန် ကူညီပေးခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ၎င်းတို့ ကြိုက်နှစ်သက်သော ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး အထောက်အကူပြုရန်အတွက် ကြီးမားသည့် နိုင်ငံတကာကွန်ရက် (Extensive International network) နှင့် ချိတ်ဆက်ပေးရန် ဖြစ်ပါသည်။

Soruce: businesstimes.com.sg

# အရှေ့အာရှဒေသတွင် ရေလွှမ်းမိုးမှုများ ပိုမိုဖြစ်ပွားနိုင်

ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့တွင် နွေရာသီမိုးရွာသွန်းမှုများက ထူးထူးကဲကဲ များပြားခဲ့ပြီး ယခုအချိန်ထိ ပြီးဆုံးခြင်း မရှိသေးပါ။

ယခုနှစ် နွေရာသီမှာ ဂျပန်နိုင်ငံနှင့် ကိုရီးယား ကျွန်းဆွယ်တို့တွင် ဖြစ်ပွားခဲ့သော တိုက်ဖုန်း မုန်တိုင်းများကြောင့် မိုးများ ထူးကဲစွာ ရွာသွန်းပြီး ဂီဖူးမှ ဟီရိုရှီးမားအထိ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

တိုက်ဖုန်မုန်တိုင်း ရာသီကကုန်ဆုံးခြင်း မရှိသေးဘဲ ရမ်ဘီယာ မုန်တိုင်းအကြွင်းအကျန်နှင့် အရှိန်သေစ ပြုနေသော ဆိုးလစ် တိုက်ဖုန်းမုန်တိုင်းတို့က လွန်ခဲ့သော ရက်သတ္တပတ်က ကိုရီးယားကျွန်းဆွယ်အတွင်း ဝင်ရောက် တိုက်ခတ်ခဲ့သည်။ လက်ရှိအရှေ့အာရှကိုခြိမ်းခြောက်လျက် ရှိသည်မှာ ပင်လယ်ဝါဘက်မှ ဝင်ရာက်လာပြီး တောင်ကိုရီးယားမှ ဟွန်ရှူးကျွန်း အလယ်ပိုင်းအထိ ရွာသွန်းနိုင်မည့် မိုးများဖြစ်သည်။

ဂျပန်နိုင်ငံ၏ အကြီးမားဆုံးကျွန်းဖြစ်သော ဟွန်ရှူးကျွန်းပေါ်ရှိ နီးဂါတနှင့် အီရှီကာဝါစီရင်စုတို့တွင် မိုးများ သည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုနှင့် ရေလွှမ်းမိုးမှုများ ဖြစ်နိုင်ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက သတိပေးချက် ထုတ်ပြန်ထားသည်။

လွန်ခဲ့သော နှစ်ရက်က တောင်ကိုရီးယားနိုင်ငံ ဒေးဂျုံတွင် မုန်တိုင်းကြောင့် မိုးရေချိန် ၂၄၅ မီလီမီတာ ရွာသွန်းခဲ့ပြီး နေရာအများအပြားတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ ဟွန်ရှူးကျွန်း၏အရှေ့ဘက် ကမ်းခြေဒေသ အိုနာဟာမားတွင် ခြောက်နာရီအတွင်း မိုးရေချိန် မီလီမီတာ ၁၀၀ အထိ ရွာသွန်းခဲ့သည်။

မိုးရွာသွန်းမှုဇရိယာ ဖြည်းဖြည်းချင်း ကျယ်ပြန့်လာသောကြောင့် မြောက်ကိုရီးယား၊ တောင်ကိုရီးယားရှိ အစိတ်အပိုင်းအချို့နှင့် ဟွန်ရှူးကျွန်း မြောက်ပိုင်းတို့တွင် မိုးရေချိန် မီလီမီတာ ၂၅၀ အထိရွာ သွန်းခဲ့သည်။ တစ်ချိန်တည်းမှာပင် အပူပိုင်းမုန်တိုင်း ဂျေဘီက စက်တင်ဘာလဆန်းပိုင်းတွင် ဤဒေသအတွင်း၌ တိုက်ခတ်နိုင်သည်။

**စံမီအောင်**

# ရန်ကုန်လိုင်စင်စောင့်ဆိုင်းကြသော်လည်း အကွာရာနိမ့်ရန်ကုန်လိုင်စင်ကားလေးများ အဝယ်ရှိလာ

ရန်ကုန်ကားဈေးကွက်၏ ဩဂုတ်လကုန်ပိုင်း အခြေအနေမှာ နယ်ဝယ်လက်များ အဆင်းနည်းသော်လည်း ဈေးကွက်ထဲရှိပြီး ရန်ကုန်လိုင်စင် အကွာရာနိမ့် ကားလေးများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

ကားဈေးကွက်အတွင်း ဧပြီနောက်ပိုင်းမှ စတင်၍ရန်ကုန်ကိုတာ အကြားသတင်းကြောင့် နောက်ပိုင်းလများတွင် ရန်ကုန်ကိုတာ (ရန်ကုန်လိုင်စင်) အား စောင့်ဆိုင်းခဲ့သော်လည်း တစ်လပြီး တစ်လကုန်လာသည်နှင့်အမျှ အဆင်သင့်မဖြစ်သေး၍ ချထားပေးရန် အချိန်စောင့်ရမည်ဖြစ်ကြောင်း ကားလောကအတွင်း သိရှိလာရပြီး နောက်ပိုင်း ယခုကာလများတွင် စောင့်ဆိုင်းရသည်ကို စိတ်မရှည်တော့ဘဲ ဝယ်ယူမှုများရှိလာသဖြင့် အင်ဂျင်ပါဝါသေးကားလေးများ အနည်းငယ်အရောင်းအဝယ်ဖြစ်လာကြောင်း၊ ဒီကြားထဲတွင်လည်း ယာဉ်မူမှန်/မမှန် သက်ဆိုင်ရာမှ တင်းတင်းကြပ်ကြပ်စစ်ဆေးသည့် ပြဿနာများ၊ ဒေါ်လာဈေးရုတ်ခြည်းခုန်တက်လာသဖြင့် ပြည်ပမှ သွင်းယူလာသည့် ကားများ အခွန်အခ ပေးဆောင်ရာတွင် လိုက်လံဈေးမြင့်တက်လာသဖြင့်အရောင်းအဝယ်အေးစက်ရသည့် ဖြစ်စဉ်များ၊ ကညနမှ ယာဉ်မှတ်ပုံတင်ရာတွင် ကားတစ်စီးလုံး စစ်ဆေးပြီး သတ်မှတ်မှသာ စိတ်ချရသဖြင့် ကားရောင်းဝယ်ရာတွင် စစ်ဆေးပြီးမှ သာဝယ်ယူရဲသဖြင့် အချိန်စောင့်ရခြင်း၊ ငွေကုန်ကြေးကျ ပိုမိုများပြားခြင်း စသည့်ကိစ္စများ တန်းစီပေါ်ပေါက်လာသဖြင့် ကားဈေးကွက် အေးသည် ထက်အေးလာနေကြောင်း ဝါရင့်ဝယ်ရောင်းများမှ ပြောသည်။

ထိုကဲ့သို့ အကြားသတင်းများဖြစ်စေ၊ လက်တွေ့ပေါ်ပေါက်နေသော ဖြစ်ရပ်များကြောင့်ဖြစ်စေ ကားဈေးတန်းများ ဈေးအမာဖြင့် အရောင်းအဝယ်အေးနေသော်လည်း ပြည်တွင်းတွင် တပ်ဆင်သည့် အထူးသဖြင့် ဆူဇူကီး၊ နီဆန်း စသည့် လူကြိုက်များ ဂျပန်ကားဘယ်မောင်းများမှာ ဈေးကွက်တည်ငြိမ်ပြီး ရောင်းပန်းလှကာ ဈေးကွက်ထိပ်ဆုံးမှာရှိနေပြီး ပြည်ပမှ တင်သွင်းရောင်းချသည့် ကားများမှအစ နိုင်ငံခြားငွေဈေးမြင့်မှုကြောင့် အခွန်အခဈေးကြီးလာသဖြင့်လည်း ကောင်း၊ ရန်ကုန်လိုင်စင်မရသဖြင့် စလစ်ဈေးမှာလည်း မြင့်တက်နေသဖြင့် လည်းကောင်း၊ အရောင်းအဝယ်မရှိအမေးနဲ့သာ နံပါတ်အကွာရာနိမ့် ရန်ကုန်လိုင်စင်ဖြစ်သည့် ကားလေး ကားဟောင်းများ သိန်း ၁၅၀ မှ ၂၀၀ ဝန်းကျင်ကား များနှင့် နယ်လိုင်စင် သိန်း ၂၀၀ ဝန်းကျင် အကွာရာမြင့် ကားအချို့သာ ယခုလတ်တလော အရောင်းအဝယ် ပြန်ရှိလာကြောင်း သိရသည်။



ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ရန်ကုန်ကိုတာ (YVQC) ယခုနှစ်အတွင်း ပြန်လည် ဖော်ဆောင်ပေးမည် ဆိုသည့် တိုင်းဒေသကြီးအာဏာပိုင်အဖွဲ့မှလာသောသတင်းကြောင့် စိတ်ဝင်စားမှု ပြန်လည် မြင့်တက်လာသော်လည်း အချိန်မစောင့်ဆိုင်းနိုင်သူများမှာ ရန်ကုန်လိုင်စင်သာမက နယ်လိုင် စင်နံပါတ် ကားလေးများ ပြန်လည်ဝယ်ယူလာကြကြောင်းသိရသည်။ **SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆွဖ် (၂၀၁၁) | M | ၁၇၅ သိန်း | 1.3 ၊ နယ်လိုင်စင် |
| ၂။ | ဒီမီယို (၂၀၁၄) | ယာယီ | ၂၄၅ သိန်း | 1.3 ၊ နယ်လိုင်စင် |
| ၃။ | အာဗီအာ (၂၀၁၈) | I | ၃၆၈ သိန်း | 1.8 ၊ နယ်လိုင်စင် |
| ၄။ | ဗင်း (၂၀၁၁) | L | ၁၈၀ သိန်း | 1.3 ၊ နယ်လိုင်စင် |
| ၅။ | ဝှစ်ရှ် (၂၀၁၁) | ယာယီ | ၄၀၅ သိန်း | 1.8 ၊ ရန်ကုန် |
| ၆။ | ကလူဂျာ (၂၀၀၃) | G | ၃၆၈ သိန်း | 2.4 ၊ ရန်ကုန် |
| ၇။ | ဟိုက်ဂျက် (၂၀၁၄) | ယာယီ | ၁၂၀ သိန်း | 0.6 ၊ နယ်လိုင်စင် |
| ၈။ | ခရောင်း (၂၀၀၉) | L | ၆၅၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် (နက်) |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၁၂၀ သိန်း | |

# အင်းတော်လေးအင်းကို ပြုပြင်ထိန်းသိမ်းပြီး စနစ်တကျ ငါးမွေးမြူထုတ်လုပ်ပါက ဒေသတွင်း ငါးစားသုံးမှုလိုအပ်ချက် ဖြည့်ဆည်းနိုင်

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး သဘာဝအင်းကြီးဖြစ်တဲ့ အင်းတော်လေးအင်းဟာ မြို့အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ အလျားလေးမိုင် အနံနှစ်မိုင်ရှိသဘာဝ ရေချိုအင်းကြီး ဖြစ်ပါတယ်။ ငါးမျိုးစိတ်တစ်ရာကျော် ရှင်သန်ကျက်စားလျက်ရှိပြီး ငါးလုပ်ငန်း ဦးစီးဌာနမှ နှစ်စဉ် ဈေးကွက်ဝင် ငါးသားပေါက်များထည့်ပေးတဲ့အတွက် ဒီအင်းမှ နေ့စဉ် ငါးထုတ်ကုန်ပိဿာချိန် ၃၀၀ ကျော်ထွက်ပေမယ့် စနစ်တကျ မွေးမြူထုတ်လုပ်ခြင်းမရှိတဲ့အတွက် ဒေသတွင်း ငါးလိုအပ်ချက်များရှိနေပြီး၊ ရွှေဘို၊ မန္တလေး၊ ရန်ကုန်မြို့ကြီးများက မွေးမြူရေးငါးများ မှာယူရောင်းချနေရပါတယ်။ အင်းတော်လေးအင်းကို ပြုပြင်ထိန်းသိမ်းပြီး စနစ်တကျ ငါးမွေးမြူထုတ်လုပ်ပါက ဒေသတွင်း ငါးစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တယ်လို့ သိရပါတယ်။

“အင်းပတ်လည်မှာရှိတဲ့ ကျေးရွာငါးရွာက ရေလုပ်သား ၂၄၀ ကျော်က အင်းကြီးကို အမှီပြုအသက်မွေးဝမ်းကျောင်းပြုနေတဲ့အတွက် ဒေသတွင်းမှာ ဆင်းရဲမှုလျှော့ချရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ဒီအင်းကြီးက ဖြည့်ပေးနေပါတယ်။ ငါးကြင်းမျိုးစုံ၊ ငါးသိုင်း၊ ငါးပတ်၊ ငါးမြင်း၊ ငါးအုံးတုံ၊ ငါးရံ့၊ တီလားဘီးယား၊ ငါးဖမ်းမ၊ ငါးခုံးမ စတဲ့ ငါးမျိုးစိတ်များက အင်းရဲ့အဓိက သဘာဝငါးမျိုးစိတ်များဖြစ်ပါတယ်။ ဒီအင်းက တစ်ရက် ငါးထုတ်နိုင်မှု ပိဿာသုံးရာနီးပါးပျမ်းမျှထွက်ပါတယ်။ မြို့နယ်တွင်း ငါးစားသုံးမှုများတဲ့အတွက် အင်းကြီးက သဘာဝထွက်ငါးများနဲ့ မလုံလောက်ပါဘူး။ ရွှေဘို၊ မန္တလေး၊ ပုသိမ်ကြီး၊ ရန်ကုန် စတဲ့ မြို့နယ်များက မှာယူ ရောင်းချနေရပါတယ်။ အင်းတော်လေးအင်းကို စနစ်တကျ ပြုပြင်ပြီး ငါးမွေးမြူထုတ်လုပ်ပါက မြို့နယ်တွင်း ငါးစား သုံးမှုဖူလုံရုံသာမက သဘာဝအင်းကြီးသန့်ရှင်းသာယာလှပအောင်ထိန်းသိမ်းထားနိုင်ကြမှာဖြစ်ပြီး၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမှာပါ”လို့ အင်းလုပ်သားကြီးများအသင်း ဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောပါတယ်။

အင်းတော်ဈေးကွက်ကို မီးရထား၊ မော်တော်ကားများနဲ့ နေ့စဉ် ပိဿာချိန် နှစ်ထောင်ကျော် အဝင်ရှိနေပါတယ်။ ငါးကြီးချဉ်လုပ်ငန်းများက အသုံးများတာရှိသလို ဒေသတွင်း စားသုံးမှုလည်း များပါတယ်။ ငါးကြင်းမျိုးစုံ၊ ငါးမြင်း၊ ငါးသိုင်းအဝင်များပါတယ်၊ ဈေးကွက်မှာ ငါးကြင်း၊ ငါးသိုင်း တစ်ပိဿာ ကျပ် ၆၀၀၀၊ ငါးမြင်းတစ်ပိဿာ ကျပ် ၄၅၀၀ အရောင်းအဝယ်ရှိတယ်လို့ ငါးဈေးကွက်က သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# မုံရွာမြို့နယ်နှင့် မုံရွာခရိုင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်း

စစ်ကိုင်းတိုင်း ဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၇ ရက်က မုံရွာမြို့၊ မြို့နယ် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် မုံရွာခရိုင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းခဲ့ရာ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူ တောင်သူ/လုပ်ငန်းရှင်များ စုစုပေါင်း ၆၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူး ဦးသက်နိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် လျှော်ဖြူစေးသည် စက်မှုထွန်းကားသည့်နိုင်ငံများ အားလုံးက ဝယ်လိုအားရှိနေသည့် ပစ္စည်းတစ်ခုဖြစ်ပါကြောင်း၊ လျှော်ဖြူစေးကို စက်မှုကုန်ကြမ်း၊ လူသုံးကုန်ပစ္စည်း၊ ပရဆေး၊ ပုံနှိပ်လုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းစသည်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာသည့်အတွက် နှစ်စဉ် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်းနိုင်ငံများ၏ ဝယ်လိုအားမြင့်တက်လာသည့် ကုန်ပစ္စည်းတစ်ခုဖြစ်ပါကြောင်း၊ မုံရွာမြို့နယ်အသင်းကို ယခုအခမ်းအနားသို့ တက်ရောက်လာကြသော မုံရွာမြို့နယ်အတွင်း လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများနှင့် ဦးစွာဖွဲ့စည်းမည်ဖြစ်ပြီး၊ ဆက်လက်၍ မုံရွာခရိုင်အသင်းကို မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော် မြို့နယ်များမှ တက်ရောက်လာကြသူများနှင့်ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အသင်းကိုယ်စားပြု တက်ရောက်ခြင်း၊ စိုက်ပျိုးနည်းစနစ်များ အပြန်အလှန် ဆွေးနွေးခြင်းဖြင့် ဗဟုသုတများ မျှဝေသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော မုံရွာမြို့နယ်အသင်းသားများသည် မိမိ၏စိတ်ဆန္ဒအရ ရွေးချယ်တင်မြှောက်လိုသူကို အဆိုတင်သွင်းခြင်းနှင့် ထိုသူကို ထောက်ခံသူများဖြင့် မုံရွာမြို့၊ မြို့နယ်လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အလုပ်အမှုဆောင်(၉)ဦးအား ရွေးချယ်တင်မြှောက်ခြင်းကို နာယကအဖွဲ့ကအတည်ပြု ကြေညာပေးခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးဟိန်းနိုင်ဝင်းအား တင်မြှောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဆက်လက်၍ မုံရွာခရိုင်လက်အောက်ရှိ မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော်မြို့နယ်များမှ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မိမိ၏စိတ်ဆန္ဒအရ ရွေးချယ်တင်မြှောက်လိုသူကို အဆိုတင်သွင်းခြင်းနှင့် ထိုသူကို ထောက်ခံသူများဖြင့် မုံရွာခရိုင် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အလုပ်အမှုဆောင် ၁၃ ဦးအား ရွေးချယ်တင်မြှောက်ခြင်းကို နာယကအဖွဲ့က အတည်ပြုကြေညာပေးခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးဇော်မင်းအား တင်မြှောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းလျှော်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း စက်တင်ဘာတွင် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

**စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . . . . မှအဆက်**

၂၀၁၈ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း တရုတ် နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၀၃ ဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံတွင် အနည်းငယ် ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၂-၄၂၂၊ အိန္ဒိယနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၅၃-၆၁၇ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၄ ဖြစ်ပြီး၊ မြန်မာ - တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၈ ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၆၂ သာရှိပြီး တရုတ်နိုင်ငံတွင် သကြား တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၀၃ ပေါက်ဈေးရှိသောကြောင့်တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၁ ဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ -ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၅ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၅ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ကမ္ဘာ့သကြား ဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၁ ဒသမ ၉၃ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ မြန်မာ နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃-၉-၂၀၁၈ မှ ၉-၉-၂၀၁၈ ရက်နေ့ထိ


ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** ရိုးသားဖြောင့်မတ်၍ဘွင်းဘွင်းပြောဆိုတတ်မှုကြောင့် စီးပွားရေးလောကတွင်အများ၏အားကိုးမှုကို ရရှိတတ်ပါသည်။ လက်အောက်ငယ်သားများစွာနှင့်လုပ်ကိုင်ရသော တွင်ခုံ-ဂဟေဆက်လုပ်ငန်းများအကျိုးပေးကောင်းတတ်ပါသည်။ ပညာရေးထူးချွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်မှုရှိနေမည်။ ကျန်းမာရေး အနေဖြင့် အပူအအေးမျှတမှုမရှိခြင်းကြောင့် ချောင်းဆိုး၊ ရင်ကြပ်၊ အဆုတ်ရောင် ရောဂါဖြစ်တတ်ပါသည်။ နာတာရှည်မဖြစ်အောင် ဂရုစိုက်ဆေးကုသသင့်ပါသည်။ **ယတြာ။ ။မိမိမွေးနံဒေါင့်ဘုရားတွင် ယပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** အသင်းအဖွဲ့တွင် လိုက်လျောညီထွေနေတတ်မှုကြောင့် အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်အသီးသီးနှင့်အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံနိုင်စွမ်း ရှိတတ်ပါသည်။ ဘာသာရေးဆိုင်ရာပစ္စည်း ပရိက္ခရာများ ရောင်းဝယ်ထုတ်လုပ်ခြင်းဖြင့် စီးပွားရေးဖြစ်ထွန်းအောင်မြင်နိုင်ပါသည်။ ပညာဉာဏ်ထက်မြက်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးတွင် အအေးမိသောဝေဒနာခံစားရတတ်သည်ကို ဂရုစိုက်သင့်ပါသည်။
**ယတြာ။ ။ဘုရားတွင်အောင်သပြေပန်းများ လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** ပွင့်ပွင့်လင်းလင်းရှိပြီး ရိုးသားစွာပြောဆိုတတ်မည်။ တာဝန်ကျေသူဖြစ်တတ်သည်။ အချက်အပြုတ်၊ အကြော်အလှော်လုပ်ငန်း၊ ဟိုတယ်စားသောက်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ပါက အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးထူးချွန်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စဉ်းစားမှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ကိုယ်လက်ကိုက်ခဲသောရောဂါ၊ နာကျင်ခြင်းဝေဒနာများရှိနေတတ်ပါသည်။
**ယတြာ။ ။ဘုရားဝေယျာဝစ္စများ သန့်ရှင်းရေးပြုလုပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** သစ္စာရှိရှိမျှမျှတတ အညီအမျှပြုမူတတ်သော သဘောရှိသည်။ ချစ်ခင်ကြင်နာစွာ ပြောဆိုတတ်သည်။ စီးပွားရေးတွင် အရောင်းအဝယ်လုပ်ငန်း အကျိုးဆောင်လုပ်ငန်းများ အကျိုးပေးကံအား ကောင်းနေတတ်ပါ သည်။ ပညာဉာဏ်ပြည့်ဝမှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေလိမ့်မည်။ မိမိပြုလုပ်ဆောင်ရွက်သော အလုပ်ကိစ္စဟူသမျှကို ကာလဒေသနှင့် အညီအံ့ဝင်ခွင်ကျ ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်မည်။ ကျန်းမာရေး ကောင်းမွန်နေတတ်ပါသည်။ **ယတြာ။ ။ဘုရားရောင်တော်ဖွင့်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ပွင့်လင်း၍လာဘ်လာဘကိုမမျှော်လင့်ဘဲ အမှုကိစ္စတို့ကိုဆောင်ရွက်တတ်သည်။ စာပေကျမ်းဂန်များနှင့် ပတ်သက်ပြီး စီးပွားရေးအောင်မြင်မှုရမည်။ အတတ်ပညာသင်ကြားခြင်းလုပ်ငန်း၊ နိဗ္ဗာန်ကုန်ရောင်းဝယ်ခြင်းလုပ်ငန်းများအကျိုးရှိနေတတ်ပါသည်။ ဉာဏ်ပညာစွမ်းအားထက်မြက်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်တိုင်းကျမှုမရှိ ဖြစ်နေမည်။ ကျန်းမာရေးသင့်တင့်မှုရှိနေလိမ့်မည်။ **ယတြာ။ ။ပေါက်ပေါက်ဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** အသိုင်းအဝိုင်းနှင့်နေထိုင်တတ်ပြီး၊ လှူဒါန်းပေးကမ်းမှု၌ ရက်ရောတတ်ပါသည်။ ကူးသန်းရောင်းဝယ်ရေးတွင် ကျွမ်းကျင်မည်။ ပန်းမန်၊ ရေမွှေးနံ့သာတို့နှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများ အထူးအကျိုးပေးပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ချစ်သူများဝိုင်းရံနေမည်။ အိမ်ထောင်ဖက်ရွေးချယ်ရခက်နေမည်။ ကျန်းမာရေးအနေဖြင့် ဦးနှောက်ပိုင်းဆိုင်ရာရောဂါများဖြစ်တတ်သည်ကို သတိထားပါ။ **ယတြာ။ ။မုန့်ဆီကြော်လှူပါ။**



**စနေသားသမီးများအတွက်** ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ပဲ၊ ပြောင်း၊ နှမ်း နှင့် ဥယျာဉ်ခြံမြေထွက် ပစ္စည်းများ ရောင်းဝယ်ခြင်းဖြင့် စီးပွားဖြစ်ထွန်းနိုင်ပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေတတ်ပါသည်။ ကျန်းမာရေးတွင် လေ၊ သလိပ်နှင့် ပတ်သက်သော ရောဂါ၊ ပင်ပန်းမောဟိုက်သောရောဂါတို့ ဖြစ်တတ်ပါသည်။
**ယတြာ။ ။ဆွမ်းနှင့်နှမ်းကပ်လှူပါ။**

## စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် ပြင်ဦးလွင်မြို့နယ် ထောပတ်သီးနှင့် ပန်းစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့နှင့် တွေ့ဆုံ



၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၈ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ကျောက်ဆည်ခရိုင်ဦးစီးမှူး၊ ပြင်ဦးလွင်မြို့နယ်တာဝန်ခံ၊ ဝန်ထမ်းများနှင့်အတူ ပြင်ဦးလွင်မြို့နယ် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ထောပတ်သီးစိုက်ပျိုးသည့်တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးမှုအခြေအနေများ၊ သင်းဖွဲ့စည်းမျဉ်းရေးဆွဲထားမှုအခြေအနေများ၊ အသင်း၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ အသင်း၏ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာရင်းစစ်နှင့် ထောပတ်သီးစိုက်ပျိုးသည့် တောင်သူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ကဏ္ဍတိုးတက်အောင်မြင်ရေး စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့(အနီးစခန်း)ရှိ ပွင့်ဖူးသစ် ပန်းပွဲရုံတွင် ပန်းစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ပန်းစိုက်တောင်သူများနှင့် တွေ့ဆုံကာ အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ပန်းစိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေများအကြောင်း မေးမြန်းဆွေးနွေးရာ အသင်း၏ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဈေးကွက်အခြေအနေများအား ဆွေးနွေးတင်ပြကြပါသည်။ ဒေသတွင်းပန်းစိုက်တောင်သူများမှာ လက်ရှိအခြေအနေတွင် ပန်းများ၌ သံချေးကျရောဂါများနှင့် အခြားသော ရောဂါများကျရောက်၍ အခက်အခဲဖြစ်နေကြောင်းနှင့် ပန်းမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးလိုကြောင်း၊ နယ်သာလန် ဂန္ဓမာပန်းမျိုးမှာ အလွန်ကောင်းမွန်သဖြင့် တင်သွင်းစိုက်ပျိုးလိုကြောင်း တင်ပြကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပန်းဇုန်များအထိ အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရေရှည်အောင်မြင်တိုးတက်အောင် အခက်အခဲများ၊ ပြဿနာများကိုအဖြေရှာ၍ ရင်ဆိုင်ကျော်လွှားသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

**မောင်လင်းအောင် (DOCA)**

## ဇီးကုန်းမြို့မှာ သီးနှံအခြောက်ခံစက် တည်ဆောက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့သည် ကင်းတပ်ဆည်ရေသောက်နှင့် ကာဘိုးဆည်ရေသောက် ဧရိယာအတွင်း တည်ရှိသဖြင့် နှစ်စဉ် မိုးစပါး၊ နွေစပါးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ စပါးများ ရင့်မှည့်ချိန်တွင် မိုးဦးကာလနှင့် တွေ့ကြုံနေရသောကြောင့် နွေစပါးများ အချိန်မီအခြောက်မခံနိုင်သဖြင့် သီးနှံအရည်အသွေးများကျဆင်းကာ ဈေးနှုန်းများ ကျဆင်းမှုကြောင့် တောင်သူများ တွက်ခြေမကိုက်ဖြစ်နေပါသည်။

တောင်သူများ၏ အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရန်အတွက် ဇီးကုန်းမြို့နေ ဦးဇော်မိုးထွန်းသည် မြေဧက ၂ ဧကပေါ်တွင် တစ်ခါအခြောက်ခံလျှင် စပါးတင်း ၇၅၀ ဆံ့ အခြောက်ခံစက် ၂ လုံးကို တည်ဆောက်ပြီး အခြောက်ခံလျက်ရှိပါသည်။

ရိတ်သိမ်းပြီးကာစ စပါးများ၏ အစိုဓာတ်များသည် ၂၃ မှတ် မှ ၂၅ မှတ် အထိရှိပြီး တစ်နာရီကို အစိုဓာတ် ၁ မှတ်ကျဆင်းကြောင်းနှင့် တစ်ကြိမ်အခြောက်ခံလျှင် ၁၀ နာရီခန့်ကြာကြောင်း၊ တောင်သူများ၏ စပါးများကို လယ်ကွင်းထဲမှ သယ်ယူပြီးအခြောက်ခံကြကာ မိမိတို့ကြိတ်ခွဲလိုသောဆန်စက်များသို့ အရောက်ပို့စနစ်ဖြင့် တစ်တင်းလျှင် ဝန်ဆောင်ခ ကျပ် ၄၀၀ သာကျကြောင်းနှင့် အခြောက်ခံရန်အတွက် ကုန်ကြမ်းဖြစ်သော စပါးခွံကို တုန်ဖုန်းကားတစ်စီးလျှင် နာရီ ၂၀ အထိအသုံးပြု၍ရကြောင်းနှင့် တောင်သူတစ်ဦးစိုက်ပျိုးထုတ်လုပ်သော နွေစပါးသည် တင်း ၇၀၀ အထိ ထွက်ရှိသော တောင်သူများ မရှိသဖြင့် မျိုးတူရာများကို မိမိကိုယ်တိုင်ဝယ်ယူ၍ ကြိတ်ခွဲနေရခြင်းကြောင့် ငွေကြေး အခက်အခဲများရှိကြောင်းနှင့် စပါးသီးနှံအပြင် အစေ့ထုတ်ပြောင်းနှင့် မြေပဲများကိုပါ အခြောက်ခံ၍ရကြောင်း ဦးဇော်မိုးထွန်းက ပြောပြပါသည်။

**သန်းပို (ကန့်ဘလူ)**

## ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်

ပဲခူးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၅/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၄ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေမှ အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးငွေအောင်က ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအထိ ဆောင်ရွက်ခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများမှ ဆက်လက် ဆောင်ရွက်သွားမည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအား ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

**ကျော်ဆန်းဝင်း (ပဲခူး)**

Vol: 18, No.35 Monday September 3 2018



# ကျွဲ၊ နွား၊ သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်စို့

မြင့်ဦး(ပခုက္ကူ)



အောင်ခေတ်စံ နွားမွေးမြူရေးခြံမှ နွားများ

၂၀၁၅ ခုနှစ်စာရင်း ကျွန်တော်တို့နိုင်ငံရဲ့ ကုန်သွယ်မှုကိုပြောရင် ကျွန်တော်တို့က Export အနေနဲ့ ၁၂ ဘီလီယံပတ်ဝန်းကျင်လောက် အထိတော့ ဖြစ်လာတယ်။ ဒါပေမဲ့ နိုင်ငံသားတစ်ဦးချင်းရဲ့ ကုန်သွယ်မှုကို ကြည့်မယ်ဆိုရင် အမေရိကန်ဒေါ်လာ ၂၅၀ ကျော်လောက် ရှိတယ်။ ကျွန်တော်တို့နဲ့အတူတူ (LDC) လွတ်မြောက်ရေးကို ဆောင်ရွက်နေကြတဲ့ ကမ္ဘောဒီးယားနိုင်ငံဆိုရင် သူ့ရဲ့တစ်ဦးချင်း ပြည်ပတင်ပို့နိုင်မှု Export ပမာဏဟာ အမေရိကန်ဒေါ်လာ ၇၈၃ ရှိတယ်။ ကျွန်တော်တို့ထက် သုံးဆလောက်မြင့်တယ်။ လာအိုနိုင်ငံဆိုရင်လည်း ကုန်းတွင်းပိတ် နိုင်ငံဖြစ်ပေမဲ့ ပြည်ပတင်ပို့မှုကြည့်ရင် တစ်ဦးချင်း အမေရိကန် ဒေါ်လာ ၅၀၀ ကျော်ရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့နှစ်ဆ လောက်ရှိတယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အမြဲတန်းအတွင်းဝန် ဦးတိုးအောင်မြင့် 'ပုဂ္ဂလိက စွမ်းအားပြည်ထွန်းကား' စီးပွားရေး စကားဝိုင်းမှာ ပြောတဲ့ စကားပါ. . လွန်စွာမှတ်သား သတိထားရမယ့်ကိစ္စပါ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ ချမ်းသာဖို့ Export ပြည်ပတင်ပို့နိုင်ရေးဟာ အရေးကြီးကြောင်း သိသာပါတယ်။ ဒါဖြင့် ထွက်တိုင်းရှိတိုင်း ပို့လို့ရသလားဆိုတာ စဉ်းစားဖို့လိုပါတယ်။ ဒီအတွက် သက်ဆိုင်ရာ ဌာနများ စာရင်းများစနစ်တကျပြုစု ရပါတယ်။ ဥပမာ ဆန်တင်ပို့ရောင်းချမယ့် Rice Export ထွက်တဲ့ ဆန်တိုင်း တင်ပို့ရောင်းချလို့ မဖြစ်ပါဘူး။ အခြေခံက စတွက်ရတယ်၊ မျိုးဘယ်လောက်ကုန်မလဲ၊ အလေအလွင့် ဘယ်လောက်ရှိမလဲ။ မြန်မာနိုင်ငံဟာ ဆန်စားသုံးတဲ့နိုင်ငံဖြစ်တယ်။ ပြည်တွင်းစားသုံးမှု လူဦးရေဘယ်လောက်ရှိလို့ ဘယ်လောက်ကုန်မလဲဆိုတာ တိတိကျကျ အသေးစိတ် တွက်ချက်ရပါတယ်။ ဒီမှာမှ စားသုံးပိုလျှံဆိုတာ ရတယ်။ ဒီပိုလျှံတဲ့အထဲမှာကိုက နိုင်ငံတော်ရဲ့ အရန်ဆန် လိုအပ်လျှင်ထုတ်သုံးဖို့ လျှောင်ထားမယ်။ ဒီလိုတွက်ချက်ပြီးမှ နိုင်ငံခြားကို Export လုပ်မယ် နှစ်ပေါင်း(၇၀)ကျော်မှာ ဆန်တန်ချိန် စံချိန်တင် တင်ပို့မှု ၃ ဒသမ ၅ သန်းကျော် တင်ပို့နိုင်ခဲ့တာကို ကြည့်ရင် သိသာထင်ရှားတဲ့ကိစ္စတစ်ခုပါ။ ယခုတစ်လော သိုး/ဆိတ်၊ ကျွဲ/နွား နိုင်ငံခြားကို တရားဝင်တင်ပို့မှု စတင်ပြုလုပ်တဲ့နေရာမှာ စိုးရိမ်ပူပန်တဲ့ ပြည်သူတွေရဲ့ အသံတွေ ထွက်လာခဲ့ ပါတယ်။ ဒါလည်း ပြည်သူတွေရဲ့ ထွက်သင့်တဲ့အသံတစ်ခုလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် အစည်းအဝေးတွေမှာ အကြိမ်ကြိမ်ရေးဆွဲ တင်ပြရတယ် သဘောတူညီမှု တစ်ခုရအောင် ဆောင်ရွက်ကြရတယ်။ သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းညှိနှိုင်းရတယ်။ ယခု ပြည်တွင်းမွေးမြူထားမှု၊ တိုးပွားလာမှုဆိုတာတွေကို သေသေချာချာ စိစစ် တွက်ချက်ရတယ်။ သက်ဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်း (မွေး/ကု)စတာတွေနဲ့ ပေါင်းစပ်ညှိနှိုင်းတိုင်ပင် စွန့်ဦးတီထွင် လုပ်ငန်းရှင် မွေးမြူရေးသမားတွေ ရှိတဲ့ နေရာတွေမှာ သွားရောက်လေ့လာ စာရင်းပြုစုတင်ပြတဲ့အတွက် နိုင်ငံတော်အပိုင်းက သိုး/ ဆိတ်၊ ကျွဲ/နွားတွေကို တရားဝင်တင်ပို့မှု ပြုခဲ့တယ်။ ဒါဖြင့် အရင်ကရော နိုင်ငံခြားတင်ပို့မှု မရှိဘူးလားလို့ မေးရင် သွားကြပါတယ်။ အောက်လမ်းလို့ပြောတဲ့ မှောင်ခိုလမ်းပါ။ စာရင်းမရှိ အင်းမရှိ ဖြစ်သလို သွားနေကြတာ အများကြီးပဲဆိုတာ သိနေကြပါတယ်။ အောက်လမ်း မှောင်ခိုလမ်းဆိုတော့ ဝယ်တဲ့နေရာမှာ ဈေးနှိမ်ဝယ်မယ်၊ ကိုယ့်တိုင်းပြည်က နွားမွေးတောင်သူတွေထံမှ ဈေးနှိမ်ဝယ်တယ် သားသတ်လိုင်စင်ဈေးထက်ကို နည်းနည်းသာသာလေးပဲရောင်းရတယ်။ နိုင်ငံတော်အတွက်လည်း ထိုက်သင့်လျှောက်ပတ်တဲ့ အခွန်အခမရဘူး။ ဒီလိုအနေအထားကနေ အခုတရားဝင်တင်ပို့ခွင့်ပြုတယ်။ အခုဆိုရင် နယ်မြေတွေကို ကွင်းဆင်းလေ့လာတဲ့ အခါမှာ ယခင်က ကျပ် ၁၁ သိန်း၊ ကျပ် ၁၂ သိန်း၊ အမြင့်ဆုံး ကျပ် ၁၃ သိန်းရတဲ့ နွားတစ်ကောင်ဟာ ယခုပြည်တွင်းဈေး ကျပ် ၁၇ သိန်း၊ ကျပ် ၁၈ သိန်းအထိ ရရှိနေတာ ငြင်းမရတဲ့ဈေးနှုန်းပါ။ ယခင်က ဆိတ်တစ်ကောင် ကျပ် တစ်သောင်းခွဲနှင့် ကျပ်သုံးသောင်းအကြား ရှိနေတဲ့ ဆိတ်ဈေးဟာ သိန်းဂဏန်း အထိတန်သွားတာဟာ ယခုအခြေအနေပါ။ တစ်ခါ နိုင်ငံတော်အပိုင်းက စဉ်းစားလေ့လာ သုံးသပ်ရတာဟာ အညာတောင်သူတွေအနေနဲ့ သတိထားမိတာ မိုးလေဝသ မမှန်ကန်လို့ အသီးအနှံအစေ့အဆန်မရတာ လေးငါး ခြောက်နှစ်ရှိပါပြီ။ စိုက်မိုးရတယ်၊ အောင်မိုးမရဘူး။ သီးနှံရိတ်သိမ်းချိန်မှာ ချိန်ခါမဲ့မိုးရွာတယ်။ ကောက်လို့ရတဲ့ပဲတီစိမ်းတောင် မိုးမိအရောင်ပျက်တယ်၊ မှိုတက်တယ်။ မြေပဲနုတ်ရမယ့်အချိန် နှမ်းသိမ်းရမယ့်အချိန် မိုးရွာတော့ တောင်သူတွေ အရှုံးပေါ်တယ်။ ဒီတော့ တောင်သူတွေကို စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်စေလိုတယ်။ ဒီနေရာမှာ နွားကိုပဲ မွေးရမယ်လို့ မဆိုလိုပါဘူး။ နွား/သိုး/ဆိတ် ဘာကိုပဲ မွေးမွေးပါ စိုက်ပျိုးရေး ရာသီဥတုဖျက်လို့ပျက်ရင် မွေးမြူရေးက သေချာပေါက်ရစေချင်တာ နိုင်ငံတော်ရဲ့ စေတနာပါ။ အဲဒီအချိန်မှာ ရာသီဥတုမှန်လို့ အသီးအနှံအစေ့အဆန်ကရ၊ မွေးမြူရေးကရဆိုရင် တောင်သူများ သားရွှေအိုးထမ်းလာတာမြင်ရမယ့် အချိန်မျိုးပါ။ ဒါကို နိုင်ငံတော်က ရည်ရွယ်တာပါ။ မြန်မာစကားပုံရှိပါတယ် ဒေါင်ဒေါင်မြည်မှအိုး သုံးလွန်းတင်မှကြိုးဆိုတာပါ။ မြန်မာတောင်သူတွေ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲပြီး စီးပွားရေးမှာ လွန်းတင်စေချင်တယ်၊ ဒေါင်ဒေါင်မြည်စေချင်တယ်။ ဒီလိုအနေအထားမျိုးဖြစ်စေချင်တာဟာ နိုင်ငံတော်ရဲ့ စေတနာအမှန်ပါ။ အလုပ်တစ်ခုဆောင်ရွက်တဲ့နေရာမှာ ဘယ်လောက် ဦးတည်ချက်ကောင်းကောင်း၊ အလုံးစုံပြီးပြည့်စုံတယ်ဆိုတာ မရှိတတ်ပါဘူး။ ချို့ယွင်းချက် အားနည်းချက်ဆိုတာ ရှိတတ်တာမျိုးပါ။ အခုဆိုရင် သိုး/ဆိတ်/ကျွဲ/နွား နိုင်ငံခြားကို တရားဝင်တင်ပို့တော့ ပြည်တွင်းမှာဈေးနှုန်းတော်တော်များများမြင့်တက်တယ်။ တစ်ခါ ကားကြီး ကားငယ် အသွယ်သွယ်နဲ့ တင်ပို့နေတာ မြင်ရတော့ တွေ့ရတော့ နှမျောကြတယ် "ဩော်. . . . တို့နိုင်ငံရဲ့ ရတနာတွေ နိုင်ငံခြားကို စီးထွက်နေတယ် ပြည်တွင်းမှာ ကျန်ပါဦးမလား" နှမျောစရာဆိုတဲ့ အတွေးတွေဝင်ကြတယ်၊ စိုးရိမ်ကြတယ်၊ ပူပန်ကြတယ်။ ဒီလိုလူတွေရှိနေတာ အင်မတန်ကျေးဇူးတင်စရာကောင်းတယ်။ လေးစားထိုက်စရာကောင်းတယ်။ နိုင်ငံတော်ရဲ့စီးပွား ရေးကိုစိတ်ဝင်စားကြတယ်။ ဒါဟာ ကောင်းသောအလားအလာပါ။ ဆက်လက်ရှင်သန်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ကုန်သွယ်မှုမြှင့်တင်ရေး ဆိုတဲ့ (Trade Promotion) ကို နားလည်စေလိုပါတယ်။ ကုန်သွယ်မှုမြှင့်တင်ဖို့ဆိုတာ ရှိမှ၊ ထွက်မှ၊ ပိုမှ တင်ပို့နိုင်မှာဆိုတာကိုပါ။ ဒီတော့ ရှိအောင် ထွက်အောင် ကြိုးစားကြဖို့ဆိုတာ နိုင်ငံသားတိုင်းရဲ့ အားလုံး အပေါ်တာဝန်ရှိတယ်ဆိုတာ ထည့်သွင်းစဉ်းစား ကြရမှာပါ။ ဩဂုတ် ၁၉ ရက်နေ့မှာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့နယ် မှာရှိတဲ့(အောင်ခေတ်စံ) နွားမွေးမြူ ရေးခြံပိုင်ရှင်ဦးအောင်နိုင်ဦးရဲ့ ခြံကို သွားရောက် လေ့လာခဲ့ပါတယ်။ ဒီနေရာမှာ ရာသီဥတုရဲ့ မတူညီမှုကိုတင် ပြရရင် ပခုက္ကူဘက်မှာ လုံးဝမိုးမရွာ ပူလောင်နေပေမဲ့ မန္တလေးတိုင်းအတွင်းမှာ စဉ့်ကူးချောင်းကျလို့ လမ်းပခုံးတွေ ပျက်စီးနေလို့ ပြုပြင်နေတာ တွေ့ရသလို ကပ်လျက်တိုင်းချင်းတောင် ကွာဟနေတာတွေ့ရပါတယ်။ ပုဂံညောင်ဦးမှ ချောက်၊ ချောက်မြို့နယ်မှ တစ်ဆင့် ဧရာဝတီမြစ်ကိုဖြတ်လို့ ဆိပ်ဖြူ၊ ဆိပ်ဖြူမှတစ်ဆင့် ဆင်ဖြူကျွန်းသို့ ရောက်ပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာ စိမ်းစိုငွေဗျိုင်းဖြူငှက်တွေ အုပ်စုလိုက်တွေ့ရတဲ့ စပါးစိုက်ခင်းများက သဘာဝပန်းချီကား တစ်ချပ်တွေ့ရပြီး နှလုံးစိတ်ဝမ်းအေးချမ်းလှပါတယ်။ တစ်ခါ လမ်းဘေးဝဲယာမှာလည်း နွားများ(၅)ကောင်၊ (၁၀)ကောင်မှသည် (၃၀၊ ၄၀)ကောင် နွားအုပ်စုတွေ တွေ့နေရပါတယ်။ အစုလိုက် အစုလိုက်ပါ။ ရောက်ပါပြီ။ ဆင်ဖြူကျွန်းမြို့ ဦးအောင်နိုင်ဦး ခြံကိုပါ ပထမဆုံးတွေ့ရတာက နွားခြံပိုင်ရှင် ဆိုသော်လည်း မြင်းတွေကို အရင်တွေ့ရပါတယ်။ အကောင်(၂၀)ကျော်ပါတယ်။ ဂျပန်မျိုးစပ်တွေလို့ သိရပါတယ်။ တန်ဖိုး ကျပ်သိန်း ၅၀ ပတ်ဝန်းကျင်မှာ တန်ဖိုးရှိတယ်လို့ သိရပါတယ်။ ဝိုင်းစောင့်ဖို့ မွေးထားတဲ့ခွေးတွေကတောင် နိုင်ငံ ခြားမျိုးခွေးတွေပါ။ ဒီလူဟာ တိရစ္ဆာန်တော်တော်ချစ်တယ်လို့ သုံးသပ်ရပါတယ်။ အဲဒီကတစ်ဆင့် နွားခြံရှိ ရာကို မြေနုကျွန်းခေါ်မလား၊ ကိုင်းခေါ်မလားမသိပါဘူး။ သူပိုင်မြေဧက ၂၅၀ ပေါ်မှာရှိတဲ့ နွားခြံကို စက်လှေကြီးနဲ့ သွားရပါတယ် မိနစ်(၂၀၊ ၃၀)ကြာပါတယ်။ ကျယ်ပြောတဲ့ ရေပြင်ကို ကျော်၍ တိုက်ခတ်လာတဲ့ သန့်ရှင်းလတ်ဆတ်တဲ့လေကိုရှူရှိုက်ရင်း ပတ်ဝန်းကျင်ကိုလေ့လာရင်း ဆရာဒဂုံတာရာရဲ့ စကားလုံး အသုံးအနှုန်းကို သွားသတိရပါတယ်။ 'သန့်ရှင်းလတ်ဆတ်သော လေနုအေး '၊ 'လေနုအေးက နှောတော့သကိုး' ဆိုတာကိုပါ၊ နွားခြံကိုရောက်ပါပြီ။ ကိုအောင်နိုင်ဦးကရှင်းပြရာမှာ ၂၀၁၀ ခုနှစ်လောက်မှာ စတင်မွေးမြူစဉ်က အကောင် ၅၀ လောက်က စတင်မွေးမြူခဲ့ကြောင်း ယခုခြံမှာ အကောင် ၈၀၀ ခန့်ရှိကြောင်း ပတ်ဝန်းကျင် ကျေးရွာမှ တောင်သူများကို အကောင် ၁၀၀ ခန့် မွေးဘက်ပေးထားကြောင်း ဒီနှစ်ဆောင်းကုန်ရင် ခြံထဲမှာကျမယ့် (ဗီးရှိတဲ့)အကောင်တွေကျရင် မွေးရင် အကောင် ၁၀၀၀ ကျော်မှာဖြစ်ကြောင်း ရှင်းလင်းပြောပြပါတယ်။ ဘယ်လိုဖြစ်လို့ ဒီမွေးမြူရေးကို စိတ်ဝင်စားတာလဲဆိုတော့ ဘာသာရေးပွဲတစ်ခုမှာ သိပ်လှသိပ်ချောတဲ့နွားတစ်ကောင် အသက်ဆုံးရှုံးတာမှစပြီး နှမြောစိတ်နဲ့ ဒီမွေးမြူရေးကို စလုပ်တာဖြစ်ကြောင်း ပြောပြပါတယ်။ အခုရော တရားဝင်တင်ပို့ဖို့ ဘယ်လောက်ရှိပြီလဲဆိုတော့ သုံးခါ အကောင် ၃၀၀ တင်ပို့ပြီးဖြစ်ကြောင်း ရှင်းပြပါတယ်။ အခုလိုနိုင်ငံတော်က တရားဝင်တင်ပို့မှုပေးတဲ့အပေါ် အမြင်လေးရှင်းပြပါဦးဆိုတော့ "ကျွန်တော့်အမြင်ပြောရရင် သိပ်ပြီးကောင်းမွန်တဲ့ အစီအမံတစ်ခုလို့ ပြောလိုပါတယ်။ မဟုတ်လည်း တရားမဝင် မှောင်ခိုလမ်းကြောင်းက ထွက်နေတာပဲ။ တစ်နေ့က တောင် သတင်းစာလား၊ ဂျာနယ်မှာလား ဖတ်လိုက်ရတယ်။ မူဆယ်(၁၀၅)မိုင်က တာဝန်ရှိသူတွေရှင်းပြတာ နွားကားအဝင် ၁၀၀ မှာ တရားဝင်အခွန်ဆောင်သွားတာ အစီး ၂၀ ပဲရှိတာတဲ့။ တွက်ကြည့်ပါ အမှန်အကန် မွေးတဲ့တောင်သူတွေ ကျွန်တော်တို့လို မွေးမြူရေးသမားတွေစီက ဈေးနှိမ်ဝယ်ထားပြီးတော့ နိုင်ငံတော်ကို အခွန်မဆောင်ဘူး။ အစစအရာရာနစ်နာနေတာပါ။ အခုလို တရားဝင် ခွင့်ပြုတော့ စိုက်မွေးတောင်သူလည်း ထိုက်သင့်တဲ့ဈေးရတယ်။ နိုင်ငံတော်မှာလည်း အခွန်ရတယ်။ တရားဝင်သွားတာဆိုတော့ လမ်းမှာလည်း ရှင်းတယ်။ ကျွန်တော်ကတော့ ကြိုက်တယ်၊ အားပေးတယ်။ ဒါပေမဲ့ ဒီလိုပို့တဲ့ကုမ္ပဏီတွေ စည်းကမ်းလိုက်နာဖို့တော့လိုတယ်။ ဥပမာ နိုင်ငံတော်ကသတ်မှတ်ထားတဲ့ အကောင် ၁၀၀ ပို့ရင် ၁၀ ကောင် မွေးရတယ်ဆိုတဲ့စည်းကမ်း၊ တကယ်မွေးမမွေးဆိုတာ သက်ဆိုင်ရာ တာဝန်ရှိသူတွေ တိတိကျကျ ကျလိုက်နာမှုရှိမရှိစစ်ဆေးစေလိုပါတယ်။ ကျွန်တော်တို့နွားမွေးသူတွေ လိမ်ကြတာ(၃) နည်းရှိတယ်။ လာစစ်ရင် နွားတွေကို လွှတ်ကျောင်းထားတယ်။ မွေးဘက်ပေးထားတယ် သူများ နွားအငှားနဲ့ ပြထားတယ်ဆိုပြီး လိမ်ကြတယ်။ ဒါကို ပေါ်အောင်စစ်ဖို့ လိုပါတယ်။ လူတစ်ဦးတည်းက ကုမ္ပဏီ(၃)ခု၊ (၄)ခုထောင်ထားမျိုး စတာတွေကို သေသေချာချာစိစစ်ရင် ဘယ်လိုမှမကုန်နိုင်ပါဘူး။ အဓိကကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို တွဲဖက် လုပ်ကိုင်စေလိုပါတယ်။ မှန်မှန်ကန်ကန်သွားနေတဲ့သူတွေ၊ တကယ်မွေးမြူရေးတောင်သူတွေ မနစ်နာစေဖို့ ကိုယ်စားပြုခြံမှာ မွေးမြူတဲ့တောင်သူက လာရောက်ရင် ပေါက်ဈေးနဲ့ဝယ်မယ် ကုမ္ပဏီအနေနဲ့ အကျိုးအမြတ် တစ်ခုတော့ယူမယ်။ ကုမ္ပဏီကလည်း တကယ်မွေးမယ်၊ ဒီလိုကုမ္ပဏီမျိုးကို တရားဝင်တင်ပို့ခွင့်လိုင်စင် ထုတ်ပေးရန် အကြံပြုလိုပါတယ်။ အခုဆိုရင် မွေး/ကုကနေ Microchip နဲ့ နွားတွေကို မှတ်ပုံတင် အချက်အလက်တွေမှတ်တမ်းတင်ထားပြီး နိုင်ငံခြားက မွေးမြူရေးကဏ္ဍမှာ အကူအညီပေးဖို့ အာမခံကုမ္ပဏီတွေနဲ့ ချိတ်ဆက် နိုင်ငံခြားဘဏ်တွေက ငွေချေးဖို့ စီစဉ်နေတယ်လို့လည်း ကြားသိရပါတယ်။

စာမျက်နှာ (၃၃)သို့




# AYA Bank နှင့် Microsoft Myanmar တို့ ပူးပေါင်းကာ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုစတင်

AYA Bank (ဧရာဝတီဘဏ်)နှင့် Microsoft Myanmar တို့၏ လက်တွဲပူးပေါင်းမှုစတင်ခြင်း အခမ်းအနားကို ဩဂုတ် ၂၉ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

AYA Bank အနေနှင့် နိုင်ငံတစ်ဝန်းရှိ ဖောက်သည်များအတွက်မျိုးဆက်သစ်ကုန်ထုတ်လုပ်မှုနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများကို ပေးနိုင်ရန်အတွက် Microsoft Myanmar နှင့် တွဲဖက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၃၀ ခုနှစ်ကျရင် ကမ္ဘာမှာ ဒစ်ဂျစ်တယ်အခြေခံတဲ့ပညာရပ်တွေဟာ ပိုမိုအောင်မြင်နေရာရလာမယ်ဆိုတာကို စတွေ့လာရပါတယ်။ ကျွန်တော်တို့ ဘဏ်အနေနဲ့ လူငယ်ဝန်ထမ်းအရေအတွက်များပြားသလို AYA Bank ရဲ့ Customer တွေကို ဝန်ဆောင်မှုအပြည့်အဝပေးချင်တဲ့အတွက်ကြောင့် ဒီနေ့မှာ Microsoft Myanmar နဲ့ လက်မှတ်ရေးထိုးရခြင်းဖြစ်ပါတယ်"ဟု AYA Bank ၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က ပြောသည်။

ယခုပူးပေါင်းမှုအရ AYA Bank ၏ ဘဏ်လုပ်ငန်းစဉ်များကို Cloud နည်းပညာဖြင့် အသုံးပြုနိုင်ရန် စီစဉ်ထားရှိခြင်း၊ ဒစ်ဂျစ်တယ်ပြောင်းလဲမှုမှ တစ်ဆင့် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများကို ဖော်ဆောင်သွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

Microsoft အရှေ့တောင်အာရှ ဈေးကွက်သစ်၏ ဥက္ကဋ္ဌ Sook Hoon Cheah ကလည်း Microsoft အနေဖြင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကြီးတစ်ခုဖြစ်သော AYA Bank ၏ ဒစ်ဂျစ်တယ်ပြောင်းလဲမှုခရီးစဉ် လျှောက်လှမ်းရာတွင် ပူးပေါင်း လုပ်ဆောင်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောသည်။

AYA Bank ကို ၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ဘဏ်ခွဲပေါင်း ၂၃၄ ခုဖြင့် လုပ်ငန်းများလည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်အောင်**

# SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စွမ်းရည်များ ပြည့်ဝစေရန်အတွက် SAP မှ ပံ့ပိုးကူညီမည်

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စွမ်းရည်များ ပြည့်ဝစေရန်အတွက် SAP မှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

SAP အနေဖြင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် ၎င်း၏ ရည်ရွယ်ချက်များ ပြည့်ဝရန်အတွက် စတုတ္ထမြောက် စက်မှုတော်လှန်ရေးတွင် အစွမ်းအစရှိသည့် လုပ်ငန်းများအား ကူညီထောက်ပံ့ပေးလိုခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသတွင်း မြန်မာနိုင်ငံရဲ့ တိုးတက်လာတဲ့ နည်းပညာနဲ့ လျှင်မြန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ အဖွဲ့အစည်းတွေနဲ့ အသေးစား အလတ်စား လုပ်ငန်းတွေကို ပိုမိုထောက်ပံ့ကူညီသွားမှာပါ။ လူထုအကျိုးသက်ရောက်မှုတွေ ဖန်တီးနိုင်မယ့် နည်းပညာတွေကို စီမံလုပ်ဆောင်သွားမှာပါ" SAP ၏ အရှေ့တောင်အာရှ ဥက္ကဋ္ဌနှင့် မန်နေဂျင်း ဒါရိုက်တာဖြစ်သူ Claus Andersen က ပြောသည်။

SAP အနေဖြင့် အဓိပ္ပာယ်ရှိသော ဝန်ဆောင်မှုများ ဖြစ်ပေါ်လာရန်အတွက် အာဆီယံနိုင်ငံရှိ ကျောင်းသားများမှတစ်ဆင့် ASEAN Data Science Explorers (ADSE) တွင် ဦးဆောင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပါဝင်သည့် လူမှုအကျိုးပြုစီမံကိန်းများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ယခုနှစ်အတွက် Analytics Training အဖြစ် ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့မှ ကထိက အယောက် ၄၀ နှင့် ကျောင်းသား ၂၀၀ ကျော်တို့အား SAP Analytics Cloud ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

SAP အနေဖြင့် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာ နယ်ပယ်အတွင်း လုပ်ကိုင်နေကြသူများအတွက် လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် SAP University Alliances Program မှတစ်ဆင့် ဗဟုသုတ မျှဝေရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါ ပရိုဂရမ်အောက်တွင် မြန်မာနိုင်ငံရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ကနဦးပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အခြားတက္ကသိုလ်များနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ၁၇ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ရှိ Lotte Hotel တွင် ဩဂုတ်လ ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက "ပြည်တွင်းက လယ်ယာထွက်ကုန်စနစ်တွေကို နိုင်ငံတကာနည်းပညာတွေနဲ့ အညီထွန်းကားစေချင်တဲ့အပြင် ကျေးလက်နေ ပြည်သူတွေရဲ့ လူမှုရေး၊ စီးပွားရေးကို မြင့်မားလာစေဖို့၊ နိုင်ငံစီးပွား တိုးတက်လာစေဖို့ကို အစိုးရအနေနဲ့ လုပ်ကိုင်ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ် ကျင်းပခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ကြောင်း၊ ယင်းအတွက်ကြောင့် ယခုနှစ်တွင် Feed, Farm to Food ဖိုရမ်ကိုပါ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာပြီး စီးပွားရေးတိုးတက်လာသည်နှင့်အမျှ စားသုံးမှုဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွေကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က တိုက်တွန်းပြောဆိုခဲ့သည်။

အဆိုပါအစည်းအဝေးနှင့် ဖိုရမ်တွင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများ ပြသခြင်း၊ မွေးမြူရေးကုန်ကြမ်း လိုအပ်ချက်များအား စိုက်ပျိုးရေးကဏ္ဍနှင့် ချိတ်ဆက်ဆွေးနွေးခြင်း၊ မြန်မာ့မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာ ဆွေးနွေးခြင်းစကားဝိုင်းနှင့် မူဝါဒဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဖိုရမ်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် အခြားသောဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချောစု**

# ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အတွေ့အကြုံသစ်ဖြစ်သော Smart ဝန်ဆောင်မှုကို ရိုးမဘဏ်မှ စတင်မိတ်ဆက်

ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အတွေ့အကြုံသစ်ဖြစ်သော Smart ဝန်ဆောင်မှုကို ရိုးမဘဏ်မှ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ်ကတည်းက မိတ်ဆက်ပေးခဲ့သော်လည်း ယခုအခါ ပြည်တွင်းရှိ သုံးစွဲသူများအတွက် တရားဝင်မိတ်ဆက်၍ Smart Payroll နှင့် Smart Salary Advance အစရှိသော ဝန်ဆောင်မှုအသစ်များကိုပါ အဆင့်မြှင့်တင်ဖန်တီးပေးခဲ့ကြောင်း သိရသည်။




"Smart က ရိုးမဘဏ်ရဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ဝန်ဆောင်မှုပေးတဲ့ ပထမဆုံး Product ဖြစ်တဲ့အပြင် ရိုးမဘဏ်နဲ့ အလှမ်းဝေးတဲ့ Customer တွေကို ဘဏ်ဝန်ဆောင်မှုပေးနိုင်အောင် လုပ်ဆောင်ပေးပါတယ်။ ရိုးမဘဏ်ရဲ့ Smart က မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ MPU Logo ပါ ATM စက်တွေအပြင် Wave Money ကိုယ်စားလှယ်တွေနဲ့ပါ ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ ဒီဝန်ဆောင်မှုက မြန်မာနိုင်ငံဈေးကွက်မှာ စံနှုန်းတစ်ခုအနေနဲ့ အကောင်းဆုံး ယှဉ်ပြိုင်နိုင်မှာပါ"ဟု ရိုးမဘဏ်၏ Special Advisor to the Chairman and CEO ဖြစ်သူ Mr. Hal Bosher က ပြောသည်။

Smart အကောင့်ကို https://applysmart.yomabank တွင် အွန်လိုင်းမှတစ်ဆင့်လျှောက်ထားနိုင်ပြီး Smart အကောင့်နှင့် ချိတ်ဆက်ထားသည့် MPU Debit card ကိုပါ ထုတ်ယူအသုံးပြုနိုင်ကြောင်း သိရသည်။ MPU Debit card ကို MPU အမှတ်တံဆိပ်ပါ ATM နှင့် POS စက်တိုင်းတွင် ဝန်ဆောင်ခ ထပ်မံပေးစရာမလိုဘဲ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရိုးမဘဏ်အနေဖြင့် အလုပ်ရှင်နှင့် ဝန်ထမ်းများအတွက် ဝန်ဆောင်မှုပေးမည့် Smart payroll နှင့် ကြိုတင်လစာငွေထုတ်ယူနိုင်မည့် ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်ပေးရန် စီစဉ်နေသလို Customer များ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် သီးသန့်ချေးငွေဝန်ဆောင်မှုအသစ် (Smart Credit) ကို မိတ်ဆက်နိုင်ရန်အတွက် ဈေးကွက်စမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ချောစု**

# စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ Condominium Law နှင့်ပတ်သက်၍ ရှင်းလင်းပွဲကျင်းပ

စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ Condominium Law နှင့် ပတ်သက်၍ ရှင်းလင်းပွဲတစ်ရပ်ကို ဩဂုတ်လ ၂၆ တွင် ရန် ကုန်မြို့ရှိ Pan Pacific ဟိုတယ်တွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် Condominium Law နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သလို အခွန်လျှော့ပေါ့ကောက်ခံခြင်းနှင့်ပတ်သက်၍ ကွန်ဒိုတိုက်ခန်း ဈေးကွက်ကို ပြန်လည်ဖော်ဆောင်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် လွှတ်တော်အမတ်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အသင်းဝင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ် ရေးလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ စုပေါင်းပိုင်အဆောက်အအုံ ကွန်ဒိုမီနီယမ်လောကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ နှင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၂၆၇/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ နည်းဥပဒေပြင်ဆင်ချက်ကိုမူ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြီး ဖြစ်ကြောင်း သိရသည်။

**ချောစု**

စာမျက်နှာ (၈) ပို့ကုန်တိုးတက်ရေး၊ အခွန်အခရရှိရေး၊ အလုပ်အကိုင် . . . . . . မှအဆက်

ထို့အပြင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုတွင် နယ်စပ်နေပြည်သူ တစ်ဦးလျှင် တစ်နေ့ယွမ် ၈၀၀၀ ဖိုး သို့မဟုတ် သကြားကီလို ၅၀ ဝင်အိတ် ၄၀ အိတ်ကို အကောက်ခွန်လွတ် ရောင်းဝယ်ခွင့်ပြုထားကြောင်း၊ ထို့အတွက်ကြောင့် မြန်မာနိုင်ငံက ကုန်သည်များသည် ပြည်ပမှသကြားများ တင်သွင်းပြီး တရုတ်ပြည်သူ့သမ္မတ နိုင်ငံဘက်သို့ နယ်စပ်ကုန်သွယ်မှုအဖြစ် တင်သွင်းနေကြခြင်းဖြစ်ကြောင်း၊ သကြားကို နယ်စပ်ကုန်သွယ်ရေး စနစ်အပြင် ကုန်ချင်း ဖလှယ်မှုစနစ် ( Counter Trade System) ဖြင့် တင်ပို့နိုင်ရန်လည်း ညှိနှိုင်းလျက်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက တင်သွင်းသော သကြားများ၏ ၇၀ ရာခိုင်နှုန်းမှာ စက်မှုလုပ်ငန်းသုံးအတွက် ဖြစ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ပြည်တွင်း ထုတ်လုပ်သူများ၏ ကြံများကို အနည်းဆုံး ဈေးနှုန်းသတ်မှတ်၍ ဝယ်ယူရာတွင် ကြံတစ်တန်လျှင် ၄၅၀ ယွမ်မှ ၅၀၀ ယွမ်အထိ ဈေးသတ်မှတ်ဝယ်ယူနေကြောင်း သိရပါတယ်။ ကြံကို ကွမ်းရှီးယူ၊ ယူနန်ပြည်နယ်နှင့် ဟိုင်နန် ပြည်နယ်များတွင် အများဆုံးစိုက်ပျိုးပြီး ကြံတစ်တန်ကို အနိမ့်ဆုံးဈေးယွမ် ၄၅၀ မှ ၅၀၀ (မြန်မာကျပ် ၉၄၅၀၀ မှ ၁၀၅၀၀၀ ကျပ်) ပေး၍ ဝယ်ယူလျက်ရှိကြောင်း၊ ဒါ့အပြင် ယူနန်ပြည်နယ်အနေဖြင့် မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံများမှ ကြံများကို နယ်စပ်မှတစ်ဆင့် ဝယ်ယူလျက်ရှိရာ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် တိုးချဲ့ စိုက်ပျိုး ထုတ်လုပ်ထားသော ကြံများအား ဝယ်ယူခဲ့ပြီး မြန်မာနိုင်ငံဘက်က ဝယ်ယူမှုမှာ (၇၀ ရာခိုင်နှုန်း) ရှိ၍ လာအိုနိုင်ငံဘက်က ကြံ ဝယ်ယူမှုမှာ (၃၀ ရာခိုင်နှုန်း) ရှိကြောင်း လေ့လာသိရပါတယ်။ ယင်း ကြံများအပေါ် ကိုတာ သတ်မှတ်မှုမရှိဘဲ အခွန် (၁၅၀ ရာခိုင်နှုန်း) ကောက်ခံကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ နယ်စပ်ဒေသမှ ထွက်ရှိသော ကြံများအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့နယ်စပ်မှ တင်ပို့ခဲ့ရာ ကြံတန်ချိန် ၂၄၈၃၃၂ တန် တင်ပို့နိုင်ခဲ့ပြီး တစ်တန်လျှင်ပျမ်းမျှ ၉၂၈၁၂ ကျပ်မျှ ရရှိခဲ့ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းကြံစိုက်ပျိုး ထုတ်လုပ်မှုမှာ ဧက ၄သိန်းကျော် စိုက်ပျိုးပြီး ကြံတန်ချိန် ၁၀ သန်းကျော် ထွက်ရှိကြောင်း သိရှိရပါတယ်။ ပြည်တွင်းရှိ သကြား စက်ရုံ ၂၂ ရုံမှ နှစ်စဉ် သကြားဖြူ သကြားညိုတန်ချိန် ၂ဒသမ၄ သိန်းမှ ၃ သိန်းအထိ ထုတ်လုပ်နိုင်ကြောင်း သိရှိရပါတယ်။ နယ်စပ်ဒေသတွင် စိုက်ပျိုးသော ကြံဈေးမှာ တစ်တန်လျှင်ကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ အထိ ရရှိသော်လည်း မြန်မာ နိုင်ငံအတွင်းပိုင်း ကြံစိုက်ပျိုးရာဒေသများတွင် တစ်တန်လျှင် ကျပ် ၃သောင်းခွဲမှ ၄ သောင်းခွဲအတွင်းသာ ရရှိကြောင်း တွေ့ရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း သကြားထုတ်လုပ်မှု တိုးတက်စေရန်အတွက်လည်း ပြည်တွင်းထုတ်လုပ်သည့် သကြားများကို ပြည်ပသို့တင်ပို့ခွင့်ပြုပေးလျက်ရှိပြီး ပြည်တွင်းထွက် သကြားများဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ တင်ပို့နိုင်ခဲ့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

တန်ဖိုး အမေရိကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | ၁၀၂၈၆၃ | ၆၂ ‧ ၈၈၇ |
| (ခ) | ၂၀၁၇-၂၀၁၈ | ၁၂၁၈၅ | ၈ ‧ ၄၈၃ |
| (ဂ) | ၂၀၁၈-၂၀၁၉ (၁၇ ‧ ၈ ‧ ၂၀၁၈)အထိ | ၁၄၇၉၄၁ | ၉၆ ‧ ၇၅၃ |

## Re-export သကြားနှင့်စက်သုံးဆီ ပိတ်ရသည့်အကြောင်းရင်း

၂၀၁၈ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ငွေကြေး လဲလှယ်နှုန်း မြင့်တက်မှုများကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ အဆိုပြုချက်အရ ငွေအထုတ်အသွင်း မြန်သော Re-export စနစ်ကို ရပ်ဆိုင်းပေးရန် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ဒါ့ အပြင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့ ည ၈:၀၀ နာရီ သတင်းအပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြန်မာနိုင်ငံတော် ဗဟို ဘဏ်၊ ဒုတိယ ဥက္ကဋ္ဌမှ ငွေကြေးလဲလှယ်နှုန်း မြင့်တက်မှုအပေါ် ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းဖြေကြားရာတွင် လတ်တလော အမေရိကန်ဒေါ်လာ အထုတ်၊ အသွင်း မြန်ဆန်နေသော Re-export စနစ်ဖြင့် တင်သွင်းခြင်းကိစ္စများ ရပ်ဆိုင်းရန် ညှိနှိုင်းထားပြီးဖြစ်ကြောင်း ဖြေကြားခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။




သို့ဖြစ်၍ ပြည်တွင်း ကြံစိုက်ပျိုး ထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှု တိုးတက်လာစေရန် အတွက်လည်းကောင်း၊ ငွေကြေး လဲလှယ်မှုနှုန်း တည်ငြိမ်စေရေးအတွက်လည်းကောင်း၊ ပို့ကုန်တိုးမြှင့်ရေးကို အထောက်အကူ ပြုစေသည့် Re-export စနစ်ဖြင့် ပြည်ပမှ သကြားနှင့်စက်သုံးဆီ သွင်းကုန်လိုင်စင် ထုတ်ပေးမှုများအား ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၇ ရက်နေ့မှစ၍ ရပ်ဆိုင်းခဲ့ပါတယ်။ ယင်းသို့ ရပ်ဆိုင်းခြင်းမှာလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ သတ်မှတ်ချက်များအရ အရေးပေါ် အခြေအနေတွင် ဆောင်ရွက်နိုင်သည့် အချက်အပေါ် မူတည်၍ ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

## Re-export သကြားနှင့်စက်သုံးဆီ ပိတ်ပြီးနောက် နိုင်ငံခြားငွေလဲနှုန်းအခြေအနေ

မြန်မာနိုင်ငံ၌ အမေရိကန် ဒေါ်လာနှင့် ပြည်တွင်းငွေကြေး (ကျပ်)တို့ လဲလှယ်နှုန်း ပမာဏ မြင့်တက်ခဲ့မှုအား လေ့လာကြည့်ပါမူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်သော ငွေလဲနှုန်းများအရ ၂၀၁၈ ခုနှစ် ဧပြီ၊ မေလများတွင် ၁၃၄၀ -၁၃၅၅ ကျပ် ဝန်းကျင်ဖြင့် တဖြည်းဖြည်း မြင့်တက်လာခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇွန်လလယ်တွင် ၁၃၅၉ ကျပ်၊ ဇူလိုင်လအတွင်းတွင် ၁၃၉၈ ကျပ်မှ ၁၄၂၉ ကျပ်၊ ဩဂုတ် ၁ ရက်နေ့မှ ၁၇ ရက်နေ့အတွင်းတွင် ၁၄၂၉ကျပ် မှ ၁၄၉၈ ကျပ်အထိ မြင့်တက်ခဲ့ပါတယ်။

Re-export စနစ်ကို ရပ်ဆိုင်းလိုက်သည့် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၇ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းသည် မြန်မာ နိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်သော နှုန်းထားအရ ၁၄၉၈ ကျပ်ဖြစ်ပြီး၊ ဩဂုတ် ၂၁ ရက်မှ ၂၃ ရက်ထိ ၃ ရက်တာကာလတွင် ၁၄၉၅ ကျပ်ဖြင့် အနည်း ငယ် ပြန်ကျလာခဲ့ပါတယ်။ ၎င်းနောက် ဩဂုတ်လ ၂၄ ရက်နေ့မှစ၍ ၁၄၉၉ ကျပ်သို့ ပြန်လည်မြင့်တက်ခဲ့ကာ၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ၁၅၁၅ ကျပ်အထိလည်းကောင်း ဆက်တိုက် မြင့်တက်ခဲ့ပြီး၊ လက်ရှိ ဩဂုတ် ၃၁ ရက်နေ့တွင်တော့ ၁၅၁၂ ကျပ်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်၍ (Re-Export) စနစ်ဖြင့် သကြား တင်သွင်းမှုကို လတ်တလော ရပ်ဆိုင်းခဲ့သော်လည်း ဒေါ်လာဈေးမှာ သိသိသာသာ လျော့ကျလာခြင်းမရှိဘဲ ထပ်မံ၍ မြင့်တက်လျက်ရှိသည်ကိုပင် လေ့လာတွေ့ရှိရပါတယ်။




Source: http:// cbm.gov.mm

အများအမြင်ဖြစ်သော Re-export လုပ်ငန်းကြောင့် ငွေလဲလှယ်နှုန်း မြင့်တက်သည် ဆိုသည်မှာလည်း အမှန်တကယ် တိုက်ရိုက် သက်ဆိုင်ခြင်း ရှိ/မရှိကို လက်ရှိတွင် Re-export စတင်ရပ်ဆိုင်းချိန်မှ လက်ရှိ ကာလအထိ နှစ်ပတ်ကျော်ကာလအတွင်း ဈေးမကျသည့်အပြင် ဆက်လက် တိုးမြင့်နေသော ငွေလဲနှုန်းက သက်သေထူလျက် ရှိတာကိုလည်း လေ့လာတွေ့ရှိရ ပါတယ်။ နိုင်ငံခြားငွေ ရောင်းဝယ်ရာမှာ အရင်က ဗဟိုဘဏ်ရဲ့ ရည်ညွှန်းငွေလဲနှုန်း သုညဒသမ၈ ရာခိုင်နှုန်းအတွင်း အတိုး/အလျှော့ လုပ်နိုင်တယ်လို့ သတ်မှတ် ထားတာကို ပယ်ဖျက်လိုက်ပြီးနောက် ဒေါ်လာငွေ လဲလှယ်နှုန်းဟာ ပြင်ပပေါက်ဈေးအရ ၁၅၇၀ ကျပ် ဝန်းကျင်အထိ မြင့်တက်ခဲ့တာကို လည်း တိုက်တိုက်ဆိုင်ဆိုင် လေ့လာတွေ့ရှိရပါတယ်။ ဒီငွေလဲလှယ်နှုန်း မြင့်တက်ရခြင်းဟာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးများအပါအဝင် အခြေအနေအကြောင်းအရာ များစွာပေါ် မူတည်လျက်ရှိကြောင်းကိုလည်း အားလုံးက လက်ခံပြီး ဖြစ်ပါတယ်။

လက်ရှိ ဈေးကွက်အတွင်း ဖြစ်ပေါ်နေသောဂယက်များအနေ ဖြင့်လည်း Re-export သကြားတင်သွင်းတင်ပို့ခွင့် ရပ်ဆိုင်းလိုက်ခြင်းကြောင့် ကုန်သည်များ နစ်နာရသည်ဆိုသည်နှင့် ပတ်သက်၍မူ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရာ၌ သွင်းကုန်လိုင်စင်ရရှိပြီးမှ ကုန်ပစ္စည်းများ မှာယူတင်သွင်းရမည် ဖြစ်သော်လည်း အချို့သော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှု မရှိဘဲ သွင်းကုန်လိုင်စင် မရရှိမီ ကုန်ပစ္စည်းများကြိုတင်ဝယ်ယူပြီး သင်္ဘောတင်သွင်းလာခြင်းများကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါတယ်။

နိဂုံးချုပ်အားဖြင့် ဆိုရသော် Re-export စနစ်ဖြင့် သကြားတင်သွင်း /တင်ပို့မှုအား ရပ်ဆိုင်းခဲ့တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများ နစ်နာတဲ့အပြင်၊ ကုန်သွယ်မှုပမာဏဟာလည်း လျော့ကျသွားနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီလုပ်ငန်း ရပ်ဆိုင်းသွားတဲ့အတွက်ကြောင့်ကုန်သည် လုပ်ငန်းရှင်များ၊ လုပ်ငန်း ကိုယ်စားလှယ်များ၊ ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်ပိုင်ရှင်များ၊ ကုန်တင်/ကုန်ချအလုပ်သမားများ စသည့် Supply Chain တစ်လျှောက်မှာ ပါဝင်နေသူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။

ဈေးကွက်ရှိနေပြီဖြစ်သော တရုတ်နိုင်ငံ၏ သကြားဈေးကွက်ကို ဝင်ရောက်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ သကြားထုတ်လုပ်သော စက်ရုံများ ရင်းနှီးမြှုပ်နှံ ထူထောင်ခြင်း၊ ပြည်တွင်းကြံစိုက်ပျိုး ထုတ်လုပ်မှု မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း သီးနှံမျိုးအပါအဝင် ထုတ်လုပ်မှုကုန်ကျ စရိတ် လျော့နည်းသက်သာအောင် ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ စနစ်တကျစီမံဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပမှ တစ်ဆင့် ပြန်လည်တင်ပို့သည့် သကြား Re-Export စနစ်အား အစားထိုးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းစက်မှုလုပ်ငန်းများ အတွက် အဆင့်မီသကြားများ ထုတ်လုပ်နိုင်ခြင်းမရှိသော ပြည်တွင်းထုတ် သကြားများအစား ပြည်ပမှတင်သွင်းနေရမှုများလည်း လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းရသည့် သကြားဈေးနှုန်းထက် ပိုမိုမြင့်မားနေသော ပြည်တွင်းထုတ်ဈေးကွက်ကိုလည်း စားသုံးသူ အကျိုးအတွက် လျှော့ချဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် ဈေးကွက်ရှာဖွေချိတ်ဆက်ခြင်း၊ မိမိနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်ထွက်ရှိတဲ့ ကုန်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေးများနဲ့ ကိုက်ညီတဲ့ပစ္စည်းများ ဖြစ်စေရေး တွန်းအားပေး ဆောင်ရွက်ခြင်း၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း (Trade Negotiation) နှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။

Reference: www.cbm.gov.mm , www.isosugar.org ,
Sugar:World Market & Trade Report(USDA_May/2018)

■

## ဩဂုတ်လအတွင်း လှိုင်ကော်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) များ၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပွဲများဆောင်ရွက်

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ စားသုံးသူတို့ရဲ့ အခွင့်အရေးနှင့်အကျိုးစီးပွားကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁ရက်နေ့တွင် လောဓမ္မ အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် ပန်ကန်းအခြေခံပညာ အထက်တန်းကျောင်း၌လည်း ကောင်း၊ ဩဂုတ် ၉ ရက်တွင် လောပိတအခြေခံပညာ အထက်တန်းကျောင်း၌လည်း၊ ဩဂုတ် ၁၀ ရက်နေ့တွင် ကုန်းသာအခြေခံပညာ အထက်တန်း ကျောင်း၌လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် စေတမန်ဗဟိုသင်တန်းကျောင်း၌လည်း ကောင်း၊ ဩဂုတ် ၂၁ ရက်တွင် ဒီးမော့ဆိုမြို့နယ် ဒေါင်ခါး အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ရာ ကျောင်းသား/ကျောင်းသူ စုစုပေါင်းလူဦးရေ ၁၈၅၀ ဦးကို စားသုံးသူ အကာအကွယ်ပေးရေး အသိပညာ ပေးဟောပြော ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စားသုံးသူပြည်သူများ မိမိတို့၏အခွင့်အရေးကို အပြည့်အဝနားလည်ပြီး တောင်းဆိုရယူတတ်စေရန် အတွက် စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ လုပ်ငန်းရှင်လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲသည့်အခါတွင် နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ဖြေကြားဆွေးနွေးခဲ့ပြီးနောက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့်အတူ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သတင်း ရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ကယား)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံးတွင် ဓာတုဆိုးဆေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူ ဝန်ထမ်းများသည် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ မြန်မာစားသုံးသူ များသမဂ္ဂ၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ ဩဂုတ်လ ၂၃ ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးကော်မတီရုံး၌ စက်မှုဇုန်အတွင်းရှိ ဓာတုဗေဒပစ္စည်း သိုလှောင်၊ သုံးစွဲ၊ ဖြန့်ဖြူးသည့် စီးပွားရေး လုပ်ငန်းရှင်နှင့် ဝန်ထမ်းများကို ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံ ဆောင်ရန် ရှောင်ရန်အချက်များ အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူး ဒေါ်ချိုချိုစန်းက ဓာတုဗေဒပစ္စည်း များနှင့်ပတ်သက်၍ ကျန်းမာရေးထိခိုက်နိုင်မှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ခန္ဓာကိုယ် အတွင်းသို့ နည်းမျိုးစုံဖြင့် ဝင်ရောက်နိုင်မှုစသည့် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ မန်နေဂျာ ဒေါ်ကေသီအုန်းက အစားအသောက်များတွင် ဖြည့်စွက်ပစ္စည်းဖြစ်သည့် ဆိုးဆေးများအကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုနေသော ဆိုးဆေးများအကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် FDA က တရားဝင် ခွင့်ပြုထားသော ဆိုးဆေးများကိုသာ သုံးစွဲကြစေလိုကြောင်းတို့ကိုလည်းကောင်း၊ မြန်မာစားသုံးသူများသမဂ္ဂမှ အတွင်းရေးမှူး ဦးမောင်မောင်က လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် လူသားအားလုံးနှင့်ဆိုင်သော စားသုံးသူ အခွင့်အရေးများ ရပိုင်ခွင့် အခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဓာတု ကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ ဓာတုအင်ဂျင်နီယာ ဒေါ်တင်မေလင်းက ဓာတု ဗေဒပစ္စည်းများကို အမျိုးအစားအလိုက်အဆင့်အတန်းခွဲခြားထားခြင်း၊ တစ်မျိုးနှင့် တစ်မျိုး သုံးစွဲပုံသုံးစွဲနည်း မတူညီသည့်အတွက် သတိမထားဘဲကိုင်တွယ်အသုံးပြုပါက အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေ တို့ကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စက်မှုဇုန်များရှိ ဓာတုပစ္စည်းများသုံးစွဲသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ အသုံးပြုသည့် ဓာတုဆိုးဆေးများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းတို့ပြုလုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းအောင် စနစ်တကျ ဆောင်ရွက်သွားဖို့လိုကြောင်း၊ စားသုံးသူများက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် စားသုံးသူ၏အခွင့်အရေးများ အပြည့်အဝရရှိစေရေး အတွက် လုပ်ငန်းရှင်များမှ သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြား ချက်များကို သိရှိပြီးဖြစ်သည့်အတွက် ဓာတုဆိုးဆေးများ သုံးစွဲရာတွင် စနစ်တကျ သုံးစွဲကြရန်နှင့် ဌာနဆိုင်ရာများ၊ NGOs များ၊ စားသုံးသူများ၊ စီးပွားရေးလုပ်ငန်း ရှင်များ အားလုံးပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ဟောပြော ဆွေးနွေးခဲ့ပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ စီးပွားရေး လုပ်ငန်းရှင်နှင့် ဝန်ထမ်းများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **လွဲလွဲဌေး (စားသုံးသူ)ရန်ကုန်**

## ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ကန်ကြီးထောင့်မြို့နယ်ရှိ တောင်သူများကို စားသုံးသူအသိပညာပေးပွဲနှင့် လက်ရှိပဲဈေးကွက်အခြေအနေ ကွင်းဆင်းအသိပညာပေး

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်၊ ခရိုင်ဦးစီးမှူး ဦးစိုးဦးတို့သည် တိုင်းစိုက်ပျိုးရေး ဦးစီးဌာန ဒုတိုင်းဦးစီးမှူး ဦးစိန်မောင်မြင့် လိုက်ပါ၍ ကန်ကြီးထောင့်မြို့နယ်၊ ကွင်းယားကျေးရွာတွင် ဩဂုတ်လ ၁၆ ရက်က စားသုံးသူအသိပညာပေးပွဲနှင့် လက်ရှိ ပဲလောက ဈေးကွက်အခြေအနေ တောင်သူများသိရှိစေရန် ကွင်းဆင်း အသိပညာပေးဆောင်ရွက်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူ (၁၂၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးမှုနှင့် အတူ တိုင်းအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်းစားသုံးမှု ပြည်ပသို့တင်ပို့မှုနှင့် ဆက်စပ်၍ လက်ရှိဈေးနှုန်း၊ ဈေးကွက်အခြေအနေမှန်ကို တောင်သူများသိရှိဖို့ လိုအပ်ကြောင်း၊ ဈေးကွက်မရှိဘဲ စိုက်ပျိုးလျှင် အကျိုးအမြတ်မရဘဲ အချိန်ကုန်၊ ငွေကုန် တောင်သူများနစ်နာမှုရှိပြီး လက်ရှိဈေးကွက်အခြေအနေ၊ နောင်တွင် ဖြစ်လာနိုင်မည့် ဈေးကွက်အခြေအနေများကို စိုက်ပျိုးသူတောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့လိုအပ်ကြောင်း၊ သို့မှသာ အနာဂတ်တွင် ဒေသနှင့်ကိုက်ညီ၍ အောင်မြင်ဖြစ်ထွန်းနိုင်မည့် ဈေးကွက်ဝင် သီးနှံများ အစားထိုးပြောင်းလဲ စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း၊ မိမိတို့ဌာနမှလည်း ပဲလောကဈေးကွက်အခြေအနေကိုတောင်သူများ သိရှိစေရန် ကွင်းဆင်း၍ ယခုလိုအသိပညာပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး ဦးစီးဌာနမှလည်း ပြောင်းလဲ စိုက်ပျိုးသင့်သည့် ပဲအမျိုးအစားများ၊ စိုက်ပျိုးရေး နည်းပညာ တောင်သူများ အကျိုးအမြတ်ရရှိစေမည့် အစားထိုး သီးနှံ ပြောင်းလဲ စိုက်ပျိုးရေးတို့ကို အသေးစိတ်ဆွေးနွေးဟောပြောခဲ့ပါသည်။

ယခုလို ပဲဈေးကွက်အခြေအနေနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင်လည်း ကျင်းပပြုလုပ်ခဲ့ရာ ဩဂုတ် ၁၀ ရက်က ရေကြည်မြို့နယ်နှင့် ဟင်္သာတမြို့နယ် ရွာသစ် မြောက်ပိုင်းကျေးရွာတွင် လည်းကောင်း၊ ဩဂုတ်လ ၁၄ ရက်က ဓနုဖြူမြို့နယ် ညောင်ချောင်းကျေးရွာတွင် လည်းကောင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဧရာမြေ (ပုသိမ်)**

## ထားဝယ်မြို့ပေါ်ရှိ Shopping Center အား စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်ဌာနများပူးပေါင်း၍ ရှောင်တခင် ဝင်ရောက်စစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ပေါ်ရှိ DDPC Shopping Center နှင့် အလှုသစ် Shopping Center တို့အား ဩဂုတ် ၂၀ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီသည် ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် DDPC Shopping Center ရှိ အလှုကုန်ပစ္စည်းများ၊ အစားအသောက် ထုတ်လုပ်ရောင်းချသောဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးအတွက် အစားအသောက်များအား သိုလှောင်ပုံ၊ ထားသိုပုံ၊ ကိုင်တွယ်ရောင်းချပုံတို့အား ပညာပေး ဆွေးနွေးခဲ့ပြီး ဆက်လက်၍ အလှုသစ် Shopping Center သို့ ရှောင်တခင်ဝင်ရောက် စစ်ဆေးရာတွင် ကျန်းမာရေး ဝန်ကြီးဌာနမှ အများပြည်သူသုံးစွဲရန်မသင့် ကြေညာထားသော Qianli, Dr. Japan, (Whitening LAYNOW night cream), RUIQIAN, Anti-freckle, Win Surf (Makeup Cream, Facial lotion) စသည့်အမှတ်တံဆိပ်ပါအလှုကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့ရာ အဖွဲ့ဖြင့် သိမ်းဆည်းခဲ့ပြီး အလှုသစ် Shopping Center တာဝန်ခံအား အဆိုပါ အလှုကုန်ပစ္စည်းများဆက်လက်မရောင်းချရန် ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်းနှင့် နောက်နောင် စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း သတိပေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

■

## သိန္နီမြို့နယ်၊ ပန်တီးကျေးရွာအုပ်စုအားကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိသည့် စားသောက်ကုန်ကင်းစင် ကျေးရွာအုပ်စုအဖြစ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့၊ စားသုံးသူ ရေးရာဦးစီးဌာနသည် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ သိန္နီမြို့နယ်အတွင်းရှိ ကျေးရွာများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးချက်များအရ ပန်တီးကျေးရွာအုပ်စုကို မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် စိတ်ကျေနပ်မှုရရှိစေရေး ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စားသုံးသူများ၏ ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးများ မရှိစေရေး ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော စားသောက်ကုန်များ ရောင်းချမှုမရှိသည့် ပန်တီးကျေးရွာအုပ်စုအား ‘ကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိသည့် စားသောက်ကုန်ကင်းစင်ကျေးရွာအုပ်စု’အဖြစ် ဂုဏ်ပြု မှတ်တမ်းလွှာအား သိန္နီမြို့နယ်အုပ်ချုပ်ရေးမှူးမှလည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်အား ဒုတိယပြည်နယ်ဦးစီးမှူး၊ စားသုံးသူရေးရာဦးစီးဌာနမှလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ **အောင်ကျော်မြင့်(လားရှိုး)**

CONSTRUCTION, POWER & MINING Myanmar 2018

INTERMACH MYANMAR

MTA MYANMAR

SUBCON MYANMAR Industrial Subcontracting Exhibition

MYANMAR WATER

RENEWABLE ENERGY RE MYANMAR

# A MEGA INDUSTRIAL & INFRASTRUCTURE EVENT FOR MYANMAR!

A unique combination of 4 special shows at 1 location featuring technologies and equipment covering a variety of industries including Industrial Machinery, Subcontracting & Sourcing, Construction, Mining, Water & Wastewater Management, Power and Renewable Energy.

**15 National Pavilions from 8 countries**
e.g. Singapore, Thailand, China, Taiwan, Korea, Japan, Malaysia and India

**500 Companies representing 1000 of Brands**

**Comprehensive Technical Seminars** and Activities related to all the industries

## 11-13 OCTOBER 2018

**Yangon Convention Centre (YCC)**
*Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.*

NEW VENUE

**9.00-17.00 hrs.**




**Pre-register at**
reg.ubmmyanmar.com

Supported by:

MCEA

REAM

Yangon Electricity Supply Corporation

Organised by:

UBM

For more informationplease contact UBM Myanmar

+95 1378 975

# မိမိသည်သာလျှင် ကမ္ဘာပေါ်တွင် အကြီးမြတ်ဆုံးနည်းပြဖြစ်ကြောင်း မော်ရင်ဟို ဝင့်ကြွားပြောဆို



မန်ယူနည်းပြ မော်ရင်ဟိုက မိမိသည်သာလျှင် ကမ္ဘာပေါ်တွင် အကြီးမြတ်ဆုံးနည်းပြတစ်ဦးဖြစ်ကြောင်း ဝင့်ကြွားပြောဆိုလိုက်သည်။

မော်ရင်ဟိုက 'ကျွန်တော်ဟာ ကလပ်အသင်း မန်နေဂျာတွေထဲမှာ အကြီးမြတ်ဆုံးသူတစ်ယောက်ပါ။ ပြောရရင်တော့ ဒါတင်မကသေးဘူး၊ ကမ္ဘာပေါ်မှာ အကြီးမြတ်ဆုံးနည်းပြတစ်ယောက်ပေါ့။ ကျွန်တော်ဟာ နည်းပြဘဝနဲ့ အချိန်တိုတိုအတွင်းမှာ ချန်ပီယံဆု ရှစ်ကြိမ်ရထားတယ်။ ဥရောပက မတူညီတဲ့ ထိပ်တန်းလိဂ်တွေဖြစ်တဲ့ အီတလီစီးရီးအေ၊ စပိန်လာလီဂါနဲ့ အင်္ဂလန်ပရီးမီးယားလိဂ်တွေမှာ အောင်မြင်မှုတွေ၊ ဆုဖလားတွေရအောင် ကျွန်တော်စွမ်းဆောင်နိုင်ခဲ့တယ်။ ဒီလိုနည်းပြမျိုး ဘယ်မှာရှိလဲ၊ ခင်ဗျားတို့ ရှာကြည့်ဦး'ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ယူနည်းပြ မော်ရင်ဟိုက လူတွေက မိမိကို အမြဲတမ်းဝေဖန်တိုက် ခိုက်မှုပြုလုပ်ချင်နေကြကြောင်း၊ အသင်းတာဝန်ရှိသူများနှင့် မိမိအကြား ကြီးမားသည့်ပြဿနာများမရှိကြောင်း၊ နှစ်ပွဲရှုံးခြင်းကို ကမ္ဘာပျက်သည်နှင့် ခိုင်းနှိုင်းနေကြကြောင်း၊ မိမိကို မနာလို မရှုဆိတ်ရှိနေသူကများနေကြောင်း၊ မည်သို့ပင်ဆိုစေ မိမိမှာ ကမ္ဘာပေါ်တွင် အကြီးမြတ်ဆုံး နည်းပြသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။




# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များမဲခွဲ မန်ယူနှင့် ဂျူဗင်တပ် ဘာစီလိုနာနှင့် စပါးတို့ တစ်အုပ်စုတည်းကျရောက်


၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များကို ဩဂုတ် ၃၀ ရက်က ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် မဲခွဲရွေးချယ်ခဲ့ရာ မန်စီးတီးအသင်းမှာ အုပ်စုရှောင်နေပြီး မန်ယူ၊ လီဗာပူးနှင့် စပါးအသင်းတို့မှာ အုပ်စုအနည်းငယ်ကျပ်သည်ဟု ဆိုရမည်ဖြစ်သည်။

အုပ်စု(A) တွင် အက်သလက်တီကို၊ ဒေါ့မွန်၊ မိုနာကိုနှင့် ဘရူဂျက်၊ အုပ်စု(B) တွင် ဘာစီလိုနာ၊ စပါး၊ ပီအက်စ်ဗွီနှင့် အင်တာမီလန်၊ အုပ်စု(C)တွင် ပီအက်စ်ဂျီ၊ နာပိုလီ၊ လီဗာပူးနှင့် ရက်စတားဘဲဂရိတ်၊ အုပ်စု(D)တွင် လိုကိုမိုးတစ်မော်စကို၊ ပေါ်တို၊ ရှော်ကေးနှင့် ဂါလာတာစာရေး၊ အုပ်စု(E)တွင် ဘိုင်ယန်မြူးနစ်၊ ဘင်ဖီကာ၊ အေဂျစ်နှင့်အေအီးကေအေသင်၊အုပ်စု(F)တွင် မန်စီးတီး၊ ရှက်တာဒိုးနက်၊ လိုင်ယွန်နှင့် ဟော့ဖန်ဟိမ်း၊ အုပ်စု(G) တွင် ရီးရဲလ်မက်ဒရစ်၊ ရိုးမား၊ စီအက်စ်ကေအေမော်စကိုနှင့် ဗစ်တိုးရီးယားပလာဇန်၊ အုပ်စု(H)တွင် ဂျူဗင်တပ်၊ မန်ယူ၊ ဗလန်စီယာတို့ပါဝင်နေသည်။

အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၈ ရက်တွင် စတင်ကစားမည်ဖြစ်ပြီး ၁၆ သင်းအဆင့် ပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။ ၁၆ သင်းအဆင့် ပွဲစဉ်များ၏ ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၂-၁၃ ရက်နှင့် ၁၉-၂၀၊ ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၅-၆နှင့် ၁၂-၁၃တို့တွင် ကစားမည်ဖြစ်သည်။

ကွာတားဖိုင်နယ်အဆင့် မဲခွဲမှုကို မတ် ၁၅ရက်တွင် ကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၉-၁၀နှင့် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၆-၁၇ တို့တွင် ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ၃၀-မေ ၁ ရက်နှင့် ဒုတိယအကျော့ပွဲစဉ်များကို မေ ၇-၈ ရက်တို့တွင် ကစားမည်ဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ချန်ပီယံလိဂ်၏ နောက်ဆုံးဗိုလ်လုပွဲကို စပိန်နိုင်ငံရှိ အက်သလက်တီကိုမက်ဒရစ်အသင်း၏ အိမ်ကွင်းဖြစ်သည့် မီထရိုပိုလီတာနိုကွင်းတွင် ကျင်းပမည်ဖြစ်သည်။

# တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု လူကာမိုဒရစ် ရရှိ



ဟန်နေသစ် စုစည်းသည်

၂၀၁၇-၂၀၁၈ ဘောလုံးရာသီ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှား ကွင်းလယ်ကစားသမား လူကာမိုဒရစ်က ရရှိသွားခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ် ၃၀ ရက်က ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့မှုနှင့်အတူ တစ်နှစ်တာ အကောင်းဆုံးကစားသမားနှင့် နေရာအလိုက်ကစားသမားများကိုလည်း မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လူကာမိုဒရစ်သည် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရမှတ် ၃၁၃ မှတ်ဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်း၏နောက်တွင် စီရိုနယ်ဒို (ဂျူဗင်တပ်၊ ရီးရဲလ်မက်ဒရစ်၊ ပေါ်တူဂီ)၊ မိုဟာမက်ဆာလက်ချ် (လီဗာပူး၊ အီဂျစ်)၊ ဂရက်ဇ်မန်း (အက်သလက်တီကို၊ ပြင်သစ်)၊ မက်ဆီ(ဘာစီလိုနာ၊ အာဂျင်တီးနား)၊ အမ်ဘတ်ပီ(ပီအက်စ်ဂျီ၊ ပြင်သစ်)၊ ဒီဘရိုင်း (မန်စီးတီး၊ ဘယ်လ်ဂျီယံ)၊ ဗာရန်း(ရီးရဲလ်မက်ဒရစ်)၊ ဟာဇက်(ချယ်လ်ဆီး၊ ဘယ်လ်ဂျီယံ)နှင့် ရာမို့စ် (ရီးရဲလ်မက်ဒရစ်၊ စပိန်)တို့ အသီးသီးရှိခဲ့ကြသည်။ လူကာမိုဒရစ်သည် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအပြင် တစ်နှစ်တာအကောင်းဆုံး ကွင်းလယ်ကစားသမားဆုကိုပါ ရရှိခဲ့သည်။

ထို့ပြင် တစ်နှစ်တာ အကောင်းဆုံး တိုက်စစ်ကစားသမားဆုကို စီရိုနယ်ဒို(ဂျူဗင်တပ်၊ ရီးရဲလ်မက်ဒရစ်၊ ပေါ်တူဂီ)က မိုဟာမက်ဆာလက်ချ်၊ မက်ဆီ၊ အမ်ဘတ်ပီ၊ ဒီဇီကို၊ ဟယ်ရီကိန်း၊ ဖာမီနို၊ ဂရက်ဇ်မန်းနှင့် မာနေးတို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ တစ်နှစ်တာအကောင်းဆုံး နောက်ခံကစားသမားဆုကို ရာမို့စ် (ရီးရဲလ်မက်ဒရစ်)က ဗာရန်း(ရီးရဲလ်မက်ဒရစ်)၊ မာဆယ်လို(ရီးရဲလ်မက်ဒရစ်)၊ ချီရယ်လီနီ(ဂျူဗင်တပ်)၊ လိုဗရန်(လီဗာပူး)၊ ဗန်ဒက်(လီဗာပူး)၊ ဂိုဒင်(အက်သလက်တီကို)၊ ကမ်မက်ချ်၊ ဟမ်မဲလ်(ဘိုင်ယန်မြူးနစ်)နှင့် ပီကေး(ရီးရဲလ်မက်ဒရစ်)တို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့သည်။ တစ်ဆက်တည်းတွင် တစ်နှစ်တာ အကောင်းဆုံး ဂိုးသမားဆုကို နာဗစ်(ရီးရဲလ်မက်ဒရစ်)က အလစ်ဆန်(လီဗာပူး၊ ရိုးမား)၊ ဘတ်ဖွန် (ပီအက်စ်ဂျီ၊ ဂျူဗင်တပ်)၊ စတီဂန်(ဘာစီလိုနာ)၊ ကော်တွိုက်စ်(ရီးရဲလ်မက်ဒရစ်၊ ချယ်လ်ဆီး)၊ အီဒါဆင်(မန်စီးတီး)၊ လိုရစ်(စပါး)၊ ဂျန်အိုဘလက် (အက်သလက်တီကို)၊ ဒီဂီယာ(မန်ယူ)နှင့် အူရက်ချ်(ဘိုင်ယန်မြူးနစ်)တို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။

# အင်္ဂလန်အသင်းလူစာရင်းတွင် နောက်ခံလူ လုခ်ရှောပြန်လည်ပါဝင်လာ



ယခုတစ်ပတ်တွင် ပြည်တွင်းလိဂ်ပွဲစဉ်များကို တစ်ပတ်တာ ရပ်နားထားပြီး နိုင်ငံတကာခြေစမ်းပွဲများကို ကစားကြမည်ဖြစ်သည်။ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်သည် ခြေစမ်းပွဲအတွက် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ထားသည်။ နည်းပြဆောက်ဂိတ်သည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်လှပ်ထားခဲ့သည့် မန်ယူအသင်းမှ နောက်ခံကစားသမား လုခ်ရှောကိုပြန်လည်ရွေးချယ်လာခဲ့သည်။ လုခ်ရှောသည် ယခုအချိန်တွင် မန်ယူအသင်း၏ ခံစစ်နေရာတွင် ပွဲတိုင်းပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

နိုင်ငံတကာ ခြေစမ်းပွဲများအတွက် နည်းပြဆောက်ဂိတ် ရွေးချယ်ထားသည့် ကစားသမား ၂၃ဦးစာရင်းမှာ- ဂိုး - ဂျက်ဘတ်လန်း(စတုတ်စီးတီး)၊ ဂျော်ဒန်ပက်ဖို့ဒ်(အဲဗာတန်)၊ မက္ကာသီ(ဆောက်သမ်တန်)၊ နောက်တန်း - အာနော့ဒ်၊ ဂျိုးဂိုမက်ဇ် (လီဗာပူး)၊ ဖာဘီယံဒက်ဖ်(မန်စီးတီး)၊ မက်ကွီရီ(လက်စတာ)၊ ဒန်နီရို့စ်(စပါး)၊ လုခ်ရှော၊ (မန်ယူ)၊ ဂျွန်စတုန်း၊ ဝေါ်ကာ(မန်စီးတီး)၊ တာကောစကီး(ဘန်လေ)၊ ထရက်ပီယာ(စပါး)၊ အလယ်တန်း- ဒီလီအလီ၊ အဲရစ်ဒိုင်ယာ(စပါး)၊ ဟန်ဒါဆင်၊ လယ်လာနာ(လီဗာပူး)၊ လင်ဂတ်(မန်ယူ)၊ လော့ဖ်တပ်ချက် (ချယ်လ်ဆီး)၊ ရှေ့တန်း - ဟယ်ရီကိန်း(စပါး)၊ ရက်ချ်ဖို့ဒ်(မန်ယူ)၊ စတာလင်း(မန်စီးတီး) နှင့် ဝဲလ်ဘက်(အာဆင်နယ်)တို့ ဖြစ်ပြီး ဖီးလ်ဂျုန်းစ်နှင့် အက်ရှ်လေယန်းတို့မှာ အင်္ဂလန်အသင်း လူစာရင်းတွင် ပါဝင်လာခြင်း မရှိခဲ့ပေ။ အင်္ဂလန်အသင်းသည် စက်တင်ဘာ ၉ ရက်တွင် UEFA National League ပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်တွင် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ဆွစ်ဇာလန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

■ ရွှေစင်ဦး ■

**(ယခင်တစ်ပတ်မှအဆက်)**

၇။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ **ရုံးလုပ်ငန်း**အတွက် အသုံးပြုရန်နေရာဖြစ်သည်။

→ အပိုင်း၇သည်ရုံးလုပ်ငန်းသုံးရန်ဖြစ်သည်။

လျှောက်ထားသူအား အောက်ပါနံပါတ်များအရ မှတ်ပုံတင်သည်-

မှတ်ပုံတင်အမှတ်-------------------------------------------

မှတ်ပုံတင်သည့် ရက်စွဲ----------------------------------------

မှတ်ပုံတင်မှု တရားဝင်သည့်ရက်စွဲ------------------------------

လက်မှတ်နှင့် တံဆိပ်တုံး--------------------------------------

*မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူ၏ အချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုပေါ်တွင် ရရှိနိုင်အောင် ဆောင်ရွက်ထားသည်။

http://ec.europa.eu/taxation_customs/dds2/eos/rex_validation.jsp?Lang=en

ယင်းသို့ လုပ်ဆောင်ခြင်းအားဖြင့် စီးပွားရေးလည်ပတ်ဆောင်ရွက်သူများသည် ၎င်းတို့လက်ခံရရှိသည့် ပင်ရင်းပင်ရင်း ထုတ်ကုန်ဖော်ပြချက်များပေါ်ရှိ ပို့ကုန်တင်ပို့သူ၏ တရားဝင်မှုကို တိုက်ဆိုင်စစ်ဆေးနိုင်သည်။

အကယ်၍ ပို့ကုန်တင်ပို့သူအနေဖြင့် ၎င်း၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို ဖော်ပြရန် သဘောမတူခဲ့ပါက (လျှောက်လွှာ၏ အပိုင်း ၆) အောက်ပါသတင်းအချက်အလက်များကိုသာလျှင် အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သည်- REX နံပါတ်၊ မှတ်ပုံတင်ခြင်းတရားဝင်သည့် ရက်စွဲ၊ ပြန်လည်ရုတ်သိမ်းသည့် ရက်စွဲ (အကယ်၍သက် ဆိုင်လျှင်)၊ မှတ်ပုံတင်ခြင်းသည် နော်ဝေ သို့မဟုတ် ဆွစ်ဇာလန်နိုင်ငံ (သို့) တူရကီနိုင်ငံတို့ကို တင်ပို့ရန်လည်း အသုံးပြု နိုင်ခြင်း ရှိမရှိနှင့် ဆိုင်သည့် သတင်းအချက်အလက်၊REX စနစ်နှင့် အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တို့အကြား နောက်ဆုံးအချိန်ကိုက် ဆောင်ရွက်ခဲ့သည့် ရက်စွဲ။

**REX စနစ်တွင် အသုံးပြုမည့် ပင်ရင်းထုတ်ကုန်ဖော်ပြချက်**

***၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ (သို့မဟုတ် REX ကို အကောင်အထည်ဖော်မှုနောက်ကျခဲ့လျှင် ထို့ထက် နောက်ကျသည့် ရက်စွဲတွင်) မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူများနှင့် တန်ဖိုးနည်းပါးသော ကုန်စည်တင်ပို့သည့် ပို့ကုန်တင်ပို့သူများအားလုံးအတွက် ပင်ရင်းထုတ်ကုန်ဖော်ပြချက်***

မည်သည့်စီးပွားရေးဆိုင်ရာ စာရွက်စာတမ်းပေါ်တွင်မဆို ပို့ကုန်တင်ပို့သူ၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊ ပို့ကုန် ပစ္စည်းကို ရှင်းလင်းဖော်ပြချက်နှင့် ထုတ်ပေးသည့် ရက်စွဲ (၁)တို့ကို ဖော်ပြလျက် ဖြည့်သွင်းဆောင်ရွက်ရန်ဖြစ်သည်။

**မြန်မာဘာသာပြန်**

ပို့ကုန်တင်ပို့သူ. . . . . . (ယခုစာရွက်စာတမ်းတွင် ပါဝင်သည့် ထုတ်ကုန်ပစ္စည်းများ၏ မှတ်ပုံတင်ထားပြီး ပို့ကုန်တင် ပို့သူအရေအတွက် (၂)(၃)(၄) သည် ရှင်းရှင်းလင်းလင်း ညွှန်ပြထားခြင်းမရှိသည်မှလွဲ၍ အဆိုပါထုတ်ကုန်များသည် . . . . . . အထူးအကောက်ခွန် ကင်းလွတ်ခွင့်ရ ပင်ရင်းထုတ်ကုန်များဖြစ်ကြသည်။ (၅) ဥရောပသမဂ္ဂ အထူး အကောက်ခွန်ကင်းလွတ်ခွင့်စနစ်၏ ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းများအရနှင့် ပင်ရင်းထုတ်ကုန်ဆိုင်ရာ သတ်မှတ် ချက်များနှင့် ကိုက်ညီသည် . . . . . (၆)။

**အောက်ခြေမှတ်စုများ**

(၁) ပင်ရင်းဒေသဆိုင်ရာ ဖော်ပြချက်ဖြင့် အခြားဖော်ပြချက်တစ်ခုကို အစားထိုးရာတွင် အီးယူကော်မရှင်အကောင် အထည်ဖော်ရေးစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပုဒ်မ (၁၀၁) (၂) နှင့် (၃) အရ စည်းမျဉ်းစည်းကမ်း (EU) No. 952/2013 ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် အသေးစိတ်စည်းမျဉ်းစည်းကမ်း ချမှတ်သည်။ (တရားဝင်ဂျာနယ် စာမျက်နှာ ၅၅၈ ကိုရှု)၊ ပင်ရင်းနိုင်ငံဆိုင်ရာ ဖော်ပြချက်အစားထိုးခြင်းကို ‘အစားထိုးဖော်ပြချက်’ ဟု ဖော်ပြရမည်။ အစားထိုးဖော်ပြချက်တွင် ပင်ရင်း ပင်ရင်းဖော်ပြချက် ထုတ်ပေးသည့် ရက်စွဲ နှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (EU) ၏ အပိုဒ် ၈၂(၆) အရ လိုအပ်သော အချက်အလက်များကိုလည်း ဖော်ပြရမည်။

(၂) အကောင်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ၁၀၁(၂)အပိုဒ်ခွဲ ၁ နှင့် ပုဒ်မ ၁၀၁ အပိုဒ် (၃) တို့နှစ်ခုစလုံးအရ ပင်ရင်းဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့် အစားထိုးရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် ယင်းကဲ့သို့ ဖော်ပြချက်တစ်ခုကို ဖြည့်သွင်းဆောင်ရွက်ရာ၌ ၎င်း၏ အမည်နှင့် လိပ်စာအပြည့်အစုံ ကို ၎င်း၏ ပို့ကုန်တင်ပို့သူမှတ်ပုံတင်အမှတ်နောက်မှ ဖော်ပြရမည်ဖြစ်သည်။

(၃) အကောင်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁ (၂) အပိုဒ်ခွဲ ၂ နှင့် အညီ ပင်ရင်းဒေသ ဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့် အစားထိုးဆောင်ရွက်ရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် ယင်းကဲ့သို့ဖော်ပြချက်တစ်ခုကို ဖြည့်သွင်းဆောင်ရွက်ရာ၌ ၎င်း၏ အမည်နှင့် လိပ်စာအပြည့်အစုံကို ‘(အထူးအကောက်ခွန်ကင်းလွတ်ခွင့်ကို ခံစားသည့်နိုင်ငံရှိပို့ကုန်တင်ပို့သူ၏ အမည်နှင့် လိပ်စာအပြည့်အစုံဖြင့်) ဖြည့်သွင်းဆောင်ရွက်ထားသည့် ပင်ရင်းနိုင်ငံဆိုင်ရာဖော်ပြချက်အပေါ်အခြေခံ၍ ဆောင်ရွက်ခြင်း’ဟု ဖော်ပြချက် နောက်မှဖော်ပြပြီး၊ အောက်ပါနံပါတ်အရ မှတ်ပုံတင်ရမည်ဖြစ်သည်။ (အထူး အကောက်ခွန်ကင်းလွတ်ခွင့် ကို ခံစားသည့်နိုင်ငံရှိ ပို့ကုန်တင်ပို့သူ၏ ပို့ကုန်တင်ပို့သူ မှတ်ပုံတင်အမှတ်)

(၄) အကောင်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁(၂)နှင့်အညီ ပင်ရင်း ဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့် အစားထိုးဆောင်ရွက်ရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် အစဦး တင်ပို့ကုန်ရှိ ပင်ရင်း ပင်ရင်းထုတ်ကုန်များ၏ တန်ဖိုးသည် ယူရို ၆၀၀၀ ထက်ကျော်လွန်မှသာလျှင် ပို့ကုန်တင်ပို့သူမှတ်ပုံ တင်အမှတ်ကို ဖော်ပြနိုင်သည်။

(၅) ထုတ်ကုန်များ၏ ပင်ရင်းနိုင်ငံကို ဖော်ပြရမည်။ ပင်ရင်းနိုင်ငံဆိုင်ရာဖော်ပြချက်သည် အကောင်အထည်ဖော်ခြင်း ဆိုင်ရာ စည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၁၂ ပါ အဓိပ္ပာယ် ဖော်ပြချက်အတွင်း Ceuta နှင့် Melilla နိုင်ငံတွင် ပင်ရင်းပင်ရင်း အခြေပြုသည့် ထုတ်ကုန်များနှင့် အားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ဆက်စပ်နေသည့်အခါ ပို့ကုန်တင်ပို့သူအနေဖြင့် ပင်ရင်းဆိုင်ရာဖော်ပြချက်ကို သင်္ကေတ ‘XC/XL’ နည်းလမ်း အရဖြည့်သွင်းဆောင်ရွက်ထားသည့် စာရွက်စာတမ်း၌ ၎င်းတို့ကို ရှင်းရှင်းလင်းလင်းဖော်ပြရမည်ဖြစ်သည်။

(၆) ရာနှုန်းပြည့်ထုတ်လုပ်ရရှိသော ထုတ်ကုန်များအတွက် အင်္ဂလိပ်အက္ခရာ ‘P’ ကိုလည်းကောင်း၊ လုံလောက်စွာ ပြုပြင်ထုတ်လုပ်ထားပြီး၊ ထုတ်ကုန်များအတွက် Harmonised စနစ် (HS) အစဂဏန်းများနောက်မှ အင်္ဂလိပ်အက္ခရာ ‘W’(ဥပမာ ‘W’9618) ကိုလည်းကောင်း ထည့်သွင်းရမည်။ အထက်ဖော်ပြချက်ကို အောက်ပါဖော်ပြချက်တစ်ခုခုဖြင့် ဆီလျော်သလိုအစားထိုးနိုင်သည်- (က) နှစ်နိုင်ငံ ပေါင်းစပ်တွက်ချက်မှုကိစ္စများအတွက် ‘EU cumulation’ ဟုလည်းကောင်း၊ (ခ) နော်ဝေ၊ ဆွစ်ဇာလန် သို့မဟုတ် တူရကီနိုင်ငံများနှင့် ပေါင်းစပ်တွက်ချက်သော ကိစ္စဖြစ်ပါက ‘Norway cumulation’, ‘Switzerland cumulation’, ‘Turkey cumulation’ ဟူ၍လည်းကောင်း၊ (ဂ) ဒေသတွင်းပေါင်းစပ်တွက်ချက်သည့်ကိစ္စများအတွက် ‘regional cumulation’ နှင့် (ဃ) တိုးချဲ့ဆောင်ရွက်သော ပေါင်းစပ်တွက်ချက်မှုများအတွက် ‘extended cumulation with country x’ ဟု အစားထိုးဖော်ပြနိုင်သည်။

(ကိုးကား။ ။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

❑

## တမူးမြို့နယ်၏ ငါးဈေးကွက်အခြေအနေ

တမူးမြို့နယ်တွင် ရန်ကုန်ဈေးကွက်မှ ငါးကြင်း၊ ငါးမုတ်၊ ငါးမြင်းများ ဝယ်ယူရောင်းချလျက်ရှိပြီး မြို့နယ်အတွင်းတွင် ငါး ဝယ်/ရောင်း လုပ်ကိုင်နေသူ ၄- ၅ ဦးခန့်ရှိကြောင်း၊ တစ်ရက်လျှင် ငါးမျိုးစုံ ပျမ်းမျှ ပိဿာချိန် ၈၀၀-၉၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း၊ ငါးမြင်း၊ ငါးကြင်း၊ ငါးမုတ် အကောင်လိုက် ဈေးအနေဖြင့် ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၄၅၀၀၊ ငါးမြင်းနှင့် ငါးမုတ်တစ်ပိဿာကျပ် ၃၅၀၀၊ ခုတ်သားအသန့်အနေဖြင့် ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ငါးမြင်းနှင့် ငါးမုတ် တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ခန့် ရှိကြောင်း သိရှိရပါသည်။



မိုးတွင်းကာလဖြစ်သဖြင့်ချောင်းငါးများဝင်ရောက်နေပြီး ယခုကာလတွင် ငါးခုံးမ၊ ငါးအိပ်မများ အကြီးအသေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဝန်းကျင် ရောင်း ချနေကြောင်း ဒေသတွင်းရှိငါးလုပ်ငန်းရှင်တစ်ဦးထံမှ သိရှိ ရပါသည်။

**စွမ်းရည်**

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ ရက်က စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများဖိတ်ကြားထားသူများ စုစုပေါင်း ၂၆ ဦး တက်ရောက်ကြပါသည်။

အခမ်းအနားတွင်ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက်အတွင်းရေးမှူး ဦးမြင့်အောင်က ဌာန၏ ညွှန်ကြားချက်များအား ဖတ်ကြားရှင်းလင်းပြီး ဇူလိုင်လအတွင်း ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများ၊မြို့နယ်အလိုက် မြို့နယ်တာဝန်ခံများနှင့်မိတ်ဖက်ဌာနများပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်မှု အခြေအနေများ၊အခြားဌာနမှ ဦးဆောင်၍ ကွင်းဆင်းဆောင်ရွက်မှုများတွင် ပူးပေါင်းကူညီဆောင်ရွက်မှု အခြေအနေများ၊ရှေ့ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားပါသည်။

ထို့နောက် တက်ရောက်လာကြသော အဖွဲ့ဝင်များနှင့် မိတ်ဖက်ဌာနများက ကွင်းဆင်းစစ်ဆေးမှုများတွင် ညွှန်ကြားချက် လိုက်နာမှုမရှိသော လုပ်ငန်းများအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြပါသည်။ အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုအပေါ် ဥက္ကဋ္ဌက မြို့ပေါ်ရှိဆေးဆိုင်များ ၊ စတိုးဆိုင်၊ မုန့်မျိုးစုံလက်ကားဆိုင်များ၊ ကုန်ခြောက်၊ ကုန်စိမ်းဆိုင်များ စသည့်အမျိုးအစားအလိုက် အရောင်းဆိုင်များအပြင် လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များအား အလှည့်ကျတွေ့ဆုံ၍ သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဥပဒေများအား ချပြရှင်းလင်းသွားရန် လိုအပ်ကြောင်း၊ လိုက်နာခြင်း မရှိပါက သတိပေးခြင်း၊ ခံဝန်ထိုးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# v,f,mxGufukefpöüf;rsm; tyg tOif pkdyfsk,d&;xkwfukefrsm;&Jynfwifyf usqif;jcif;ukdukpm;EkdifzGJUr0if....

DOCA( Domestic)

## ကျွဲ၊နွားမွေးမြူရေးနှင့်တောင်သူများ၏ကဏ္ဍ

စာရေးသူတို့၏ မြန်မာပြည်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အဓိကလုပ်ကိုင်သော နိုင်ငံဖြစ်သည်နှင့်အညီ တိုးတက်လာသည့်ခေတ်စနစ်အရ လက်မှုလယ်ယာလုပ်ငန်းများ လုပ်ကိုင်နေကြရာမှ ယခုအခါ စက်မှုလယ်ယာစနစ်သို့ တဖြည်းဖြည်းကူးပြောင်းနေကြပြီဖြစ်ပါသည်။ လယ်ယာလုပ်ငန်းခွင်များတွင် ကျွဲ၊ နွားများ၏ နေရာ၌ စက်ကိရိယာများကို အစားထိုးအသုံးပြုလာနေကြပြီး အချို့ဒေသများတွင်မူ ကျွဲ၊ နွားများနှင့် စက်ကိရိယာများ တွဲဖက်အသုံးပြုနေကြသေးသည်ကိုလည်း တွေ့ရှိရပေသည်။ ကျေးလက်တောရွာနေရာအနှံ့အပြားတွင် စိုက်ပျိုးရေးသုံးစက်ပစ္စည်းများဖြစ်သည့် လက်တွန်းထွန်စက်၊ ထွန်စက်၊ ထော်လာဂျီများ၊ စပါးခြွေလှေ့စက်၊ စပါးရိတ်စက် စသည်တို့ကို သုံးစွဲနေကြပြီဖြစ်လေသည်။ လယ်ယာလုပ်ငန်းတွင် ကျွဲ၊ နွားသုံးစွဲမှုများ တဖြည်းဖြည်း လျော့နည်းလာကြပြီး စက်ကိရိယာအသုံးပြုမှုများ များပြားလာသည်ကို တွေ့ရှိရပေသည်။ စက်ကိရိယာများ သုံးစွဲခြင်းကြောင့် တောင်သူများအနေဖြင့် ရာသီချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတုဒဏ်မှ အချိန်မီကာကွယ်နိုင်ခြင်း၊ အချိန်ကုန် သက်သာခြင်းစသော အကျိုးကျေးဇူးများ ရရှိကြပါသည်။ လယ်ယာလုပ်ငန်းများတွင် ကျွဲ၊ နွားအသုံးပြုမှု နည်းပါးလာသော်လည်း ယနေ့ကာလတွင် ကျွဲ၊ နွားဈေးကွက်မှာ ဖွံ့ဖြိုးလာသဖြင့် တောင်သူများ များစွာ တွက်ချေကိုက်ကာ အကျိုးရလဒ်များဖြစ်ပေါ် စေကြောင်း သိရှိရပေသည်။ ကျွဲ၊ နွားဈေးနှုန်းများမှာ ယခင်ကထက် ပိုမိုရရှိသောကြောင့် တောင်သူများအနေဖြင့် သီးနှံများ ဆုံးရှုံးသည်ဆိုပါက ပြန်လည်ဖာထေးကာ အဆင်ပြေစွာ ရပ်တည်နိုင်သည့်အခြေအနေတွင် ရှိနေပါသည်။

ထိုသို့ ကျွဲ၊ နွား ဈေးနှုန်းများ တိုးတက်ရရှိလာသောကြောင့် မွေးမြူကြသည့် ကျေးလက်နေတောင်သူမိသားစုများ၏ဘဝများ ပိုမိုအဆင်ပြေလာကြပေသည်။ လယ်ယာလုပ်ငန်းတွင်ကျွဲ၊ နွားအသုံးပြုမှု လျော့နည်းလာ၍သော်လည်းကောင်း၊ ပြည်ပသို့တင်ပို့နေခြင်းကြောင့်သော်လည်းကောင်း ပြည်တွင်း ကျွဲ၊ နွားရှားပါးမှုများ ဖြစ်ပေါ်နိုင်သည်ဟု ထင်မြင်နေမှုများမှာ အမှန်အားဖြင့် မဖြစ်နိုင်ပေ။ မွေးမြူမှုများလည်း လျော့နည်းလာမည် မဟုတ်ပေ။ ကျေးလက်နေတောင်သူများအနေဖြင့် မိရိုးဖလာအရ စိုက်ပျိုးရေးနှင့် မွေးမြူရေးအား ဒွန်တွဲလုပ်ကိုင်နေကြပေသည်။ စိုက်ပျိုးရေးလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကို မွေးမြူရေးတွင် အသုံးပြုကြသကဲ့သို့ မွေးမြူရေးမှ စွန့်ပစ်ပစ္စည်းများကိုလည်း စိုက်ပျိုးရေးအတွက် ပြန်လည်အသုံးချကြသောကြောင့် လွယ်ကူအဆင်ပြေသည့်လုပ်ငန်းများပင်ဖြစ်လေရာ ကျွဲ၊ နွားများ လျော့နည်းကွယ်ပျောက်ခြင်း၊ ရှားပါးခြင်းများ ဖြစ်ပေါ်မည်မဟုတ်ပေ။ ကျွဲ၊ နွားဈေးကွက်များ ဖွံ့ဖြိုး တိုးတက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပြည်ပ ဈေးကွက်ကြီးမားမှုကြောင့်ပင်ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကျွဲ၊ နွားအရှင် တင်ပို့ခွင့်ပြုလိုက်သည့် နောက်ပိုင်းတွင် ဈေးနှုန်းများ လျင်မြန်စွာ တိုးတက်လာခြင်းဖြစ်ပေသည်။ ဤသို့ ကျွဲ၊ နွားများ၏ ဈေးနှုန်းတိုးတက်လာသည့် အခြေအနေအား အောက်ပါအတိုင်း တွေ့ရှိရပေသည်-

### ကျွဲ၊ နွားဈေးနှုန်းတိုးတက်လာသည့် အခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၇ အောက်တိုဘာမတိုင်မီတင်ပို့မှု | | ၂၀၁၇ အောက်တိုဘာနောက်ပိုင်း တင်ပို့မှု | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ဈေးနှုန်း | ကောင်ရေ | ဈေးနှုန်း | ကောင်ရေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | နေပြည်တော်ကောင်စီ | ၈ သိန်းမှ ၉ သိန်း | - | ၁၁ သိန်းမှ ၁၅ သိန်း | ၁၄၇၀၀ | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၅ သိန်းမှ ၆ သိန်း | - | ၁၀ သိန်းမှ ၁၅ သိန်း | ၅၀၀၀ | |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ၅ သိန်းမှ ၆ သိန်း | - | ၇ သိန်းမှ ၁၂ သိန်း | ၁၁၀၀ | |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၆ သိန်းမှ ၈ သိန်း | - | ၁၀ သိန်းမှ ၁၂ သိန်း | ၁၁၃၅၀ | |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၅ သိန်းမှ ၁၀ သိန်း | - | ၁၂ သိန်းမှ ၁၅ သိန်း | ၃၇၀၀၀ | |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၅ သိန်းမှ ၆ သိန်း | - | ၈ သိန်းမှ ၁၀ သိန်း | ၂၃၈၆၀ | |
| ၇ | မကွေးတိုင်းဒေသကြီး | ၈ သိန်းမှ ၁၀ သိန်း | - | ၁၅ သိန်းမှ ၁၇ သိန်း | ၁၇၆၀၀ | |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၅ သိန်းမှ ၆ သိန်း | - | ၇ သိန်းမှ ၁၂ သိန်း | ၁၀၀၀ | |
| ၉ | ကချင်ပြည်နယ် | ၆ သိန်းမှ ၈ သိန်း | - | ၈ သိန်းမှ ၁၂ သိန်း | ၁၀၀၀ | |
| ၁၀ | ကယားပြည်နယ် | ၇ သိန်းမှ ၈ သိန်း | - | ၈ သိန်းမှ ၁၀ သိန်း | ၅၆၀၀ | |
| ၁၁ | ကရင်ပြည်နယ် | ၆ သိန်းမှ ၃၀ သိန်း | - | ၆ သိန်းမှ ၃၀ သိန်း | ၈၅၀၀ | |
| ၁၂ | မွန်ပြည်နယ် | ၈ သိန်းမှ ၁၀ သိန်း | - | ၁၀ သိန်းမှ ၂၀ သိန်း | ၆၃၀၀ | |
| ၁၃ | ရခိုင်ပြည်နယ် | ၆ သိန်းမှ ၈ သိန်း | - | ၁၀ သိန်းမှ ၁၆ သိန်း | ၁၀၀ | |
| ၁၄ | ရှမ်းပြည်နယ်(တောင်) | ၇ သိန်းမှ ၈ သိန်း | - | ၁၀ သိန်းမှ ၁၂ သိန်း | ၂၅၀ | |
| ၁၅ | ရှမ်းပြည်နယ်(မြောက်) | ၈ သိန်းမှ ၁၀ သိန်း | - | ၁၂ သိန်းမှ ၁၅ သိန်း | ၃၀၀ | |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့) | ၈ သိန်းမှ ၁၂ သိန်း | - | ၁၂ သိန်းမှ ၁၅ သိန်း | ၃၀၀ | |
| ၁၇ | ချင်းပြည်နယ် | ၅ သိန်းမှ ၆ သိန်း | - | ၇ သိန်းမှ ၉ သိန်း | ၄၀ | |
| | စုစုပေါင်း | | - | | ၁၃၆၀၀၀ | |

ဆက်လက်ဖော်ပြပါဦးမည်. . . ။

# လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် (SOP) သတင်းလွှာ (၂/၂၀၁၈) ထုတ်ပြန်

(ယခင်တစ်ပတ်မှအဆက်)

| | |
|---|---|
| | - ကျန် ၃၀% ကို ပထမတစ်နှစ်အတွင်း ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့် သွင်းရန်နှင့် ဖြည့်သွင်းပြီးကြောင်း အထောက် အထားကို လုပ်ငန်းလည်ပတ်မှု ပထမနှစ်၏ နောက်ဆုံးလအတွင်း နောက်ဆုံးထား၍ တင်ပြရန်၊ |
| ဒုတိယနှစ် | ရောင်းချမည့်ကုန်ပစ္စည်းအပေါ် စုစုပေါင်းကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်းဆုံး ၈၀ % အား ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့်သွင်း ထားရမည်ဖြစ်ပြီး ယင်းလွှဲပြောင်း/ ဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှုဒုတိယနှစ်၏ နောက်ဆုံးလ အတွင်း နောက်ဆုံးထား၍ တင်ပြရန်၊ |
| တတိယနှစ် | ရောင်းချမည့်ကုန်ပစ္စည်းအပေါ် စုစုပေါင်းကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ ၁၀၀ % ပြည့်မီရန် ကျန်ပမာဏအား ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်း လွှဲပြောင်း/ ဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှု တတိယနှစ်၏ နောက်ဆုံးလအတွင်း နောက်ဆုံးထား၍ တင်ပြရန်၊ |

ကုမ္ပဏီအုပ်စု ဂ သည် ရောင်းချမည့်ကုန်ပစ္စည်းအတွက် အနည်းဆုံးရင်းနှီးမြှုပ်နှံ ရမည့် ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လက်လီ/လက်ကားရောင်းချမှုစတင်သည့်နေ့မှ မှတ်ပုံတင်လျှောက်လွှာတင်မည့် ရက် (၃၀)မတိုင်မီနေ့ အထိရှိသောရောင်းချသည့်ကုန်ပစ္စည်းအပေါ် ရင်းနှီးမြှုပ် နှံထားသည့် ပမာဏကို အထောက်အထားနှင့်တကွ မှတ်ပုံတင်လျှောက်ထား ချိန်တွင် ဖော်ပြရန်။

(၂) အကယ်၍ သတ်မှတ်ရင်းနှီးမြှုပ်နှံမှုပမာဏကို ပြည့်မီမှုမရှိသော ကုမ္ပဏီများ သည် လက်လီလက်ကားရောင်းချခွင့်မှတ်ပုံတင်သည့်နေ့မှစ၍ ၅ နှစ်အတွင်း အမိန့်ကြော်ငြာစာ အမှတ် ၂၅/၂၀၁၈ အရ နိုင်ငံခြားသားအပြည့်အဝကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီတို့အပေါ် သတ်မှတ်ထားသော ကနဦးရင်းနှီး မြှုပ်နှံမှုပမာဏကိုပြည့်မီစွာ လွှဲပြောင်း/ ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်း ပမာဏကို ပထမမှတ်ပုံတင်သက်တမ်း (၅)နှစ်အတွင်း သတ်မှတ်ရင်းနှီးမြှုပ်နှံမှုပြည့်မီစေရန် ထပ်တိုးထည့်ဝင်မည့် အစီ အစဉ်ကို ဖော်ပြရန်၊

(၃) လက်လီ/လက်ကားရောင်းချခွင့် ပထမသက်တမ်းကုန်ဆုံး၍ သက်တမ်းတိုး ချိန်တွင် သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏကို ပထမ ၅ နှစ် သက်တမ်းအတွင်း ပြည့်မီစွာ လွှဲပြောင်း/ဖြည့်သွင်းဆောင်ရွက်ထားပြီးကြောင်း အထောက်အထားများကို တင်ပြရန်။

(ဃ) ကုမ္ပဏီအုပ်စု **ဃ** သည် လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ရန်သာဖြစ်ပြီး ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ ကန့်သတ်မှုမရှိ ဆောင်ရွက်နိုင်သည်။

၁၃။ ကုမ္ပဏီအုပ်စု **က၊ ခနှင့် ဂ သည်** ပထမနှစ်အတွင်း သတ်မှတ်ထားသော ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏကို ရာနှုန်းပြည့်လွှဲပြောင်း/ ဖြည့်သွင်းရင်းနှီးထားပြီးပါ က ထပ်တိုးရင်းနှီး မြှုပ်နှံမည့်ပမာဏအတွက် ငွေလွှဲပြောင်း/ ဖြည့်သွင်းမှု အထောက်အထားကို တင်ပြရန် မလိုအပ်ပါ။ ပြည်ပမှ ငွေလွှဲပြောင်း/ဖြည့်သွင်းမှုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထားသော မြန်မာနိုင်ငံ အတွင်းရှိ မည်သည့်အစိုးရ၊ ပုဂ္ဂလိက(နိုင်ငံသား/နိုင်ငံခြားသား) ဘဏ်တွင်မဆို ဆောင်ရွက် နိုင်သည်။

### အခန်း(၄)
### ကြမ်းခင်းမြေအကျယ်အဝန်း

၁၄။ ကုမ္ပဏီအုပ်စု **ဃ** အမျိုးအစားသည် လက်လီ/လက်ကားဆိုင်တစ်ဆိုင်ချင်း၏ ကြမ်းခင်း အကျယ်အဝန်းကို ကန့်သတ်ချက်မရှိ ဆောင်ရွက်နိုင်သည်။

ဆက်လက်ဖော်ပြပါမည်။

# ဒေါ်လာ ဘီလီယံ ၅၀၀ ကျော်တန်ဖိုးရှိ တရုတ်သွင်းကုန်ပစ္စည်းများကို လိုအပ်ပါက စည်းကြပ်ခွန်များချမှတ်မည်ဟု ထရမ့်ခြိမ်းခြောက်

အမေရိကန်သို့ တင်သွင်းသော တရုတ်ကုန်ပစ္စည်းများ အားလုံးကို လိုအပ်ပါက စည်းကြပ်ခွန်များချမှတ်သွားရန်ဆန္ဒရှိကြောင်း ဇူလိုင်လ ၂၀ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သော အင်တာဗျူးတစ်ခု၌ ထရမ့်မှ ထပ်မံပြောကြားခဲ့ရာ တရုတ်သွင်းကုန်များ၏ တန်ဖိုး ဒေါ်လာ ၅၀၅ ဒသမ ၆ ဘီလီယံကို ရည်ညွှန်းလျက် ထရမ့်မှ "မိမိသည် နိုင်ငံရေးအတွက် လုပ်နေတာမဟုတ်ကြောင်း၊ မိမိနိုင်ငံအတွက် လုပ်နေခြင်းသာဖြစ်ပါကြောင်း၊ မိမိတို့သည် တရုတ်နိုင်ငံ၏ နည်းပရိယာယ်ကြွယ်ဝမှုကို နှစ်ပေါင်းများစွာ ခံစားခဲ့ပြီးပြီဖြစ်ပါကြောင်း"၊ တရုတ်နိုင်ငံနှင့် သီတင်းပတ်များစွာ ညှိနှိုင်း ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သည့်နောက် အမေရိကန်သည် ဒေါ်လာ ၃၄ ဘီလီယံခန့် တန်ဖိုးရှိသော တရုတ်စက်ပစ္စည်းနှင့် နည်းပညာပိုင်းဆိုင်ရာ ထုတ်ကုန်များအား ယခုလ အစောပိုင်းကာလတွင် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ချမှတ်မှုအပေါ် တရုတ်ကလည်း အလားတူ ပမာဏအတိုင်း လက်တုံ့ပြန်မည်ဟု ချက်ချင်းထုတ်ပြန်ခဲ့ပါကြောင်း၊

အမေရိကန် သည် ဒေါ်လာ ၁၆ ဘီလီယံ တန်ဖိုးရှိ နောက်ထပ်တင်သွင်းမည့် သွင်းကုန်များအတွက် စည်းကြပ်ခွန်များ ချမှတ်သွားရန် ပြန်လည်သုံးသပ်မှုများ ပြုလုပ်နေပြီး မကြာမီ စည်းကြပ်ခွန်များကို ပြဋ္ဌာန်းမည့်စာရင်းသို့ ထည့်သွင်းသွားဖွယ်ရှိပါကြောင်း၊ အမေရိကန်သည် နောက်ထပ် ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိသော တရုတ်ကုန်ပစ္စည်းများအား အဓိကထား၍ စက်တင်ဘာလတွင် စည်းကြပ် ကောက်ခံသွားရန် စီစဉ်နေပါကြောင်း၊

တရုတ်က အမေရိကန်သည် စီးပွားရေးသမိုင်းတွင် အကြီးမားဆုံး ကုန်သွယ်ရေးစစ်ပွဲကို စတင်နေသည်ဟုစွပ်စွဲခဲ့ပါကြောင်း၊ အမေရိကန်သည် ကုန်သွယ်ရေး မူဝါဒအပါအဝင် ကိစ္စအများအပြားတွင် အခွင့်အရေးယူခံနေရကြောင်း၊ ကမ္ဘာ့ထိပ်တန်း စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအကြား အပြန်အလှန် လက်တုံ့ပြန်စည်းကြပ်ခွန်ကောက်ခံမှုများဖြင့် ဇူလိုင်လ ၆ ရက်တွင် ကုန်သွယ်ရေးစစ်ပွဲကို စတင်ခဲ့ပါကြောင်း၊ ယင်းကုန်သွယ်ရေး စစ်ပွဲသည် အမေရိကန်နှင့် တရုတ်အကြားတွင် အကြီးမားဆုံး ကုန်သွယ်ရေး စစ်ပွဲဖြစ်ပါကြောင်း၊ တရုတ်နှင့် အမေရိကန်တို့အကြား ကုန်သွယ်မှုပြုရာတွင် အမေရိကန်က ကုန်သွယ်ရေး လိုငွေပြမှုသည် ယမန်နှစ်က ဒေါ်လာ ၃၇၅ ဒသမ ၂ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း၊ တရုတ်က အမေရိကန်ကို စီးပွားရေးနှင့် ဆိုင်သော လက်သီးပုန်းထိုးမှုဖြစ်သည်ဟု ထရမ့်က ရှုံ့ချထားပါသည်။

အမေရိကန်နှင့် တရုတ်တို့ အပြန်အလှန် စွပ်စွဲမှုများဖြင့် ကုန်သွယ်ရေး စစ်ပွဲသည် အမေရိကန်ကို သက်ရောက်မှုရှိလာနိုင်ကြောင်း သတိပေးမှုများရှိသော်လည်း အမေရိကန်စီးပွားရေးသည် ထိုစစ်ပွဲတွင် ပြိုင်ဘက်များကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ထရမ့်က ယုံကြည်ထားပြီး ပြည်တွင်းဝယ်လိုအားကို အဓိကထား၍ ပို့ကုန်မှီခိုမှုကို လျှော့ချနေသော တရုတ်ကလည်း ကုန်သွယ်ရေး စစ်ပွဲကို ကျော်လွှားနိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

**လွင်မျိုးဇော်**

## ကိုရီးယား မျှတသောကုန်သွယ်ရေးကော်မရှင် (KFTC) က သင်္ဘောများတွင်အသုံးပြုသည့် ကေဘယ်ကြိုး (Offshore Cable) ထုတ်လုပ်သည့် ကုမ္ပဏီများ၏ လေလံညှိနှိုင်းဆွဲခြင်းအပေါ် ငွေဒဏ်အဖြစ် ကိုရီးယားဝမ် ၂၂ ဒသမ ၇ ဘီလီယံချမှတ်

၂၀၀၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆမ်ဆောင်းအကြီးစား စက်မှုလုပ်ငန်းအပါအဝင် သင်္ဘောတည် ဆောက်ရေး ကုမ္ပဏီရှစ်ခုက သင်္ဘောများတွင် အသုံးပြုသည့်ကေဘယ်ကြိုး (Offshore Cable) ဝယ်ယူရေးအတွက် ပြုလုပ်ခဲ့ကြသည့် လေလံပွဲများတွင် Offshore Cable ထုတ်လုပ်သည့် ကုမ္ပဏီငါးခု (Kukdong Electronic Wire၊ LS Cable & System၊ JS Cable၊ Songhyun Holdings နှင့် TMC ) သည် လေလံအောင်မြင်ရမည့် ဈေးနှုန်းနှင့် လေလံ တင်သွင်းရမည့် ဈေးနှုန်းများကို ကြိုတင်ပူးပေါင်း ညှိနှိုင်း၍ လေလံဆွဲရန် သဘောတူညီခဲ့ကြကြောင်း ကိုရီးယားမျှတသော ကုန်သွယ်ရေးကော်မရှင် (KFTC) က စုံစမ်းစစ်ဆေးတွေ့ရှိခဲ့ပါသည်။

စီးပွားရေး လုပ်ငန်းများအကြား ပြိုင်ဆိုင်မှုကိုလျှော့နည်းစေသည့် လေလံပူးပေါင်းညှိနှိုင်းဆွဲရန် ၎င်းတို့၏ ဆောင်ရွက်ချက်များမှာ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ ရှစ်ခုက လေလံခေါ်သည့် အချိန်များတွင် Offshore Cable ထုတ်လုပ်သည့် ကုမ္ပဏီငါးခုမှ သက်ဆိုင် ရာ အရောင်းမြှင့်တင်ရေး ဝန်ထမ်းများသည် ၎င်းတို့၏ ကုမ္ပဏီများ အလှည့်ကျ လေလံ အောင်မြင်စေရေးအတွက် ဖုန်းနှင့် အီးမေးလ်တို့ဖြင့် အပြန်အလှန်ဆက်သွယ်ညှိနှိုင်း၍ သဘောတူညီမှုများ ပြုလုပ်ခဲ့ကြပါသည်။

သဘောတူညီချက်အရ လေလံအောင်မြင်မည့် ကုမ္ပဏီသည် လေလံအောင်မြင်ရမည့် ဈေးနှုန်းနှင့် အခြားကုမ္ပဏီများကအဆိုပြု တင်သွင်းရမည့် ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အထိ လေလံတင်သွင်းရမည့် ဈေးနှုန်းများကိုပါ ဆုံးဖြတ်ညှိနှိုင်း သတ်မှတ်ကြပါသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ သင်္ဘော တည်ဆောက်ရေး ကုမ္ပဏီများသည် ဝယ်ဈေးကိုအတတ်နိုင်ဆုံးမများစေရန်အလို့ငှာ လေလံတင်သွင်းသူများအား နှစ်ကြိမ်မှသုံးကြိမ် အထိ ဈေးနှုန်းတင်သွင်းခိုင်းသည့် အလေ့အထရှိသည်ကိုသိရှိထား၍ လေလံညှိနှိုင်းဆွဲသည့် ကုမ္ပဏီများက ကြိုတင်ပူးပေါင်းညှိနှိုင်းဈေးနှုန်းသတ်မှတ် ထားကြခြင်း ဖြစ်ပါသည်။ ၎င်းတို့အကြား သဘောတူညီချက်အရ ဘေးမှအယောင်ပြ၍ လေလံဆွဲသည့် ကုမ္ပဏီများသည် လေလံအောင်မြင်စေမည့် ကုမ္ပဏီထက် လေလံတင်သွင်းသည့် ဈေးနှုန်းကို ပိုမိုမြင့်တင်၍ တင်သွင်းကြရန် ဖြစ်ပါသည်။

ကိုရီးယား မျှတသော ကုန်သွယ်ရေး ကော်မရှင် (KFTC) သည် အဆိုပါ စီးပွားရေးလုပ်ငန်းများအကြား ယှဉ်ပြိုင်ဆောင်ရွက်မှုကို ဆန့်ကျင်သည့် ယှဉ်ပြိုင်မှုကို အားမပေးသော လေလံညှိနှိုင်းလိမ်လည်ဆွဲသည့် ဆောင်ရွက်ချက်များကို စုံစမ်းစစ်ဆေး ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ၎င်းကုမ္ပဏီငါးခုအား စုစုပေါင်း ငွေဒဏ် ကိုရီးယားဝမ် ၂၂ဒသမ ၇၈ ဘီလီယံချမှတ်ခြင်း၊ အဆိုပါ လုပ်ငန်းဆောင်ရွက်ချက်များအား ထပ်မံမပြုလုပ်ကြရန် အမိန့်စာထုတ်ပြန်၍ တားမြစ်ခြင်းအပြင်၊ LS Cable နှင့် TMC ကုမ္ပဏီ နှစ်ခုအား တရားစွဲထားကြောင်း ကော်မရှင်ဝက်ဆိုဒ်တွင် ၂၀၁၈ ခုနှစ် ဇွန်လ ၁၅ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် သတင်းအရ သိရှိရပါသည်။

**မြတ်သန္တာနွယ်**

စာမျက်နှာ (၂၅) ကျွဲ၊ နွား၊ သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှုကဏ္ဍ ...... မှအဆက်

၂၀၁၉ ခုနှစ်(၁)လပိုင်းလောက်မှာ အကောင်အထည်ဖော်မယ်လို့သိရပါတယ်။ နွားတင်ပို့မှုကို G to G နဲ့ သွားဖို့ အကြံပြုလိုပါတယ်။ ချေးငွေချေးရင် နှစ်ရှည်ချေးငွေ(၃နှစ်မှ၅နှစ်)အထိချေးရင် တောင်သူတွေ အဆင်ပြေပါတယ်။ တောင်သူတွေခိုင်းဖို့ နွားတစ်ရှဉ်း(နှစ်ကောင်)နှင့်အတူ နွားမ(၂)ကောင်ကို မွေးထားမယ်ဆိုရင် စိုက်ပျိုးရေးကထွက်တဲ့ ဘေးထွက်ပစ္စည်း (ကောက်ရိုး၊ ပဲရိုး၊ ပဲမှော်)တွေကို နွားပြန်ကျွေး၊ နွားချေးကို စိုက်ပျိုးရေးမှာ သဘာဝမြေဩဇာအဖြစ်သုံး၊ သုံးနှစ်သုံးမိုးခိုင်းပြီး နွားအိုတွေကို ပြန်ရောင်း၊ ခြံပေါက်နွားရှဉ်းနှင့် အစားထိုးမယ်ဆိုရင် မအောင်မြင်စရာဘာမှမရှိပါဘူး" ဆိုတာကို မေးမြန်းသမျှဖြေကြားရင်း ကိုအောင်နိုင်ဦးရဲ့ နွားမွေးခြံမှာ အနည်းဆုံးနှင့်အများဆုံး တစ်ကောင်ကို ဘယ်လောက်တန်ဖိုးရှိသလဲလို့ မေးမြန်းကြည့်ရာမှာ အနိမ့်ဆုံးတစ်ကောင် အမ ကျပ် ၅ သိန်း၊ ကျပ် ၆သိန်းမှ ကျပ် ၉ သိန်း၊ ကျပ် ၁၀ သိန်း၊ အထီးဆိုရင် ကျပ် ၁၅ သိန်းမှ ကျပ်သိန်း(၃၀)၊ ကျပ်သိန်း ၅၀၊ ကျပ်သိန်း ၇၀ ထိရှိကြောင်း၊ ဒီလအတွင်းမှာပဲ ချောက်မြို့နယ် ငွေးချိုအနီးက နွားပွဲဈေးမှာ နွားတစ်ကောင်ကို ကျပ်သိန်း ၉၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သတင်းရရှိတယ်လို့ ဖြေကြားခဲ့ပါတယ်။

နွားခြံကို လှည့်ပတ်ကြည့်ရှုရင်း သူ့အလုပ်သမားတွေကို မေးမြန်းကြည့်ရာမှာ အလုပ်သမားဦးရေ အခြေခံလစာ ကျပ် ၁ သိန်းခွဲမှ ကျပ် ၂ သိန်းခွဲ၊ ကျပ် ၃ သိန်းအထိပေးထားကြောင်း လုပ်သားဦးရေ နေ့စဉ် ၃၈ ဦးမှ ၄၀ဦးခန့်အထိ အလုပ်ပေးနိုင်ကြောင်း၊ စိုက်ခင်းထဲတွင် နွားချေးများကို ထည့်သွင်းပြီး အာလူး၊ ကြက်သွန်၊ မြေပဲ၊ နှမ်းတို့ကို စိုက်ပျိုးကြောင်း၊ စိုက်ပျိုးချိန်ဆိုလျှင် လုပ်သားဦးရေ ၂၀၀ ဦးမှ ၃၀၀ ဦးအထိ သုံးကြောင်း၊ နွားစာရိတ်ချိန်တွင် လုပ်သားဦးရေ ၇၀ ဦးသုံးကြောင်း ဖြေကြားပါတယ်။ ဦးအောင်နိုင်ဦးရဲ့ အောင်ခေတ်စံ စိုက်ပျိုးမွေးမြူရေးခြံမှ ပြန်သာလာခဲ့ရတယ် အတွေးစများ ရင်ဝယ်ငြိတွယ်လျက်ပါ။ စီးပွားရေးသဘောတရားကို နားလည် ဒေသလိုအပ်ချက် အလုပ်အကိုင်ရှာဖွေပေးနိုင်တဲ့အနေအထား သူကိုယ်တိုင်ပင် ကျပ်သိန်း ၃၀ တန် နွားရောင်းလျှင် ကျပ်သိန်း ၂၀ တန် နွားပြန်လည် ဝယ်ယူမွေးမြူမှုစတာတွေကြောင့် တိုင်းပြည်မှာ ကိုအောင်နိုင်ဦးလို စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ များများပေါ် ထွက်လာဖို့ တစ်နိုင်တစ်ပိုင်နွားအုပ်မွေးမြူသူတွေ စနစ်တကျမွေးမြူကြဖို့ ပတ်ဝန်းကျင်ကတောင်သူတွေကို ခိုင်းနွားလာဝယ်ရင် ဈေးအနစ်နာခံရောင်းကြဖို့၊ မွေးဘက်ပေးထားသော နွားကို အမြတ်အစွန်းခွဲဝေယူရာမှ ကျပ် ၂ သိန်းခွဲတန် နွားကို ကျပ် ၃ သိန်းသတ်မှတ်ပြီး တောင်သူကို အကျိုးပြုပုံတွေကို ပြန်လည် စဉ်းစားရင်း ကုန်သွယ်မှုသတင်းအချက်အလက်များ မှန်ကန်စွာသိရှိကြပြီး Export ပြည်ပတင်ပို့ခြင်းသည် တိုင်းပြည် တစ်ပြည်အတွက် အရေးကြီးကြောင်း သိရှိနားလည်ကြပြီး တင်ပို့သူကုမ္ပဏီဖြစ်စေ၊ တာဝန်ရှိသော ဌာနဆိုင်ရာများကဖြစ်စေ စနစ်တကျ လုပ်ဆောင်သွားကြမယ်ဆိုရင် ဘာကြောင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် ကို ပြည်ပတင်ပို့ဖို့ လက်တွန့်စဉ်းစားနေကြဦးမလား စာရှုသူ. . . .။

မွေးမြူသူ၊ တာဝန်ရှိသူ အဆင့်ဆင့် ပူးပေါင်းဆောင်ရွက်ကြပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ် ပြည်ပတင်ပို့မှု ဆက်လက်ဆောင်ရွက်ကြပါစို့. . . .။

## တောင်ငူကွန်ပျူတာတက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော

တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ဩဂုတ် ၁၅ ရက်တွင် တောင်ငူကွန်ပျူတာ တက္ကသိုလ်၌ ဆရာ/ဆရာမများနှင့်ကျောင်းသားကျောင်းသူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ် ပါလာပါက CICC ရုံးများတွင် တိုင်ကြားနိုင်ခြင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက CICC ရုံးများတွင် တိုင်ကြားခြင်းဖြင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများတွင် ကူညီပေးပါရန် တိုက်တွန်းပြောကြားပါသည်။

အလားတူ ခရိုင်ဦးစီးမှူး ဦးမျိုးအောင်နှင့် ခရိုင်ဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးစီးမှူး ဦးခင်မောင်အေးတို့သည် ဩဂုတ် ၁၀ ရက်တွင် တောင်ငူမြို့ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ဩဂုတ် ၁၄ ရက် နေ့လယ်ပိုင်းတွင် တောင်ငူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရပါသည်။

**စောသန်းထိုက်ကျော်**

# BAWGAWADI COMPANY LIMITED

## ဘောဂဝတီကုမ္ပဏီလီမိတက်



**AUTOMOBILE TIMMING BELTS**








**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.

**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com

**Website:** www.bawgawadi.com.mm

ဗုဒ္ဓံ ဓမ္မံ သံဃံ

# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်

## BHOME YAUNG CHI TRADING CO.,LTD





ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

Ph: 09-5232379, 09-73222618, 09-403709680, 092028135, 15388824935

TERMINAL

# Terminal Petrol Filling Station

1.Terminal 201 (လေတပ်အနီး၊ ပြည်လမ်း၊ မင်္ဂလာဒုံ) ၀၂၄၀၊ ရန်ကုန်-ပြည်လမ်း၊ BOC မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်။ Ph : 09-977838201, 09-977838621

2.Terminal 202 (အကွက်အမှတ် (၁၇၁၊က)၊ မြေတိုင်းရပ်ကွက် (၁)၊ အမှတ်(၃) လမ်းမကြီး၊ အိုးအိမ်မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်) Ph : 09-977838202, 09-977838622

3.Terminal 203 (မြေတိုင်းရပ်ကွက်အမှတ် (သကတ-(ခ) တိုးချဲ့)၊ မြေကွက်အမှတ် (၁၈၁၊A)၊ လှိုင်သာယာမြို့နယ်) Ph : 09-977838203, 09-977838623

4.Terminal 204 (ဂျိုးဖြူကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၄၀၊ C)၊ သမ္မာရကုံကွင်း၊ ဦးပိုင်အမှတ် (၄၄ ခ+၄၅ ခ)၊ ရင်းတိုက်ကွင်းကျေးရွာ၊ တိုက်ကြီးမြို့နယ်) Ph : 09-977838204, 09-977838624

5.Terminal 205 (မင်းဓမ္မလမ်းနှင့် ကျိုက်ပိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်) Ph : 09-977838205, 09-977838625

6.Terminal 206 (အမှတ် (၃၈) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ခရေလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်) Ph : 09-977838206, 09-977838626

7.Terminal 208 (ဆင်ကျုံးကွင်းအမှတ် (၈) ဦးပိုင်အမှတ် (ခ၊၃၇၊ ဂ၊၃၇၊ စ၊၃၇၊ ဆ၊၃၇) ဘုရားလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်) Ph : 09-977838208, 09-977838628

8.Terminal 501 (ရန်ကုန်-မွန္တလေးလမ်းဟောင်း၊ ရေလျှံကြီးကျေးရွာအုပ်စု၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း) Ph : 09977838501

9.Terminal 101 (ရာဇဌာနီလမ်း နှင့် ဥတ္တရသီရိလမ်းထိပ်၊ နေပြည်တော်) Ph : 09-977838101, 09-977838620

" Terminal ဆိုင်များတွင်
လူကြီးမင်းတို့ လိုအပ်သော စက်သုံးဆီများကို
ဂါလန်(၅၀) အထက်မှာယူပါက
ရန်ကုန်မြို့တွင်းပို့ဆောင်ခ မယူဘဲလိုက်လံပို့ဆောင်ပေးနေပါပြီ "



" TRUST THE QUALITY, TRUST TERMINAL "

Hot Line : 09 977 838 023

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



**Foreign Banking Services**

- နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ဖြင့် စာရင်းရှင်စာရင်း ဖွင့်လှစ်ခြင်း။
- Import L/C ဖွင့်လှစ်ခြင်း။
- Export L/C အကြောင်းကြားပေးခြင်း။
- T.T စနစ်ဖြင့် ငွေလွှဲပေးပို့ခြင်း။
- ဘဏ်အာမခံထုတ်ပေးခြင်း။
- နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ကို ဝယ်ယူ/ရောင်းချလဲလှယ်ခြင်းလုပ်ငန်းများ။

**Western Union Company** နှင့်ချိတ်ဆက်၍ ငွေလွှဲဆောင်ရွက်ပေးခြင်း

- ပြည်ပနိုင်ငံများ မှ ငွေလွှဲပို့ခြင်း။
- ပြည်ပနိုင်ငံများ သို့ ငွေလွှဲပို့ခြင်း။

**Trade Financing Facility**

- Trade Financing Facility ကို သတ်မှတ်အတိုးနှုန်းအသီးသီးဖြင့်
  - (က) ပို့ကုန်တင်ပို့ပြီးနောက် ချေးငွေထုတ်ချေးခြင်း (Postshipment Financing)
  - (ခ) ပစ္စည်းဝယ်ယူပြီးနောက် ငွေပေးချေခြင်း
  - (ဂ) ကုန်ပစ္စည်းများတင်သွင်းရန် ကြိုတင်ငွေပေးခြင်း စသည့်လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးခြင်း။

**Export Earnings** ဝယ်ယူရောင်းချပေးခြင်း

Secure, Secret, Swift and Correct, Myawaddy Bank

**International Remittance**

- ပြည်ပဘဏ်များမှ မြန်မာနိုင်ငံ မြဝတီဘဏ်သို့ငွေလွှဲပေးပို့ခြင်း (Inward Remittance) နှင့် မြန်မာနိုင်ငံ မြဝတီဘဏ်မှ ပြည်ပဘဏ်များမှတဆင့် ငွေလွှဲပေးပို့ခြင်း (Outward Remittance) လုပ်ငန်းများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ S.W.I.F.T ဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးပါသည်။

www.mwdbank.com

MPU

COMMERCE
INTERNATIONAL



# အကောက်ခွန်များ ပိုမိုကောက်ခံခြင်းဖြင့် တရုတ်နှင့် ကုန်သွယ်မှုစစ်ပွဲကို တစ်ဖက်သတ်ဆင်နွှဲရန် ထရမ့်စီစဉ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုစစ်ပွဲကို လျင်မြန်စွာ အရှိန်မြှင့်ဆင်နွှဲရန် အသင့်ဖြစ်နေကြောင်းနှင့် အကောက်ခွန်နှင့်ပတ်သက်၍ အများပြည်သူ၏သဘောထား တောင်းခံထားသည့် ကာလတွင် လာမည့်ရက်သတ္တပတ် ကုန်ဆုံးသည်နှင့် အမေရိကန်ဒေါ်လာဘီလီယံ ၂၀၀ ဖိုးရှိတရုတ်သွင်းကုန်များအပေါ်တွင် အခွန်ကောက်ခံရန် အသင့်ဖြစ်နေပြီဟု သူ၏လက်ထောက်များကို ပြောကြားထားပြီးဖြစ်ကြောင်း ဩဂုတ် ၃၀ တွင် အမည်မဖော်လိုသူ သတင်းရင်းမြစ်ခြောက်ခုနှင့် ငွေတန်ဖိုးကျံ့နေသော ဈေးကွက်များကို အကိုးအကားပြု၍ ဖော်ပြသော ဘလွမ်းဘတ်၏ သတင်းနှင့်ပတ်သက်၍ အိမ်ဖြူတော်က ဝေဖန်ချက်ပေးရန် ငြင်းဆန်ခဲ့သည်။ စတန်းဒတ်အင်ပူးဝါး အညွှန်းကိန်းမှာကျဆင်းလျက်ရှိပြီး အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်နှင့် အမေရိကန် ငွေတိုက်စာချုပ်များ၏ အတိုးနှုန်းမှာလည်း ကျဆင်းလျက်ရှိသည်။

ရွေးကောက်ပွဲတွင် သူအနိုင်ရခဲ့ခြင်းမှာ ကုန်သွယ်ရေးနှင့်ပတ်သက်၍ တင်းမာသော ၎င်း၏အယူအဆကြောင့်ဖြစ်သည်ဟု ထရမ့်က ယုံကြည်လျက်ရှိပြီး လက်ရှိကုန်သွယ်ရေးက အမေရိကန်အလုပ်သမားများကို နစ်နာစေကာ နိုင်ငံခြားသား ပြိုင်ဘက်များကို မျက်နှာသာပေးလျက်ရှိသည်ဟု သူက ယူဆလျက်ရှိသည်။ အမေရိကန် ကုမ္ပဏီများအတွက် ဈေးကွက် အဆက်အသွယ်နှင့် ဉာဏပစ္စည်းပိုင်ဆိုင်မှု အကာအကွယ်ပေးမှုများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊ စက်မှုလုပ်ငန်းထောက်ပံ့ကြေးများကို လျှော့ချရန်နှင့် ကုန်သွယ်မှုကွာဟချက် အမေရိကန် ဒေါ်လာ ၃၇၅ ဘီလီယံကိုလျှော့ချရန် အမေရိကန်အစိုးရက တရုတ်အစိုးရကို တောင်းဆိုလျက်ရှိသည်။

အသစ်ပြဋ္ဌာန်းရန် အဆိုပြုထား သည့် အကောက်ခွန် ၂၅ ရာခိုင်နှုန်းက အိုးအိမ်ဆောက်လုပ်ရေးအတွက် ပေးသွင်းသောပစ္စည်းများ၊ နည်းပညာထုတ်ကုန်များ၊ စက်ဘီးနှင့် အထည်ချုပ် လုပ်ငန်းများကဲ့သို့သော လူသုံးကုန်ပစ္စည်းများကို ထိခိုက်နိုင်သည်။အဆိုပြုချက်နှင့် ပတ်သက်၍ အများပြည်သူဝေဖန်သုံးသပ်ချက်ပေးရမည့်ကာလမှာ စက်တင်ဘာ ၆ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၎င်းနောက်ဆုံးသတ်မှတ်ရက်နောက်ပိုင်းမှသာ အကောက်ခွန် ကောက်ခံရန် ထရမ့်က စီစဉ်မည်ဖြစ်ကြောင်း ဘလွမ်းဘတ်သတင်းတွင် ဖော်ပြထားသည်။

# ဗီယက်နမ်တွင် လျှပ်စစ်ကားများ ထုတ်လုပ်ရန် မီဆူဘီရှိကုမ္ပဏီစီစဉ်

ဂျပန် မီဆူဘီရှိကော်ပိုရေးရှင်းသည် ဗီယက်နမ်နိုင်ငံ၌ လျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံကို တည်ထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း ကုမ္ပဏီ၏ ဒုတိယအမှုဆောင် ဥက္ကဋ္ဌ ဟီရိုရှီဆာကူးမားကပြောသည်။

ဩဂုတ် ၂၉ ရက်တွင် ဟန်ွိုင်းမြို့၌ ဗီယက် နမ်ဒုတိယဝန်ကြီးချုပ် ဗောင်ဒင်ဟွေးနှင့်တွေ့ဆုံစဉ် သူက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်ကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင်ဖော်ပြသည်။

"သူ၏လုပ်ငန်းသည် စီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်း အလားအလာ သုံးသပ်ချက်ကို အကဲဖြတ်သုံးသပ်ပြီးဖြစ်ကြောင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရာတွင် လိုက်နာရန်လိုအပ်သော သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသစ်များအတွက်လည်း ကြိုတင်စဉ်းစားထားပြီးဖြစ်ကြောင်း တွေ့ဆုံပွဲတွင် ဆာကူးမားကပြောသည်။

သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေး အခွန်ဥပဒေကို ဗီယက်နမ်အမျိုးသားလွှတ်တော်က ဆွေးနွေးပြီး လျင်မြန်စွာ အတည်ပြုပေးတော့မည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိသော ထုတ်ကုန်များအတွက် မက်လုံးများကို ဥပဒေတွင် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း ဟွေးကပြောသည်။

မစ်ဆူဘီရှိကော်ပိုရေးရှင်းသည် လောလောဆယ်တွင် ဗီယက်နမ်နိုင်ငံ၌ ဘီအိုတီ(တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း) စနစ်ဖြင့် စီမံကိန်းနှစ်ခုကို ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့မှာ ဗွန်အန်း -၂ ဘူမိအပူငွေ့သုံး လျှပ်စစ်စက်ရုံ (မီဂါဝပ် ၁၂၀၀) နှင့် ဗင်တန် -၃ (မီဂါဝပ် ၁၉၈၀) လျှပ်စစ်စွမ်းအားစက်ရုံ တို့ဖြစ်သည်။

ကော်ပိုရေးရှင်းနှင့် ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့သည် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းက ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ကြပြီး မြေငှားစာချုပ်ချုပ်ဆိုရေးနှင့် လျှပ်စစ်ဓာတ်အား ဝယ်ယူရေးကိစ္စကိုကနဦး ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စီမံကိန်းကို ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဗီယက်နမ်ဓာတ်အားကွန်ရက်၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးကိစ္စများကို ဗီယက်နမ်အစိုးရက ချေးငွေနှင့် အခွန်မက်လုံးပေးသည့် ကိစ္စများကို မကြာမီ ဖြေရှင်းပေးလိမ့်မည်ဟု မျှော်မှန်းထားသည်။

စံမီအောင် စုစည်းသည်

# သိပ္ပံပညာနှင့် အင်ဂျင်နီယာ အဓိကကျောင်းသားများကို တောင်ကိုရီးယား အလုပ်ရှင်တို့က ပိုမိုသဘောကျ

ယခုနှစ်တွင် သိပ္ပံပညာနှင့် အင်ဂျင်နီယာ အဓိကကျောင်းသားများကို ပိုမိုခန့်ထားရန် တောင်ကိုရီးယားအလုပ်ရှင်ထက်ဝက်ကျော်က စီစဉ်ထားကြောင်း ဩဂုတ် ၃၁ ရက်က ထုတ်ပြန်သော စစ်တမ်းတစ်ရပ်ကို ရည်ညွှန်း၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ယခုနှစ် ဒုတိယနှစ်ဝက်အတွက် အလုပ်သမားသစ်များ ငှားရမ်းရန် စီစဉ်ထားပြီးဖြစ်သော လုပ်ငန်း ၅၇၁ ခုကို အလုပ်အကိုင်ရှာဖွေရေး ပိုတယ်တစ်ခုဖြစ်သော Incruit က စစ်တမ်းကောက်ယူပြီးနောက် ယခုကဲ့သို့ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကောက်ယူရရှိခဲ့သော စစ်တမ်းရလဒ်များအရ အလုပ်ရှင် ၅၃ ဒသမ ၆ ရာခိုင်နှုန်းက သိပ္ပံပညာနှင့် အင်ဂျင်နီယာ အဓိကဖြင့် ဘွဲ့ရရှိထားသော ကျောင်းသားများကိုပိုမိုသဘောကျသဖြင့် ယခင်နှစ် ကာလတူကရှိခဲ့သော ၄၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုတိုးတက်လာသည်ကို တွေ့ရသည်။

ဒုတိယရွေးချယ်သော ဘာသာရပ်များမှာ Liberal Art ဟုခေါ်သော ဘာသာရပ်များဖြစ်ပြီး ဦးစားပေးရွေးချယ်သော အလုပ်ရှင်အချိုးအစားက ၂၀ ဒသမ ၂ ရာခိုင်နှုန်းသာရှိသည်။ အခြားဘာသာရပ်များအား အလုပ်ရှင်တို့၏ရွေးချယ်မှုမှာ စီးပွားရေးအဓိကကို ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ ဆေးဝါးအဓိက ဘာသာရပ်ကို ၄ ဒသမ ၅ ရာခိုင်နှုန်း၊ သဘာဝသိပ္ပံကို ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ပညာရေးကို ၁ ဒသမ ၅ ရာခိုင်နှုန်းတို့က ဦးစားပေးရွေးချယ်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်၊ အီလက်ထရောနစ်နှင့် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍများကိုအကျိုးအမြတ်ရှာဖွေပေးသော လုပ်ငန်းများအဖြစ် အလုပ်အကိုင်ရှာဖွေရေး ပိုတယ် Incruit ကိုအလေးထား၍ဖော်ပြရခြင်းမှာ ၎င်းသက်ဆိုင်ရာ နယ်ပယ်များကို လေ့လာဆည်းပူးထားသူတို့အား ကုမ္ပဏီများက ပိုမိုငှားရမ်းလာကြသောကြောင့်ဖြစ်သည်။ဘဏ္ဍာရေးနှင့် အာမခံကဲ့သို့သော Liberal Arts ဟုခေါ်သော ဘာသာရပ်များဖြင့် ဘွဲ့ရထားသူများကို အစဉ်အလာအရခန့်ထားသောလုပ်ငန်းများကိုပင်လျှင် ယခုအခါ သိပ္ပံပညာနှင့် အင်ဂျင်နီယာအဓိကကျောင်းသားများကို ခန့်ထားလျက်ရှိသည်။ ၎င်းသို့ဖြစ်ရသည်မှာ ကုမ္ပဏီများက ဒစ်ဂျစ်တယ်စီးပွားရေးဘက်သို့ လှည့်လာသည့်အတွက် ဆိုင်ဘာလုံခြုံရေးနှင့် Artificial Intelligence ဟုခေါ်သောနည်းပညာများကို တတ်ကျွမ်းသူများအား လိုအပ်လာသောကြောင့်ဖြစ်သည်။

"ဘဏ္ဍာရေးနဲ့ အာမခံလုပ်ငန်းတွေက သိပ္ပံပညာနဲ့ အင်ဂျင်နီယာအဓိကကို သင်ယူလာကြတဲ့သူတွေ လက်စွမ်းပြရမဲ့နယ်ပယ်တွေ ဖြစ်လာပါတယ်။ ဒါပေမဲ့ ဒီလိုငှားရမ်းရတာဟာ သေသေချာချာ စိစစ်ငှားရမ်းနိုင်တာမဟုတ်တဲ့အတွက် လုပ်ကိုင်ရမယ့်သူတွေက သူတို့ရဲ့ အဓိကဘာသာရပ်တွေနဲ့ပတ်သက်ပြီး အသိပညာဗဟုသုတရှိရှိနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ထူထောင်နိုင်ဖို့ အရေးကြီးပါတယ်"ဟု Incruit ၏ စီအီးအို ဆီယိုမီယန်းက ပြောသည်။

Recycle for clean and green future
သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။